www.burmeseclassic.com

တာတေ

စီစဉ်သည့်

# တတိယမျက်လုံး

တာတေ၊မင်းဘုန်းသိခ်သူ၊ကဝေနီ၊နတ်စက်ရိုး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဖေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ် - ဦးမျိုးကြီး၊ မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း
ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၆ - ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၃၅၊ ဖေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၁၇၁၃၈၃၊ ၀၉၄၂၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com



ကဂေ

စီစဉ်သည့်

# တာတီယမျက်လုံး

တာတေ၊မင်းဘုန်းသိမ်သျှ၊မင်းဒေဝ၊နတ်စင်ရှိန်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မာတိကာ

တတိယမျက်လုံး

တာတေ ........................................................ ၅

မသေသေးရာတွေသို့ ရှမ်းဗဲလားခရီးသည်

မင်းဘုန်းသိမ်သူ ........................................................ ၃၈

မင်းဒေဝမော်မှတ်တမ်းများ(၁)၊ ကာဝေကျွန်းနှင့်စစ်ပြိုင်ခြင်း


ကာဝေနီ ........................................................ ၁၀၆

အစိမ်းသေ သွေးစုပ်ဖုတ်ကောင်

နတ်စက်ရှိန် ........................................................ ၁၃၄

www.burmeseclassic.com

www.burmeseclassic.com



## [illegible]

ကျုပ်က ဆရာတော့်ဆီမှာ မျက်စဉ်းသွားယူပြီး ပြန်လာတာ။ ဆရာတော့်မျက်စဉ်းက လွှတ်ကောင်းတာဗျ။ ကျုပ်တို့ရွာက လူကြီးတွေ မျက်စိဝါးတာ၊ ဝေတာ၊ ကြည့်လို့မကောင်းတာများ ဆရာတော့်မျက်စဉ်းကို ပုလင်းလေးတွေနဲ့ သွားယူပြီး ခတ်ကြတာပဲဗျ။ မျက်စဉ်းက ကျောက်ချဉ်ရယ်၊ ဒုဗ္ဗာရယ်၊ သံပုရာရည်ရယ်၊ မိုးရေရယ် ဖော်တာဗျ။ အလေးချိန်တော့ ကျုပ်မသိဘူး။ ခတ်တာတော့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ခတ်ရတာဗျ။ ကျုပ်က အဘကို မျက်စဉ်းခတ်ပေးနေတာ။

"အင်း နည်းနည်းတော့ စပ်သကွ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com



အဘက မျက်စိကို ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ပြောတော့ ကျုပ်အမေက ပြောတယ်။

"ကိုညာဏ်နယ် မျက်စဉ်းပါဆိုမှ စပ်မှာပေါ့တော့"

"ကိုကြီးတာတော၊ ကိုကြီးတာတော ရှိလားဗျ"

"ဟဲ့ ဒါ ဘယ်သူတုံး၊ ကျောက်ခဲအသံ မဟုတ်ပါဘူး"

ကျုပ်လည်း ဝိုင်းဝမှာ ရပ်နေတဲ့ ကောင်လေးကို လှမ်းကြည့်လိုက်တယ်။ တစ်ယောက်တည်း မဟုတ်ဘူးဗျ။ သူ့ဘေးမှာ လူကြီးတစ်ယောက် ပါသေးတယ်။

"ဆယ်အိမ်ခေါင်း ကိုဆယ်ဗျ၊ လှမ်းခေါ်တာက သူ့သားစာကလေးဗျ အမေရ"

"ဟဲ့ ဆေးယ်ပါ ပါလာတာဆို ခေါ်လေ၊ ကိစ္စရှိလို့လားမှ မသိတာ"

"ဟာ ကိုဆယ်ပါလား၊ လာကြလေဗျာ၊ ဟော့ကောင်စာကလေး လာလေကွာ"

ကျုပ်လှမ်းခေါ်လိုက်တော့မှ ကိုဆယ်က ဝိုင်းထဲကို ဝင်လာတာဗျ။ စာကလေးက ရှေ့ကနေ အိမ်ပေါ်ကို ပြေးတက်လာတယ်။

"လာ ထိုင် ကိုဆယ်"

ကျုပ်က ဆယ်အိမ်ခေါင်း ကိုဆယ့်ကို နေရာထိုင်ခင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး နဂါးဆေးလိပ်နဲ့ မီးခြစ်ကို ကမ်းပေးတယ်။

"ဘိုးညာဏ် မျက်စိ ဘာဖြစ်လို့တုံး"

ကိုဆယ်က အဘကို မေးတာဗျ။ အဘက မျက်စဉ်းခတ်ထားတော့ ခေါင်းမော့ထားတာကိုဗျ။

"ဘာမှမဖြစ်ပါဘူး ငဆယ်ရာ၊ မျက်စိက ယားယားနေလို့ကွ၊ ပြီးတော့ ကြည့်ရတာလည်း နည်းနည်းဝါးနေလို့ကွ၊ ဆရာတော့်မျက်စဉ်းခတ်နေတာလေ"

"ကောင်းတယ် ကောင်းတယ်၊ ဦးဂုဏမျက်စဉ်းမို့လား၊ လွတ်ကောင်းတာဗျ၊ ကျုပ်ခြေးလေး မျက်စိမှုန်တာ ဆရာတော့်မျက်စဉ်းခတ်ရင်းနဲ့ကို ကောင်းသွားတာဗျ"

"ကိုဆယ် ကျုပ်ဆီလာတာ ကိစ္စရှိလို့လားဗျ"

ကျုပ်က စကားလမ်းကြောင်းပေးလိုက်တယ်။ တကာလေးက ခုနစ်နှစ်သားလောက်ပဲ ရှိသေးတာ။ မျက်လုံးပြူးပြူး၊ ခေါင်းပြောင်ပြောင်လေးနဲ့ဗျ။ သူ့ခေါင်းလေးက တကာလေးခေါင်းလိုပဲ လုံးနေတာ။ သူ့ကို အမေက ကျုပ် မြို့သွားတုန်းက ဝယ်လာတဲ့ နံ့ကာထိုင်တစ်ခု ကျွေးထားလို့ ငြိမ်ပြီးစားနေတာဗျို့။

"မင်းကို ဘိုးတော် ခေါ်နိုင်းလို့ကွ"

"ဗျာ၊ ဘယ်ဘိုးတော်တုံးဗျ ကိုဆယ်ရ"

"ဘယ်ဘိုးတော်ရမှာလဲ တာတေရာ၊ သူကြီးပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ခေါ်ခိုင်းတာ ဟုတ်လား၊ ဘာကိစ္စတုံးဗျ"

"ဟဲ့ တာတေ၊ နင် ဘာတွေများ ပွေလီထားတုံး"

"ဟာ အမေကလည်းဗျာ ကျုပ်က ဘာပွေလီရမှာတုံး ဗျာ"

အမေက သူကြီးဆိုတဲ့ အသံကြားပြီး စိုးရိမ်သွားတာဗျ။ ကျုပ်တို့ တောသူတောင်သားများ ရဲတို့၊ စစ်တို့၊ သူကြီးတို့ဆိုရင် အားကြီးကြောက်ကြတာဗျ။ ကျုပ်တို့သူကြီး ဦးဘိုးထင် ဆိုတာက လည်း လူပုသလောက် လွှတ်စိတ်တိုတာဗျ။ ဒါပေမဲ့ လူက လူဖြောင့်ပါဗျာ။

"တခြားကိစ္စမဟုတ်ပါဘူးကွာ၊ သူကြီးအိမ်မှာ ဧည့်သည် ဘိုးတော်ကြီးတစ်ယောက် ရောက်နေလို့ကွ၊ ချောင်ထုံးကြီးနဲ့ တာတေရ၊ လူက ဖြူဖြူသန့်သန့်ပါကွာ"

"သူကြီးအမျိုးလားဗျ"

"မဟုတ်ဘူးကွ၊ ဘယ်ကရောက်လာမှန်း မသိဘူး၊ ငါတို့ဝိုင်းထဲ ဝင်လာပြီး သူကြီးအိမ် ဘယ်နားတုံးဆိုပြီး မေးလို့ ငါက အဲဒီဘိုးတော်ကြီးကို သူကြီးအိမ် လိုက်ပို့တာပေါ့။ ဟို ရောက်တော့ အဲဒီဘိုးတော်ကြီးက ပြုံးပြုံးရယ်ရယ်ပဲကွ၊ သူကြီးကို နှုတ်ဆက်တာ၊ ပြီးတော့ ပြောသကွ"

"သူကြီး ကြားဖူးလား၊ ဒီထနောင်းကုန်းမှာ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နွားကျောင်းရင်း ပျောက်သွားတယ် ဆိုတာလေ"

သူကြီးက မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ စဉ်းစားတယ်ကွ၊ ပြီးတော့မှ…

"ကျုပ်အဘ သူကြီး ဦးဘိုးဆင် မသေခင်ကတော့ တစ်ခါ ပြောဖူးတယ်ဗျ။ သူနဲ့ကစားဖက် သူငယ်ချင်း မောင်ထိန် ဆိုတာ သူနဲ့ အသက်အတူတူပဲတဲ့။ ဆယ်နှစ်၊ ဆယ့်တစ်နှစ်သား လောက်ပဲ ရှိသေးတာတဲ့၊ တောစပ်မှာ နွားကျောင်းသွားရင်း ပျောက်သွားတာ၊ ဘယ်မှကို အစရှာမရတော့ဘူးတဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ အေး အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူကြီးမင်းရဲ့အဘ မောင်ဆင်နဲ့ ကစားဖက် သူငယ်ချင်း နွားကျောင်းရင်း ပျောက်သွားတဲ့ မောင်ထိန် ဆိုတာ ကျုပ်ပဲဗျ"

"ဗျာ"

"သူကြီးက ပါးစပ်ကြီးဟပြီး 'ဗျာ' လို့ တစ်ခွန်းပဲ ပြော ပြီး အဲဒီဘိုးတော်ကြီးကို ကြောင်ပြီး ကြည့်နေရောပဲ။ မင်းပဲ စဉ်းစားကြည့်လေ တာတေရာ၊ သူကြီးရဲ့အဖေ သူကြီး ဦးဘိုးဆင် ကြီး ဆုံးတာပဲ အနှစ်သုံးဆယ်လောက် ရှိပြီပဲဟာ။ ဆုံးတော့ဖြင့် အသက် ရှစ်ဆယ်ရှိပြီလေကွာ။ ဒီတော့ သူကြီး ဦးဆင် အခုရှိရင်တောင် အသက်တစ်ရာ့တစ်ဆယ်လောက် ရှိမှာပေါ့ကွ။ တို့သူကြီး ဦးဘိုးထင်တောင် ခုနစ်ဆယ်ထဲမှာကွ"

www.burmeseclassic.com



"အင်း…ကိုဆယ် ပြောသလိုဆိုရင် အခုလာတဲ့ အိုးတော်ကြီးက သူကြီးအဘ ဦးဘိုးဆင်ရဲ့ ကစားဖက် သူငယ်ချင်း ဆိုတော့ အသက် တစ်ရာ့တစ်ဆယ့်လောက် ရှိပြီပေါ့၊ နို့ ကိုဆယ် ကိုယ်တိုင် သူ့ကို သူကြီးအိမ် လိုက်ပို့ဟာဆိုတော့ ကိုဆယ့်စိတ်ထင် အသက်ဘယ်လောက်မှန်းတုံး၊ ဒီဘိုးတော်ကြီးက ဘယ်လိုပုံစံတုံး ဗျူ တော့်တော်ကို အိုမင်းနေပြီလား"

"ဟာ ဘယ်က အိုရမှာတုံး တာတေရ၊ ငါ့စိတ်ထင် အသက် ငါးဆယ်လောက်ပဲ ရှိမယ်ထင်တာ၊ လျှောက်လိုက်တာ များ သွက်သွက် သွက်သွက် ဖြစ်နေတာ။ ဆံပင်လည်း တစ်ချောင်း မှ မဖြူဘူးကွ၊ သွားလည်း တစ်ချောင်းမှ မကျိုးဘူး။ မျက်စိလည်း မမှုန်ဘူး၊ အသားအရေကလည်း စိုပြေပြီး တင်းရင်းနေတာကွ"

"ဟင် ဟုတ်လား၊ ထူးတော့ ထူးဆန်းတာပဲဗျ"

"အေး အေး ဒါကြောင့် အတွေ့အကြုံ ဗဟုသုတများတဲ့ တာတေကို သွားခေါ်ဆိုပြီး သူကြီးက ငါ့ကို တိုးတိုးပြောပြီး လွှတ်လိုက်တာကွ။ သူကြီးလည်း အဲဒီဘိုးတော်ကို ဘယ်လိုခေါ်ရ ပြောရမှန်းတောင် မသိဘူးဖြစ်နေတာကွ။ ဘိုးတော်ကြီး ပြော သလိုဆိုရင် သူ့အဖေရဲ့ သူငယ်ချင်းလေကွာ။ ဘကြီးတို့ ဘခွေးတို့ ခေါ်ရမှာပေါ့ကွ၊ အရွယ်ကြည့်လိုက်တော့လည်း သူ့ထက်တောင် ငယ်ပုံငယ်ပန်း ဖြစ်နေတော့ ဘကြီးခေါ်ဖို့ကလည်း ခက်နေရော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ"

"ဒါဆိုရင် သူကြီးက အဲဒီဘိုးတော်ကြီးကို ဘယ်လို ခေါ်တုံးဗျ"

"အောင်မယ် တို့သူကြီးကလည်း လူပါးပဲကွ၊ ဘကြီးလို့လည်း မခေါ်ဘူး၊ ဘထွေးလို့လည်း မခေါ်ဘူး၊ ဆရာကြီးလို့ပဲ ခေါ်သကွ"

"ဟား၊ ဟား သူကြီးကလည်း အခေါ်အဝေါ် ပါးနပ်သားပဲဗျ၊ ကဲ ကဲ၊ လာ ကျုပ် လိုက်ခဲ့မယ်"

ကျုပ် သူကြီးအိမ်ရောက်တော့ သူကြီးက ကျုပ်ကို ခရီးဦးကြိုပြုတယ်ဗျ။

"ဟကောင် တာတေ၊ လာဟာ ဒီမှာထိုင်"

ကျုပ်ကလည်း သူကြီးပြတဲ့နေရာမှာ ဝင်ထိုင်လိုက်တယ်။ ကျုပ်ထိုင်လိုက်တာနဲ့ ဦးဘိုးထိန်က ကျုပ်ကို သေသေချာချာ စိုက်ကြည့်တယ်ဗျ။ ခဏနေတော့ ပြောသဗျ။

"လူကလေးနာမည်က တာတေတဲ့လားကွဲ့"

"ဟုတ်ပါတယ် ဘိုး၊ ကျုပ်နာမည် တာတေပါ"

"မောင်တာတေက လူထူးလေးပဲကွယ့်၊ မင်းအဘက ကိုဉာဏ်မို့လား၊ မင်းအမေက ငွေစိန် ထင်တယ်"

"ဗျာ၊ ဟုတ် ဟုတ်ပါတယ် ဘိုး၊ ကျုပ်မိဘတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘိုး သိလို့လား"

"အရင်တုန်းကတော့ မသိပါဘူးကွယ်၊ အခုမှ သိတာပါ မောင်တာတေရဲ့၊ ဘေးမှာ ဖြာထွက်နေတဲ့ အရောင်တွေကို ကြည့်ပြီး အာရုံခံကြည့်လို့ သိတာပါ"

"ဗျာ၊ ကျုပ်ကိုယ်က အရောင်တွေ ဖြာနေလို့လား၊ ကျုပ်တော့ မမြင်ပါလား ဘိုးရဲ့"

"လူတိုင်းမှာ အရောင်တွေ ဖြာထွက်နေတာပဲ မောင်တာတေရဲ့၊ သာမန်လူအဖို့တော့ ဒါတွေကို မြင်နိုင်စွမ်း ဘယ်ရှိမှာတုံးကွယ့်"

"ဟင်၊ ဒါဆိုရင် ဘယ်လိုလူတွေမှ မြင်ရတာတုံး ဘိုးရဲ့"

"တတိယမျက်လုံး ဖွင့်ထားတဲ့လူမှ မြင်ရတာကွယ့်"

"ဗျာ...တတိယမျက်လုံး ဟုတ်လား ဘိုး၊ ဟာ ဘိုးကလည်း လူမှာ မျက်လုံးက နှစ်လုံးပဲရှိတာ၊ တတိယမျက်လုံး ဘယ်ပါလို့တုံးဗျ"

"တတိယမျက်လုံးဆိုတာ တင်စားပြီးတော့ ခေါ်တာပါကွယ်၊ တချို့ကလည်း ဒိဗ္ဗစက္ခုလို့ ခေါ်ကြတယ်။ တချို့ကတော့ ဒါကို နတ်မျက်စိလို့ ခေါ်ကြတယ်ကွယ့်"

"ဟင်၊ ဒါဆိုရင် ဘိုးက တတိယမျက်လုံးဖွင့်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



လား ဘိုး"

သျှောင်ထုံးကြီးနဲ့ အဘိုးထိန်ဆိုတဲ့ အဘိုးကြီးက ကျုပ် အမေးကို ပါးစပ်နဲ့ မဖြေတော့ဘဲ ခေါင်းပဲ ညိတ်ပြလိုက်တယ်။

"မောင်တာတေ နားထောင်၊ အဘိုး ပြောမယ်၊ မောင်တာတေဟာ တစ်ဦးတည်းသော သားတစ်ယောက်ပဲ၊ အရွယ်နဲ့ မမျှအောင်ကို ဗဟုသုတပညာတွေ စုံလှပေတယ်။ ရှေ့လျှောက်ပြီး ဒါထက် ကြုံရ တွေ့ရလိမ့်ဦးမယ်ကွယ့်၊ နောင်ကျ ရင် မင်း ဒီအရပ်မှာ နေရမှာ မဟုတ်ဘူး။ မြို့ကြီးပြကြီးမှာ နေရလိမ့်မယ်"

အဘိုးထိန်က စကားရပ်လိုက်တယ်။

"အဘိုး အဘိုးပြောတဲ့ တတိယမျက်လုံး ဆိုတာကို ဘယ်လိုများ ဖွင့်လိုက်တာတုံး အဘိုးရ"

"အင်း...မောင်တာတေကတော့ ကျုပ်တို့နဲ့ အတော် ကလေး နီးစပ်တာကလား။ မောင်တာတေ သိချင်ရင် ပြောပြရ တာပလေ။ ဒီလို မောင်တာတေရဲ့ ထနောင်းကုန်း အနောက်ဘက် တောစပ်က စားကျက်ကွင်းကြီးတွေမှာ ကျုပ်က နွား သွားသွားပြီး ကျောင်းနေကြကွယ့်။ ဒီတုန်းက ကျုပ်အသက်က ဆယ့်နှစ်နှစ်ပြည့် ဝင်ကာစပဲ ရှိသေးတာ။ ကျုပ်တို့နွားက သုံးကောင်၊ ကျုပ်ခွေး လေးတို့နွားက နှစ်ကောင်၊ စုစုပေါင်း ငါးကောင်ကို ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



စားကျက်ကွင်းမှာ သွားပြီးကျောင်းတာကွယ့်။ တစ်ရက်ကျတော့ ကျုပ်က ထမင်းထုပ်ကလေး ဖြည်စားပြီး ဗိုက်လေးလေးနဲ့ မန်းကျည်းပင်ကြီးအောက်မှာ အိပ်ပျော်နေတာပေါ့ကွယ်။

'ဟေ့ ကလေး ထ ထ'

ဆိုပြီး ကျုပ်ကို လှုပ်နှိုးနေတဲ့အသံ ကျုပ်နားထဲမှာ ကြားလိုက်ရတာကွယ့်။ ဒါနဲ့ ကျုပ်လည်း နိုးသွားပြီး ထထိုင်လိုက်တယ်။ ဘုန်းကြီးနှစ်ပါးကွယ့်။ တစ်ပါးက ဗမာရုပ်ရည်နဲ့ နောက်တစ်ပါးက ထွားထွားကြီး၊ ဗမာနဲ့ မတူဘူး။ ဘင်္ဂလားကုန်းက ကုန်စုံရောင်းတဲ့ တရုတ်ပုံစံမျိုး။ အဲဒီဘုန်းကြီးက ဗမာစကား မတတ်ဘူး။

တရုတ်လိုလိုဘုန်းကြီးက ဗမာဘုန်းကြီးကို မေးတယ်။ ဘာမေးတာတုံး ကျုပ်က မသိဘူး။ ဗမာဘုန်းကြီးက ဗမာလိုပဲ ပြန်ပြောတယ်။

'ဟုတ်တယ်ဘုရား၊ ဒီကလေးပဲ'

ကျုပ်စိတ်ထင်တော့ သူတို့နှစ်ပါးက ကိုယ့်ဘာသာနဲ့ကိုယ် ပြောနေကြပေမယ့် ဘာပြောတယ်ဆိုတာ နှစ်ပါးစလုံးရဲ့ စိတ်ထဲမှာ နားလည်ကြပုံပဲကွယ့်''

'ကလေး မင်းနာမည် မောင်ထိန်မို့လား'

ကျုပ်က လက်အုပ်ကလေးချီပြီး ပြန်လျှောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ဘုရား'

'မင်းမှာ မိဘတွေ ရှိသေးလားကွယ့်'

'တပည့်တော် ငယ်ငယ်ကလေးကတည်းက မိဘတွေ ဆုံးသွားကြပါတယ်ဘုရား။ တပည့်တော်ဘထွေးအိမ်မှာ နေရတာပါ"

'ဩော် အေး အေး နေဦးကွ၊ မောင်ထိန်၊ မင်း အိပ်ရာ ကနိုးတော့ ဆာနေမှာပေါ့၊ ရော့ ဒီငှက်ပျောသီး စားလိုက်'

ကျုပ်ကို ဗမာဘုန်းကြီးက ငှက်ပျောသီးကြီးတစ်လုံး လှမ်းပေးတယ်။ ကျုပ်က ရိုရိုသေသေ လှမ်းယူပြီး အခွံခွာလိုက်တယ်။ ငှက်ပျောသီးက အဝါရောင် မဟုတ်ဘူးကွ။ ရွှေရောင်၊ အထဲက ငှက်ပျောသီးအသားကလည်း ရွှေရောင်ပဲ။ ဒီငှက်ပျောသီးကို တရုတ်လိုလို ဘုန်းကြီးက ဗမာဘုန်းကြီးကို လှမ်းပေးလိုက်တာ။ အနံ့ကလည်း မွှေးလိုက်တာ မပြောပါနဲ့တော့ကွယ်။

'စား၊ မောင်ထိန် စား'

လို့ ဗမာဘုန်းကြီးက ပြောတော့ ကျုပ်ကလည်း အားရပါးရ စားတော့တာပေါ့ကွယ်။ ငှက်ပျောသီး စားပြီးတာနဲ့ မိုက်ကိုတင်းသွားတာကွယ့်။ ကျုပ် ငှက်ပျောသီး စားပြီးတာနဲ့ ဗမာဘုန်းကြီးက ပြောတော့တာကွ"

"မောင်ထိန် မင်းကို ငါတို့ လာခေါ်တာကွ၊ မင်း ငါတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရမယ်။ မင်းမှာ လုပ်စရာတစ်ခု ကျန်နေသေးတယ်။ အဲဒါက လူတွေရဲ့ အနာဂတ်ကို ဟောပြောပြီး လမ်းတည့်ပေးဖို့နဲ့ လူတွေရဲ့အသက်ကို ဆေးကုပြီး ကယ်ဖို့ပဲကွ။ အဲဒါ မင်းလုပ်မှ ဖြစ်မယ်။ မင်းကို အဲဒီပညာတွေ သင်ပေးဖို့ ငါတို့ လာခေါ်တာကွ မောင်ထိန်ရ"

အဲဒီအချိန်မှာ ကျုပ် ဘယ်လိုဖြစ်တယ် မသိဘူးကွယ့် မောင်တာတေရဲ့။ ရွှေရောင်ငှက်ပျောသီးကြီးကို စားလိုက်မိလို့လား တော့ မပြောတတ်ဘူး။ ငြင်းကို မငြင်းနိုင်တာကွယ့်။

"မှန်ပါဘုရား လိုက်ခဲ့ပါမယ်"

လို့ပဲပြောပြီး ချက်ချင်းထလိုက်သွားတာ။ ကျုပ်ကျောင်းနေတဲ့ နွားငါးကောင်ကိုလည်း ဘာမှမစဉ်းစားတော့ဘဲ ဒီအတိုင်းပဲ ထားပစ်ခဲ့တယ်။

"အဘိုးကို ဘယ်နေရာ ခေါ်သွားကြတာတုံးဗျ"

ကျုပ်ဆိုတဲ့ကောင်ကလည်း လွှတ်စပ်စုတဲ့ကောင်လေဗျာ။

"ကျုပ်ပြောရင် မောင်တာတေ ယုံမှာ မဟုတ်ဘူးကွယ့်"

"ကျုပ် ယုံပါတယ် အဘိုးရဲ့"

"အေး ဒါဆိုရင်လည်း ပြောရတော့မပေါ့ကွယ်၊ ကျုပ်ကို ဗမာဘုန်းကြီးက လက်ဆွဲပြီး ခေါ်သွားတာ။ တရုတ်လိုလို ဘုန်းကြီးကတော့ ကျုပ်တို့ရှေ့ ခပ်လှမ်းလှမ်းက ကြွသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ မှန်းတည့်သာသာလောက်ကစပြီး တောင်ပေါ်ကို တက်ခဲ့တာ ညမိုးချုပ်ပြီး လကြီးထွက်လာတော့ ဘယ်နေရာရောက်မှန်းလည်း မသိဘူးကွယ့်။ တောင်စွန်းကြီးတစ်ခုပေါ်ကို ရောက်လာတယ်။ တစ်နေကုန်း လမ်းလျှောက်ရပေမယ့် ကျုပ်မှာ နည်းနည်းလေးတောင် မမောဘူးကွယ့်။ ကျုပ်စိတ်ထင်တော့ ရွှေငှက်ပျောသီးကြီးအစွမ်းလို့ ထင်တာပေါ့ကွယ်။ ဘူးသီးခြောက်ကလေးကို ရေဘူးလုပ်ပြီး ထည့်လာတဲ့ရေကို နည်းနည်းသောက်ခိုင်းတယ်။ အေးစိမ့်ပြီး တစ်ကိုယ်လုံးကို လန်းသွားတာပါပဲကွယ်"

"ကဲ မောင်ထိန် လမ်းဆက်လျှောက်လို့ မရတော့ဘူးကွယ့်၊ ငါ့သင်္ကန်းစကို မင်းက ဟောဒီလို ကိုင်ထား ကြားလား၊ ပြီးရင် မျက်စိမှိတ်ထား၊ စိတ်ထဲကနေ ဗုဒ္ဓရဲ့ ဂုဏ်တော်ကို ရွတ်နေ၊ မင်း ဂုဏ်တော် အလွတ်ရတယ်မို့လား"

"မှန်ပါ့ဘုရား ရပါတယ်"

ကျုပ်က သင်္ကန်းစကို ကိုင်ပြီး မျက်စိမှိတ်ထားလိုက်တယ်။ စိတ်ထဲကနေ ဂုဏ်တော်တွေ ရွတ်နေလိုက်တာပေါ့ကွာ။ ကျုပ်စိတ်ထင် နှစ်မိနစ် သုံးမိနစ်ဆိုတာ အများဆုံးပါပဲ။

"မောင်ထိန် မျက်စိဖွင့်လိုက်တော့၊ သင်္ကန်းကို လွှတ်လိုက်တော့ ရပြီ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အံ့ဩသွားသလားကွ၊ ဒါ ဒီပါရုံလို့ခေါ်တဲ့ နေရာကွယ့်၊ အတွင်းဒီပါရုံလေ။ အခု မင်းမြင်နေရတာက ဘင်္ဂလား ပင်လယ်ကြီးလေ မောင်ထိန်ရဲ့"

"ကျုပ်နဲ့ ဗမာဘုန်းကြီး ရပ်နေတာ ကျောက်တန်းကြီး တစ်ခုပေါ်မှာဗျ။ ကျုပ်လို အညာသားတစ်ယောက်က မြစ်တောင် ကျယ်ကျယ်မြင်ဖူးတာမှ မဟုတ်တာ။ ပင်လယ်ကြီးကို ဘွားကနဲ တွေ့လိုက်ရတော့ လန့်သွားပြီး ကြက်သီးတွေတောင် တဖြန်းဖြန်း ထသွားတာကွ မောင်တာတေရ"

"အရှင်ဘုရား ဟိုတရုတ်လိုလို ဘုန်းတော်ကြီးရောဘုရား၊ တောထဲမှာများ ကျန်ခဲ့သလား"

လို့ ကျုပ်က လျှောက်လိုက်တော့...

"ဟား ဟား တောထဲမှာ မကျန်ပါဘူး မောင်တာတေရဲ့၊ ကျောင်းထဲဝင်သွားတယ်ကွ၊ သူက တရုတ်ဘုန်းကြီး မဟုတ်ဘူး ကွ။ တိဘက်ဘုန်းကြီး လာမာလို့ ခေါ်တယ်ကွ။ မင်းကိစ္စနဲ့ သူလည်း ဒီကိုရောက်လာတာ၊ လာမာမင်ဂျာလို့ ခေါ်တယ်"

"ဟာ တပည့်တော်ကိစ္စနဲ့ ရောက်လာတာ ဟုတ်လား ဘုရား"

"ဟုတ်တယ် မောင်ထိန်၊ မင်းတို့လို သာမန်လူတွေ အတွက်တော့ လူ့လောကကြီးက အကျယ်ကြီးပေါ့ကွာ၊ ငါတို့တွေ



www.burmeseclassic.com

www.burmeseclassic.com



အဖို့ကတော့ လောကကြီးက ကျဉ်းကျဉ်းလေးပါကွာ။ တစ်နေ့ရာနဲ့ တစ်နေ့ရာ အချိန်မရွေး သွားလို့ရကြတာပဲ။ တွေ့ချင်တဲ့သူကို လည်း ချက်ချင်းသွားတွေ့ပြီး ချက်ချင်းပြန်လာလို့ ရတာပဲကွ"

"တပည့်တော်ကိစ္စဆိုတာ ဘာကိစ္စကို ပြောတာတုံး ဘုရား"

"မောင်ထိန် မင်းကို ငါတို့ တတိယမျက်လုံး ဖွင့်ပေးဖို့ အချိန်ကျပြီကွ၊ ပြီးတော့ ဝိညာဉ်ခန္ဓာနဲ့ သွားတတ် လာတတ် အောင် သင်ပေးရမယ်။ လွယ်လွယ်ပြောရရင်တော့ ကိုယ်ပွားနဲ့ သွားတာပေါ့ကွာ။ ပြီးတော့ လူတွေရဲ့ အနာဂတ်ကို သိနိုင်တဲ့ ပညာ။ လူတွေကို ဆေးကုပေးဖို့ ဆေးပညာတွေပေါ့ကွာ"

"တပည့်တော်က အညာသား၊ တောသားလေးပါဘုရား၊ အရှင်ဘုရား အမိန့်ရှိတဲ့ ပညာတွေကို တပည့်တော်ဉာဏ်နဲ့ မီပါ့ မလားဘုရား"

"အင်း မောင်ထိန်၊ ဒီဘဝတော့ဖြင့် မင်းက ကျေးတော သားလေးပေါ့ကွယ်၊ ဒါပေမဲ့ မင်းလာခဲ့တဲ့လမ်းကြောင်းကတော့ သိပ်ပြီးတော့ နုံနုံချာချာ မဟုတ်ခဲ့ပါဘူးကွာ။ ဒီအတွက် မင်း မပူနဲ့၊ မင်း လွယ်လွယ်ကူကူ သင်ယူနိုင်မှာပါ။ ကဲ လာ၊ ကျောင်း တော်ကြီးထဲကို သွားကြရအောင်"

အဲဒီနေ့ကစပြီး ပင်လယ်လှိုင်းသံတွေ ခပ်သဲ့သဲ့ကြားနေ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အတွင်းဒီပါရှံ့ဆိုတဲ့ အရပ်မှာ ကျုပ် စနေရတော့တာပါပဲ ကွယ်။

ပထမတော့ ကျုပ်ကို ကိုရင်ဝတ်ပေးတယ်။ အသက် ပြည့်တော့ ကျုပ် ပဉ္စင်းတက်ရတယ်။ ကျုပ်အသက် နှစ်ဆယ် အထိ ရဟန်းဝတ်နဲ့ နေခဲ့တာပါ။ လူဝတ်နဲ့နေတာ နှစ်သုံးဆယ် လောက်ပဲ ရှိသေးတယ်"

"အဘိုး တတိယမျက်လုံး ပြောပါဦး အဘိုးရဲ့"

"ဪ မောင်တာတောက ဒါမျိုးတွေကို တော်တော်လေး စိတ်ဝင်စားတာကိုး၊ တတိယမျက်လုံးက ကျုပ် ပဉ္စင်းမဖြစ်ခင် ကိုရင်ဘဝမှာကတည်းက ရခဲ့တာပါကွယ်။ ဒီတုန်းက ကျုပ် အသက် ဆယ့်ခြောက်နှစ်ပေါ့၊ ကိုရင်ပဲ ရှိသေးတာ။ ကျုပ်တို့က တိလောကတဲ့ကွယ့်၊ ကိုရင်တိလောကပေါ့ကွာ။ တစ်ရက်တော့ တိဘက်လာမာနဲ့ ကျုပ်ကို ခေါ်လာတဲ့ ဆရာတော်က ကျုပ်ကို ပြောတယ်။ ပြောရဦးမယ်။ ကျုပ်ကို ခေါ်လာတဲ့ ဆရာတော်က အရှင်ဩဘာသတဲ့။ ကျောင်းတိုက်ကြီးရဲ့ အချုပ် ဆရာတော်ကြီး က မွန်ဆရာတော်ကြီး ရှင်ဗားမော့တဲ့ကွယ့်။ တခြားဘုန်းကြီး ဆယ်ပါးလောက်လည်း ရှိသေးတယ်။

အရှင်ဩဘာသက ဘာပြောလဲဆိုတော့...

"တိလောက ဒီည မင်းကို တတိယမျက်လုံး ဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ကွယ့်၊ ညနေစောင်းရင် မင်းကို ဘုန်းကြီးတွေ လာခေါ်သိမ့်မယ်။ မင်း သူတို့နဲ့ လိုက်ခဲ့ တိလောက ကြားလား"

"မှန်ပါ့ဘုရား"

လို့ ကျုပ်က ပြန်လျှောက်လိုက်ရတယ်။ သူတို့ ခဏခဏပြောနေတဲ့ တတိယမျက်လုံးဆိုတာကို ကျုပ်လည်း တော်တော်ကို စိတ်ဝင်စားနေတာကွယ့်။ အခုအချိန်အထိ ကျုပ်က စာတွေပဲ သင်နေရတာ ပထမကြီးတန်းတော့ ကျုပ်အောင်ထားပြီကွယ့်။ ဒီကျောင်းတိုက်ကြီးမှာပဲ ကျုပ်က စာမေးပွဲဖြေရတာ။ ကျုပ်ကို စာချပေးတဲ့ ဘုန်းကြီးရှိတယ်။ စာမေးပွဲ မေးခွန်းထုတ်ပြီး စစ်တဲ့ ဘုန်းကြီးရှိတယ်။ ပရိယတ္တိသင်ပေးသလို သမထထိုင်ဖို့ နည်းစနစ်တကျ သင်ပေးတဲ့ ဘုန်းကြီးလည်း ရှိတယ်ကွ။ ဒါပေမဲ့ တတိယမျက်လုံး ရပြီးရင်တော့ ပညာအသစ်တွေ သင်ရတော့မယ်လို့ ပြောထားတယ်။

ညနေစောင်းလောက်မှာ ဘုန်းကြီးသုံးပါး ကျုပ်ကို လာခေါ်ကြတယ်။ ကျောင်းကြီးက ဘုံငါးဆင့်ရှိတဲ့ ကျောင်းကြီးကွ။ ကျုပ်ကို ဘုံသုံးဆင့်အထိ ခေါ်လာကြတယ်။

"ဒေါက်၊ ဒေါက်"

ရှေ့ဆုံးက ဘုန်းကြီးက တံခါးကို နှစ်ချက်ဆင့်ခေါက်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



"တွန်းဖွင့်ပြီး ဝင်ခဲ့"

ရှေ့ဆုံးက ဘုန်းကြီးကပဲ တံခါးကို တွန်းဖွင့်ပြီး ဝင်သွားတယ်။ ကျုပ်က သူ့နောက်ကပေါ့။ ဟာ အတော်ကျယ်တဲ့ အခန်းပဲကွယ့်။ အခန်းထဲမှာ ဆေးမြစ်၊ ဆေးဥ မျိုးစုံ၊ လူအရိုးစုပုံကားချပ်တွေ၊ ပြီးတော့ ကုတင်နှစ်လုံး တွေ့ရတယ်။

"တိလောက လာ၊ ဒါ ကျုပ်အခန်းပဲကွယ့်၊ နောက်တော့ မင်းအခန်း ဖြစ်လာမှာပေါ့လေ။ ဒီအခန်းထဲမှာပဲ မင်း ဆေးပညာ သင်ရမှာကွယ့်"

ခဏနေတော့ တိဘက်လာမာကြီး ဝင်လာတယ်။ သူ့လက်ထဲမှာ သေတ္တာလေးတစ်လုံး ပါလာတယ်။ ကတ္တီပါအနက်စနဲ့ ပတ်စီးထားတော့ အထဲက သေတ္တာကို မမြင်ရဘူးကွ။ ခဏနေတော့ ကျောင်းတော်ကြီးရဲ့ အချုပ်ဆရာတော်ကြီး ရှင်ဗားမော့ ကိုယ်တိုင် ကြွလာတယ်။ ရွှေချထားတဲ့တောင်ဝှေးကြီး တဒေါက်ဒေါက်ထောက်လို့ကွယ့်။ ဆရာတော်ကြီးလည်း ကြွလာရော ကျုပ်ကို ခေါ်လာတဲ့ ဘုန်းကြီးတွေက ဆရာတော်သုံးပါးကို ကန်တော့ပြီး အခန်းကြီးထဲက ထွက်သွားကြတယ်။

ဆရာတော်ကြီး ရှင်ဗားမော့က ကနုတ်ပန်းတွေ ဖော်ထားတဲ့ ကုလားထိုင်မှာ ဝင်ပြီးထိုင်တယ်။

"ကဲ လာမာက မင်းပစ္စည်းတွေ ပြင်ထား၊ ဩဘာသ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မင်းလုပ်ရမှာ လုပ်တော့"

လို့ ဆရာတော်ကြီး ရှင်ဗားမော့က အမိန့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဆရာတော် ရှင်ဩဘာသ အခန်းတံခါးကို ထပြီး ဂျက်ထိုးလိုက်တယ်။ လာမာကြီးက သူ့ရဲ့ အနက်ရောင်ကတ္တီပါစ ကို ဖြည်ချလိုက်တယ်။ ဟာ ရွှေသေတ္တာလေးပါလား။ အထဲက ရွှေသေတ္တာလေး ထွက်လာတယ်ကွယ့်။ လာမာကြီးက ရွှေသေတ္တာ ကို ဖွင့်လိုက်တော့ အထဲမှာ လက်လှည့်လွန်သွားလေးတွေကွ။ လက်ပွတ်စူးလိုဟာလေးတွေလည်း ပါတယ်။ နေလုံးကြီး ဝင်သွား ပြီး မှောင်သွားတဲ့အချိန်မှာ အခန်းထဲက မီးတိုင်တွေကို ဆရာတော် အရှင်ဩဘာသက ထွန်းလိုက်တယ်။ တစ်ခန်းလုံး လင်းထိန်သွား ရောကွယ့်။

"ကဲ အချိန်ကျပြီ၊ အလုပ်စကြတော့"

ကျုပ်ကို ကုတင်ပေါ်မှာ လှဲခိုင်းတယ်။ ခေါင်းအုံး မပါ ဘူးကွ။

"တိလောက ငါပြောတာတွေကို မင်း သေသေချာချာ နားထောင်နော်၊ ဒီအလုပ်က မေ့ဆေးပေးပြီး မလုပ်ရဘူး၊ အိပ်မွေ့ ချပြီး မလုပ်ရဘူး။ ဒါကြောင့် မင်းကို ထုံဆေးနဲ့ပဲ လုပ်ရမယ်။ နည်းနည်းတော့ နာချင်နာလိမ့်မယ်။ ဘယ်လောက်နာနာ မင်း အော်ရဘူး၊ မရုန်းရဘူး။ ခေါင်းကို နည်းနည်းလေးဘောင်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရဘူး ကြားလား ကိုလောက"

"ကြားပါတယ်ဘုရား"

ဆေးရွက်မျိုးစုံ ရောပြီးထောင်းထားတဲ့ ဆေးရွက်စုံအထုပ်ကို ပိတ်ပါးလေးနဲ့ ထုတ်ပြီး ကျုပ်ရဲ့ နဖူးပေါ်မှာ တင်ပေးတယ်။ နဖူးအစပ်က မျက်လုံးနှစ်လုံးကြားမှာ အုပ်ပြီးတင်ပေးတာ။ ဆေးထုပ်က တင်ရင်းနဲ့ ပူလာတယ်။ အဲဒီအပူရှိန်က ကျုပ်ရဲ့ နဖူးပြင် တစ်ခုလုံး ပူပြီး ထုံထုံကြီး ဖြစ်သွားတယ်။

"ကဲ ရလောက်ပြီ"

ဆရာတော်ကြီးက အချိန်ရှိလိုက်တော့ ထုံဆေးထုပ်ကို ဖယ်ပစ်လိုက်တယ်။ လာမာကြီးက သူ့ရဲ့ ရွှေသေတ္တာထဲက လွှန်ကလေးတစ်ခုကို ယူလိုက်တယ်။ အဖျားမှာ လွှန်သွားတော့ မဟုတ်ဘူးကွ။ လခြမ်းပုံ အပြားလေးကွယ့်။ လွှသွားလို အသွားလေးတွေ ပါတယ်။ မျက်ခုံးရိုးနှစ်ခုရဲ့ကြားတည့်တည့်ကို တင်လိုက်ပြီး လွှန်လက်ကိုင်လေးကို လှည့်တယ်။

ဒီအချိန်မှာပဲ ဗားမော့ဆရာတော်ကြီးက မန္တန်တွေ စပြီး ရွတ်တော့တာပဲဟေ့။ ဆရာတော်ကြီးရဲ့ မန္တန်ရွတ်သံကြီးက တစ်ခန်းလုံးကို ဟိန်းနေတာကွ။ မန္တန်တွေကို နားမလည်ပေမဲ့ ဆရာတော်ကြီးရဲ့ မန္တန်ရွတ်တဲ့အသံက နားထောင်လို့ကောင်းလွန်းလို့ ကျုပ်မှာ အဲဒီအသံကို လိုက်ပြီးနားထောင်နေရတာနဲ့ နာသလား



www.burmeseclassic.com

www.burmeseclassic.com



မနာဘူးလားတောင် မသိတော့ဘူးကွ။

လာမာကြီးကတော့ ကီရိယာလေးတွေ တစ်ခုပြီးတစ်ခု သေတ္တာထဲက ထုတ်ယူပြီး လုပ်နေတာကွယ့်။ ကျုပ်ရဲ့ ဆရာတော် အရှင်ဩဘာသကလည်း ဘေးကနေ ကြည့်နေတယ်။

"တိလောက မရုန်းနဲ့နော်၊ မရုန်းနဲ့"

လို့ ကျုပ်ကို ခပ်တိုးတိုး သတိပေးနေတယ်။ ကျုပ်က လည်း မရုန်းပါဘူး။ နာမှ မနာတာကွယ်။ ခဏနေတော့ 'ရွတ်' ဆိုတဲ့အသံကို ကျုပ် ကြားလိုက်ရတယ်။ မဆိုသလောက်ကလေး နာသွားတယ်။ ကျုပ်စိတ်ထင်တော့ ကျုပ့်အရိုးပေါက်ထွက်သွားပြီ လို့ ထင်တာပဲကွယ့်။ ဒီမှာတင် ကျုပ်ဆရာတော် အရှင်ဩဘာသ ကိုယ်တိုင် ငွေရောင်အချောင်းကလေးတစ်ခုကို ကျုပ်မျက်လုံး နှစ်လုံးကြားထဲ ဖောက်ထားတဲ့အပေါက်ကနေ ဖြည်းဖြည်းလေး ထိုးသွင်းတယ်။ ဆရာတော်ကြီးကတော့ မန္တန်ကို မနားတမ်း ရွတ်နေတာပဲကွယ့်။ ကျုပ်ဆရာတော်ကတော့ ငွေရောင်အချောင်း ကလေးကို ကျုပ်မျက်လုံးကြားကို ထိုးသွင်းနေတုန်းပဲ။ ခဏနေ တော့ ကျုပ်မျက်လုံးထဲမှာ မီးတောက်သလို ဝင်းကနဲ တောက်သွား တယ်။ အံ့ဩစရာကောင်းတာကတော့ သွေးတစ်စက်မှ မထွက် တာပဲကွ။

"ရပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးရဲ့ အမိန့်ပေးသံပေါ့။ ဆရာတော်ကြီးရဲ့ မွှေးနံ့ရှုတ်သံလည်း တိကနဲ ရပ်သွားပြီ။ ကျုပ်မျက်လုံးတွေထဲမှာ ရောင်စုံအလင်းစက်ဝိုင်းကြီးပဲ ပေါ်နေတယ်။ ကျုပ်အနားကို ကပ်ပြီး လာကြည့်တဲ့ ဆရာတော်သုံးပါးရဲ့ဘေးမှာ ရွှေရောင်တွေ ဖြာထွက်နေတာကို ကျုပ်မြင်နေရတယ်ဗျ။ သြော် လူတွေရဲ့ ကိုယ်ခန္ဓာမှာ အလင်းရောင်တွေ ဖြာနေတာကိုးလို့ ကျုပ် စပြီး သိလိုက်တယ်။

"အားလုံးနေရာကျပြီ၊ လုပ်စရာရှိတာ ဆက်လုပ်ကြပေတော့"

ဗားမော့ဆရာတော်ကြီးက တောင်ဝှေးကြီး တဒေါက်ဒေါက် ထောက်ပြီး ထွက်သွားတယ်။ ဆရာတော်ကြီး ပြန်ကြွသွားတော့မှ ကျုပ်ရဲ့ ဆရာတော် ရှင်ဩဘာသက ပြောတယ်ကွ။

"တိလောက မင်းရဲ့ မျက်လုံးနှစ်လုံးကြားကို ထိုးသွင်းထားတာ သစ်သားလေးတစ်ခုပဲ၊ အဲဒါကို မနှုတ်ဘဲ သုံးပတ်တိတိ ထားရမယ်။ ဒီအခန်းကို အမှောင်ချထားမယ်။ ဘေးကနေ လိုက်ကာတွေအပြည့် ကာထားတယ်။ မင်းရဲ့ မျက်လုံးတွေကို အနက်ရောင်ပိတ်စနဲ့ ပတ်စီးထားမယ်။ ဒီအခန်းထဲမှာ မင်းနေလို့ စားလို့ဖြစ်အောင် အားလုံးစီစဉ်ပေးထားမယ်။ မင်းကို ဘုန်းကြီး တွေ အလှည့်ကျ လာစောင့်လိမ့်မယ်။ မင်းလုပ်ချင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုပြော၊ ကြားလား တိလောက"

ဆရာတော်တွေက ကျုပ်ကို ထားခဲ့လိုက်ပြီး အခန်းပြင် ထွက်သွားကြတယ်။ ခဏနေတော့ ဘုန်းကြီးတစ်ပါး ရောက်လာပြီး ကျုပ်ကို အဖော်လုပ်နေပေးတယ်။ ကျုပ်လိုတာ လုပ်ပေးတယ်။ ကျုပ်ကတော့ အချိန်ရတိုင်း သမထပဲ လုပ်နေလိုက်တယ်။ အချိန်ကုန်လို့ ကုန်မှန်းတောင် မသိတော့ဘူးပေါ့ကွာ။

သုံးပတ်ပြည့်လို့ ထည့်ထားတဲ့ သစ်သားစလေးထုတ်လိုက်ပြီး အမှောင်ခန်းထဲကနေ ကျုပ်ကို ထုတ်လိုက်တဲ့နေ့မှာ ကျုပ်မြင်သမျှ ဘုန်းကြီးတွေ လူတွေရဲ့ဘေးမှာ အရောင်တွေ ဖြာထွက်နေတာကို ကျုပ်တွေ့ရတော့တာပဲကွယ်။ လူပုံစံအတိုင်း အရောင်ထွက်နေတာကွ။ အတွင်းဆုံးကိုယ်ရောင်ရဲ့ အပြင်မှာ အထပ်ထပ်ကာထားတဲ့ အရောင်တွေကိုပါ ကျုပ်မြင်လာရတယ်။ ကျုပ်ဆရာတော် ရှင်ဩဘာသက ပြောတယ်။

"တိလောက မင်း ငါတို့နဲ့ တစ်အုပ်စုတည်း ဖြစ်သွားပြီ သိလား၊ လေ့ကျင့်မှုကိုတော့ ဘယ်တော့မှ လျှော့မချလိုက်နဲ့ကွ"

ဟုတ်တယ် မောင်တာတေရဲ့၊ ကျုပ်က လူတွေရဲ့ အရောင်တွေကို ကြည့်ပြီး ထပ်တလဲလဲ လေ့လာလိုက်တဲ့အခါကျတော့ လူတွေ ဘယ်လောက်ပဲ ဟန်ဆောင် ဟန်ဆောင် သူတို့ရဲ့ စကာတိစိတ်ကို ကျုပ်က သိနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိုယ်ရောင်ကိုကြည့်ပြီး သူတို့ရဲ့ အနာဂတ်ကို သိနိုင်အောင် ကျုပ်ရဲ့ဆရာတော် အရှင်ဩဘာသက နည်းစနစ်တွေ သင်ပေးတယ်ကွ။ ဒါပေမဲ့ မောင်တာတေရေ ကျုပ်သင်သမျှ ပညာတွေကို စာအုပ်စာတမ်းနဲ့ ရေးခွင့် မှတ်ခွင့် မရှိဘူးကွယ့်။ အားလုံးကို ခေါင်းထဲမှာ မှတ်မိအောင် အဖန်တလဲလဲ ပွားများမှတ်သားရတယ်။ ဂါထာတွေ မန္တန်တွေကအစ စိတ်နဲ့ပဲ မှတ်ရတာကွ။

လူတွေဟာ ကုသိုလ်ကံအကျိုးပေးတဲ့ အချိန်မျိုး၊ ကံကောင်းတဲ့ အချိန်မျိုးဆိုရင် သူတို့ရဲ့ ကိုယ်ရောင်တွေက တောက်ပနေတာကွ။ အကုသိုလ်ကံ ဖိစီးချိန် ကံဆိုးမိုးမှောင်တွေကျတော့မယ်ဆိုရင်တော့ လူတွေရဲ့ ကိုယ်ရောင်တွေက မှိန်ကိုနေတော့တာကွ။

အေး ကိုယ်ရောင်အနက် ထွက်ပြီဆိုရင်တော့ သေတော့မယ်ဆိုတဲ့ နိမိတ်ပေါ့ကွယ်။ ဒီမှာတင် ကျုပ်တို့က ဘယ်တော့သေမှာတုံး၊ ဘယ်လိုသေမှာတုံးဆိုတာကို သိအောင်ကြည့်နိုင်တယ်။ ဒါပေမဲ့ သေမယ့်လူကိုတော့ ဒီအကြောင်းတွေ ပြောပြခွင့် မရှိဘူးကွယ့်။ ကျန်းမာရေးညှံ့မယ်၊ သတိထားပါဆိုတာလောက်ပဲ ပြောလို့ရတယ်ကွယ့်။

နောက်တော့ ကိုယ်ရောင်တွေကိုကြည့်ပြီး လူတွေဟာ ဘာရောဂါတွေ ဖြစ်နေတယ်ဆိုတာ သိလာခဲ့တယ်။ ခင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်း သိပ္ပံဆရာတွေ ကုလို့မရတဲ့ ကင်ဆာတို့၊ ဘာတို့ ဆိုတာတွေဟာ တကယ်တော့ မဖြစ်ခင်မှာ ကြိုပြီးမသိလို့ကွယ့်။ သူတို့က ရောဂါလက္ခဏာပြတော့မှ စမ်းသပ်လို့ရကြတာ။ ကျုပ် တို့က ကိုယ်ရောင်တွေကိုကြည့်ပြီး ဘယ်လိုရောဂါမျိုး ဖြစ်တော့ မယ်ဆိုတာ ကြိုသိနေတော့ ဆေးတွေ ကြိုတိုက်နိုင်တာပေါ့။ စိုးရိမ်စရာရောဂါတွေက ဖြစ်ကိုမလာတော့ဘူးကွယ့် မောင်တာ တေရဲ့။ ပြီးတော့ ကျုပ်တို့က ရောဂါဖြစ်ရတဲ့ အကြောင်းရင်းကို အတိအကျသိနိုင်တော့ အဲဒီအရင်းခံကိစ္စကို ကုသပေးကြတာ။ ဒီတော့ ရောဂါသည်တွေမှာ အမြစ်ပြတ် ပျောက်ကင်းကြတာပေါ့ ကွယ်"

"အဘိုး ဒီပညာတွေတတ်တော့ ဘာဆက်လုပ်ရတုံးဗျ"

"ကျုပ်ကို တရုတ်ပြည်၊ ယိုးဒယားပြည်၊ ကမ်ပူးချား ပြည်၊ အဲ ကမ်ပူးချားပြည် ဆိုတာက မင်းတို့ အခုခေါ်နေတဲ့ ကမ္ဘောဒီးယားပြည်ကို ပြောတာကွယ့်။ ပြီးတော့ အိန္ဒိယပြည်တွေ ကို လှည့်လည်ပြီး ဆေးကုခိုင်းတယ်။ လူတွေရဲ့ အနာဂတ်ကို ကြည့်ပြီး သတိပေးသင့်တာ ပေးရတာပေါ့ကွယ်။ ကျုပ်က နောက်ပိုင်းမှာ တရုတ်စကား၊ ကုလားစကား၊ ယိုးဒယား စကား တွေပါတတ်သွားတာကွယ့်"

"အဘိုးကို အဲဒီအရပ်ကလူတွေက တော်တော်ရိုသေကြ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့နော်"

"ရှိလည်း ရှိသေး၊ အားလည်းကိုးကြ ဝါတယ်၊ ယိုးဒယား ဘုရင်ရဲ့ ဆွေတော်မျိုးတော်တွေကအစ အဘိုးကိုပင့်ပြီး ဆေးကုသ ကြတာကွယ့်။ အဘိုးကို ဆေးကိုယ်တော်လို့ ခေါ်ကြတယ်"

"အဘိုး စောစောကပြောတဲ့အထဲမှာ ဝိဉာဉ်နဲ့ ခရီးသွား တာလို့ ပြောတယ်နော်၊ အဘိုး အဲဒါ ဘာကိုခေါ်တာတုံးဗျ"

"ကျုပ် ဆရာတော်ရဲ့ အမိန့်ကြောင့် တိဘက်လာမာကြီး က ကျုပ်ကို သင်ပေးရတာကွယ့်။ ခန္ဓာကိုယ်ကြီးကနေ ဝိဉာဉ် ခန္ဓာကို ခွာထုတ်တာပေါ့ကွယ်"

"အဘိုး အဲဒါမျိုး ကျုပ် လုပ်တတ်တယ်ဗျ"

"ဟေ ဟုတ်လား မောင်တာတေ ဘယ်လိုတတ်တာတုံး"

"ကျုပ်မြို့မှာ ကျောင်းတက်တုန်းက ကျုပ်သူငယ်ချင်း ဘချစ်ဆိုတဲ့ကောင် သင်ပေးတာဗျ။ သူ့ကိုတော့ သူ့ရဲ့ မွေးစား ဖအေ မွန်ဆရာတော်ကြီး သင်ပေးတာလို့ ပြောတယ်"

"ဟေ ဟုတ်လား၊ အခု မောင်တာတေ အဲဒါလုပ်နေတာ ပဲလား"

"အခု မလုပ်တော့ဘူး အဘိုးရဲ့"

"ဟေ ဘာဖြစ်လို့တုံးကွ"

"ဟိုတလောက ကျုပ် တောင်ပလဲကုန်းလို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုတ်ရွာကြီးကို သွားသွားပြီး အဲဒီကကောင်တွေနဲ့ ညဘက်ကစား တာ အဘိုးရဲ့၊ ပြန်ရောက်မလာလို့ ကျုပ်ကို ဆရာကြီးတစ်ယောက် က ပြန်ခေါ်ပေးရတာ။ အဲဒီကတည်းက ကျုပ် မလုပ်ဖုံတော့တာ အဘိုးရဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ မောင်တာတေက တော် တော်ဆော့တာပဲကိုး။ အေးလေ၊ ကလေးပဲ ဆော့မှာပေါ့"

"တာတေ၊ အဘိုးကို ထမင်းကျွေးရအောင် ထမင်းဝိုင်း ပြင်ပြီးပြီ၊ ကဲ မင်းပါ အဘိုးအဖော်ရအောင် တစ်ခါတည်း ဝင်စားလိုက်ကွာ"

သူကြီး ဦးဘိုးထင်က ပြောတာဗျ။ ကျုပ်တစ်သက် ဒီတစ်ခါ သူကြီးအိမ်မှာ ပထမဆုံး ထမင်းစားဖူးတာပဲဗျ။

ထမင်းဝိုင်းမှာ သူကြီးက ကြက်သားအစပ်ချက် တစ်ခွက်၊ အရွက်စုံကြော် တစ်ခွက်၊ ငါးရံ့ခြောက်မီးဖုတ်ပြီး ဆီနှစ်အောင် စိမ်ထားတာက တစ်ခွက်ဗျ။ ပြီးတော့ ခရမ်းချဉ်သီးပန်ထွေဖျော်က တစ်ခွက်။ ဝင်းမှည့်နေတဲ့ ငှက်ပျောသီးဖီးကြမ်းတွေကိုချေပြီး ဖန်းကန်နဲ့ ထည့်ထားသေးသဗျ။ သူကြီးအိမ်က အဘိုးထိန်ကို ကျွေးတဲ့ ထမင်းဝိုင်းက မြိုင်ပါ့ဗျာ။

ထမင်းစားတော့ ကျုပ်ကသာ ဆာဆာနဲ့ နှစ်ပန်းကန် သောက် စားတာဗျ။ အဘိုးက စုစုပေါင်း ထမင်းကိုးလုပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စားတာ။ ပြီးတော့မှ ငှက်ပျောသီးတစ်လုံး စားတယ်။

ထမင်းစားပြီးတာနဲ့ အကြမ်းဝိုင်းမှာ ထိုင်ပြီး စကားဆက်ပြောတယ်။

"ဝိညာဉ်ခွာတာကို အဘိုးပြောပြမယ်၊ မောင်တာတေပြောတဲ့ ကိုယ်ပွားထုတ်တာပေါ့ကွယ်"

"ဟုတ်ကဲ့အဘိုး အမိန့်ရှိပါ"

"ကိုယ်ပွားထုတ်ကြတဲ့နေရာမှာ အချိန်တွေ လုပ်တာကတော့ သွားချင်တဲ့နေရာကို အာရုံစူးစိုက်ပြီး ထားတာကွယ့်။ စလေ့ကျင့်ကာစမှာ ဆရာသမားက အိပ်မွေ့ချပေးရတယ်။ ကိုယ်က စူးစိုက်ထားရတယ်။ အိပ်ပျော်တာနဲ့ တစ်ပြိုင်နက် ကိုယ်ပွားက စူးစိုက်ထားတဲ့နေရာကို ရောက်သွားတော့တာပေါ့ကွယ်။ မောင်တာတေက အဲဒီလို လုပ်တာလားကွယ့်"

"ဟုတ်ပါတယ် အဘိုး၊ ဒါပေမဲ့ ကျုပ်က ဆရာသမားမရှိတော့ ကိုယ့်ဟာကိုယ်ပဲ အိပ်ပျော်အောင် စိတ်ရော ရုပ်ရောဘာမှမတွေးဘဲ ငြိမ်ထားပြီး သွားမယ့်နေရာကို စူးစိုက်ထားလိုက်ရတာပေါ့ အဘိုးရယ်"

"ဪ အေး အေး၊ ဒါဆိုရင် မောင်တာတေက တစ်ဆင့်ကျော်လုပ်ရတာပေါ့၊ ဆရာ မရှိတော့ ချက်ချင်းသိယ်ဖြစ်မှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘိုး၊ ကျုပ် လေ့ကျင့်တာ သုံးလ လေးလလောက်ကြာမှ စဖြစ်တာဗျ"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ အေး အဘိုး နောက် တစ်နည်း ပြောရဦးမယ်။ ဒါကတော့ တိဘက်က လာမာကြီးတွေ နည်းပေါ့ကွယ်။ ဒါလည်း စစချင်းမှာ ဆရာလိုတာပဲကွယ့်။ ဆရာတွေက အိပ်မွေ့ချပေးပြီး ကိုယ်ပွားကို ထွက်လာအောင် အရုံစိုက်နိုင်းတာ ပက်လက်အိပ်နေတဲ့အတိုင်း ကိုယ်ပွားက ထွက် လာတာ။ တော်တော်မြင့်သွားမှ အောက်ကို ငုံ့ကြည့်ရင်း ကိုယ့်ရဲ့ ခန္ဓာကိုယ်ကို ပြန်တွေ့ရတယ်။ ငွေရောင်ကြိုးမျှင်လေးတန်းလို့ ကွယ့်။ ဘယ်နေရာမဆို စိတ်ညွှတ်လိုက်တာနဲ့ ရောက်သွားနိုင် တယ်"

"ဟာ တိဘက်နည်းက တော်တော်ကောင်းပါလား အဘိုးရဲ့"

"ဟာ ဒီလိုမဟုတ်ဘူး မောင်တာတေ၊ နှစ်မျိုးစလုံး အတူတူပဲကွယ့်၊ အစလေးသာ ကွာတာ။ နောက်ပိုင်း ကျွမ်းကျင် လာတော့ အတူတူပဲ စွမ်းဆောင်နိုင်တာပဲကွယ်"

"အဘိုး ဝိညာဉ်ခွာတာ ကျွမ်းကျင်သွားတော့ ဘာဖြစ် နိုင်တုံး အဘိုးရဲ့"

"ဟာ လူကလေးရဲ့၊ ဝိညာဉ်ခွာတဲ့ပညာရဲ့အနေးက



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းရဲ့ ဟိုဘက်ကို ရောက်အောင် သွားနိုင်တာပေါ့ကွယ်"

"ဗျာ"

"ဟုတ်တယ် မောင်တာတေ၊ သေခြင်းရဲ့ ဟိုဘက်ကို သွားပြီး ပြန်လာနိုင်အောင် ကျင့်ရတယ်"

"ဟာ ဒီလောက်အထိတောင်လား အဘိုးရဲ့"

"ဟုတ်တယ် မောင်တာတေ၊ အချိန်ကန့်သတ်ချက်တော့ ရှိတာပေါ့ကွယ်၊ သိပ်ကြာသွားရင်တော့ ပြန်လာလို့ မရနိုင်တော့ဘူးပေါ့။ ကန့်သတ်ချက်အချိန်အတွင်း ပြန်လာနိုင်ရင်တော့"

"ဟင်၊ ဘာ ဘာဖြစ်တုံး အဘိုး"

"နောက်တစ်ဘဝ ဆက်နေပေါ့ကွယ်"

"ဟာ ဒီလူက အိုမင်းမသွားတော့ဘူးလား အဘိုးရဲ့"

"မင်း သေခြင်းရဲ့ ဟိုဘက်ကိုသွားပြီး ပြန်လာတဲ့အရွယ်ဟာ အသက်ငါးဆယ်ဆိုပါတော့၊ အဲဒါထက်ပိုပြီး မအိုတော့ဘူးလေ"

"ဒါဆိုရင် အဘိုး သေခြင်းရဲ့ ဟိုဘက်ကို ဘယ်နှကြိမ် သွားပြီး ဘယ်နှကြိမ် ပြန်လာလို့ရတုံးဗျ"

"ဒီအထိတော့ မောင်တာတေ မသိချင်ပါနဲ့ကွယ်"

ကျုပ် သိချင်တာ နည်းနည်းများသွားပြီဆိုတာ သိလိုက်လို့ ပါးစပ်ကို စေ့ထားလိုက်ရတယ်။ အဘိုးထိန်ဟာ သူ့အစေ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးဆင်ရဲ့ ငယ်သူငယ်ချင်းဆိုတာ ယုံကြည်သွားတဲ့ ကျုပ်တို့ သူကြီးက အဘိုးထိန်ကို သူ့အိမ်မှာ ပျော်သလောက်နေဖို့ ပြော တယ်ဗျ။

"သိပ်ကြာကြာတော့ နေလို့မရပါဘူး လူကလေး မောင်ဘိုးထင်၊ ကျုပ်မှာ သွားစရာကိစ္စတွေ ရှိနေတယ်ကွယ့်။ ဒါပေမဲ့ ကျုပ် တစ်လလောက်နေပြီး ဟောဒီရွာနဲ့ အနီးအနားရွာ တွေကို လှည့်သွားလာပြီး ဆေးဝါးကုသပေးချင်တယ်ကွယ်"

"ဟာ စိတ်ချပါ အဘိုး၊ ကျုပ် လိုက်ပို့ပေးပါမယ်"

လို့ ကျုပ်က တက်တက်ကြွကြွ ပြောလိုက်တော့ သူကြီး က သူ့အိမ်ကလှည်းနဲ့ လိုက်ပို့မယ့်အကြောင်းနဲ့ ဆယ်အိမ်ခေါင်း ကိုဆယ်က လှည်းမောင်းရမယ်လို့ အမိန့်ထုတ်သဗျ။ နောက်နေ့မှာ ထနောင်းကုန်းရွာထဲက မကျန်းမာတဲ့သူတွေကို အဘိုးထိန် ဆေး ကုပေးတယ်။

ကျုပ်အဘလည်း မျက်စိပြလို့ အဘိုးက မျက်စဉ်းရော၊ စားဆေးရော ပေးတယ်။ အဘလည်း ချက်ချင်းကို သက်သာသွား တာဗျ။

နောက်နေ့ရောက်တော့ ဘန့်ဘွေးကုန်းသူကြီးအိမ်မှာ ထိုင် ပြီးဆေးကုတယ်။ နောက်နေ့ မီးလောင်ကုန်း၊ နောက်တစ်နေ့ ကျုပ်တို့ရွာ၊ ဒီလိုနဲ့ အဘိုးထိန်က တစ်လလောက် ဆေးကုပေး



www.burmeseclassic.com

www.burmeseclassic.com



တော့ တခြားရွာတွေကပါ သတင်းကြားပြီး လာလိုက်ကြတာဗျာ။ ကျုပ်ကတော့ အဘထိန်ဘေးမှာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးရတာပေါ့ဗျာ။

အဘိုးထိန်က ဆေးကုရင်း လူတွေရဲ့ အနာဂတ်ကို ပြောပြတယ်။ ဆုံးမသင့်တဲ့လူကိုလည်း ဆုံးမတယ်ဗျ။

တချို့ရွာတွေမှာကျတော့ အဘိုးထိန်က ကုသိုလ် အကုသိုလ်ကို ခွဲခြားသိဖို့ တရားဟောတယ်ဗျ။ အဘိုးထိန်က အသက်ရှစ်ဆယ်အထိ ရဟန်းဝတ်နဲ့ နိုင်ငံတော်တော်များများကို လှည့်ပြီးသွားလာခဲ့တာဆိုတော့ တရားဟော အလွန်ကောင်းတာဗျ။

လူတွေက အဘိုးထိန်ကို ငွေတွေ ကန်တော့ကြတယ်။ အဘိုးထိန်က တစ်ပြားတစ်ချပ်မှ လက်မခံဘူးဗျ။

ဘယ်ရွာက ဘယ်အိမ်မှာပဲ ထမင်းကျွေးကျွေး အဘိုးထိန်က ထမင်းကိုးလုပ်ပဲ စားတယ်။

ပုဗ္ဗာရုံကျောင်းက ကျုပ်ဆရာတော် ဦးဇဏကိုလည်း ဆေးဝါးကုသပေးပြီး သမထ အားထုတ်ပုံ အားထုတ်နည်းကို သေသေချာချာ သင်ပေးတယ်ဗျ။

တစ်လကျော်ကျော်လောက်နေပြီးတော့ ဘယ်လိုမှ တောင်းပန်လို့ မရတော့ဘူးဗျ။ အဘိုးထိန် ပြန်သွားတယ်။

"အဘိုး ဘယ်ကိုသွားမှာတုံးလို့"



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်မှာ ကျုပ်က မေးတယ်။ အဘိုးကို မြို့ရောက်အောင် ကျုပ်က လှည်းနဲ့ လိုက်ပို့တာလေဗျာ။ ကျုပ်မေးတော့ အဘိုးထိန်က ပြောတယ်ဗျ။

"ကျုပ် ဒီတစ်ခါ တိဘက်ကို သွားရလိမ့်မယ် မောင်တာတေ၊ နည်းနည်းတော့ ကြာလိမ့်မယ်၊ နောင်တော့ အဘိုးတို့ ဆရာတပည့်တွေ ပျော်ပျော်ရွှင်ရွှင် ပြန်တွေ့ကြမှာပေါ့ကွာ"

ဒီစကားက အဘိုးထိန်က ကျုပ်ကို နောက်ဆုံးပြောခဲ့တဲ့ စကားပဲဗျ။ ခုချိန်အထိတော့ အဘိုးထိန်နဲ့ ကျုပ်နဲ့ တစ်ခါမှ ပြန်မတွေ့ကြသေးပါဘူးဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



[illegible]

ကျယ်လောင်စူးရှသော အသံကြောင့် ကျွန်ုပ် အိပ်ရာမှ လန့်နိုးသွားခဲ့သည်။ ခန္ဓာကိုယ်နှင့် အသိစိတ် မူးကပ်မှိုတွယ်လိုက်သည်နှင့် ကျွန်ုပ်၏ လက်တစ်ဖက်က လက်ျာနံပါးတွင် ချထားသော ဓားလွှတ်ကို ဖျတ်ခနဲ ကိုင်တွယ်မိလျက်သား ဖြစ်သွားသည်။

ကျွန်ုပ် အတန်ကြာမျှ ငြိမ်သက်နေမိလိုက်သည်။ ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် တိတ်ဆိတ်လျက် ရှိသည်။ ရုတ်တရက် နှင်းကျားသစ်တစ်ကောင်၏ ကျယ်လောင်သော ဟိန်းဟောက်သံ ထွက်ပေါ်လာပြန်သည်။ တရှိုးရှိုးမြည်သော လေနှင်သံလို လေအော်သံ ထွက်ပေါ်လာသည်။ ကျွန်ုပ် အိပ်ပျော်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် စူးရှစွာ အော်ဟစ်လိုက်သော အသံသည် သင်၏ အသံပဲ ဖြစ်လိမ့်မည်။ သည်အခါမှာ ကျွန်ုပ်သည် စိတ်လက် ပေါ့ပါးသွားကာ ဓားကို အသာအယာပင် ပြန်ချလိုက်မိသည်။ ကျွန်ုပ် အသိအာရုံထဲတွင် နိုးကြားဖျတ်လတ်မှုသည် ခန္ဓာကိုယ်အနှံ့ စိမ့်ဝင်လျက် တစ်ခါတစ်ရံတော့ အထီးကျန်နေရခြင်းသည် ခွန် အားသစ်တစ်မျိုးကို ဖြစ်စေ၏။

ပက်လက်အနေအထားဖြင့်ပင် ကျွန်ုပ် ငြိမ်သက်လဲ လျောင်းနေစဉ်မှာပင် ဟိုးခပ်ဝေးဝေးမှ နှင်းပြိုသံ၊ သစ်ရွက်များ ပေါ်သို့ နှင်းခဲများ ခပ်စိပ်စိပ်ကျသံကို တစ်ရံမလပ် ကြားနေရ မြန်သည်။ ဆီးနှင်းပျော် တောကောင်ကလေးများ ပြေးလွှားသံ၊ နှင်းခဲထုကို ယက်ထုတ်နေသံ တစ်ခါတစ်ခါ ကြားနေရသည်။ တိုက်ခတ်နေသော ရေခဲလေထဲတွင် အေးစက်စက်နှင်းတွေ ရွေ့ လျားနေကြ၏။

"ဟူး"

ကျွန်ုပ် ဟူးခနဲ တစ်ချက်မျှ သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ဆက်၍အိပ်ပျော်ရန် ကြိုးစားလိုက်မိသည်။ တရှိန်ရှိန်မြည်နေသော နှင်းလေသည် ရက်ရက်စက်စက် တိုက်ခတ်လျက်ရှိသည်။ ထိုနှင်း လေသည် ထက်ရှသော သင်တုန်းဓားသွားပမာ လူတစ်ယောက်၏ အရေပြားကို တစ်လွှာစီ ဖွဲ့ထုတ်နိုင်စွမ်း ရှိပေသည်။ ရက်စက် သော ဆောင်းကာလပေတကား။ ညှာတာခြင်းမရှိသော ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေတကား။

လေသည် တဝေါဝေါမြည်ကာ တိုက်ခတ်လျက်ရှိသည်။ နှင်းစက်တွေ တဖြည်းဖြည်း မြည်သံထွက်ပေါ်လာသည်။ ယခု အချိန်မှာတော့ ကျွန်ုပ်သည် တောအုပ်အစပ်ရှိ ကျောက်ဂူကလေး တစ်လုံးထဲတွင် လုံခြုံနွေးထွေးစွာဖြင့် တစ်ညတာကို အိပ်စက်နိုးနား လျက် ရှိပေပြီ။ ရက်ပေါင်းများစွာ စိတ်၏ဆင်းရဲခြင်း၊ ခန္ဓာကိုယ် ၏ ဆင်းရဲခြင်းအတွက် ခေတ္တခဏကလေး အနားယူရခြင်းဟု ဆိုပါက မှားနိုင်လိမ့်မည် မဟုတ်ပေ။

ကျောက်ဂူ၏ အပြင်ဘက်တွင် နှင်းမုန်တိုင်းငယ်တစ်ခုက မနေ့ကပင် တိုက်ခတ်သွားခဲ့ပေပြီ။ ကျွန်ုပ်သာ ကံသီပေ၍ ကံအားလျော်စွာ ဤကျောက်ဂူကလေးထဲတွင် ဝင်ရောက်နိုးနားခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။ ကြည့်လေရာရာ ဝါဂွမ်းစိုင်များသဖွယ် နှင်းထုက ပိတ်ဆို့ကာဆီးနေခဲ့သည်။ ယခုမှသာ နှင်းမုန်တိုင်း ငြိမ်သက်သွားခြင်း ဖြစ်သည်။ သို့သော် တဖျောဖျော မြည်သံ တော့ တစ်ချက် တစ်ချက် ကြားနေရသေးသည်။

❑

မည်မျှအချိန်ကြာသွားပြီ မသိ။ ကျောက်ဂူဝသို့ အလင်း ဝါဝါမျှင်ကလေး တို့ထိသည့်အချိန်ကျမှ ကျွန်ုပ် အိပ်ရာကျနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှ နိုးလာခဲ့သည်။ သို့တစေ ပတ်ဝန်းကျင်ကား တိတ်ဆိတ်လျက် ပင် ရှိလေသည်။ ရုတ်တရက် ဆိုလျှင်တော့ ထူထဲသိပ်သည်း သော နှင်းထုလွှာ ပတ်ဝန်းကျင်ထဲမှာ နေနေရခြင်းကပင် တစ်ကမ္ဘာလုံး၌ ကျွန်ုပ်တစ်ယောက်တည်း အထီးကျန်ဖြစ်နေရ သကဲ့သို့ ခံစားနေရခြင်းဖြစ်သည်။ ပတ်ဝန်းကျင်တွင် အေးစက် ပြောင်ချောနေသော ကျောက်တုံးကြီးများအနံ့။ ကျွန်ုပ် လဲလျောင်း ရာမှ အသာထထိုင်လိုက်မိသည်။ နှင်းခဲတွေ တဖြုတ်ဖြုတ် ဝဲလွင့် ကြွေကျကာ ကျောက်ဂူနံရံကို လာရိုက်သံ ထွက်ပေါ်လာပြန်သည်။ ကျောက်ဂူထဲတွင် အလင်းရောင် တိုးဝင်ကာစပဲ ရှိသေးသည်။ ကျွန်ုပ် အိပ်ရာ၏ လက်တစ်ပြန်တွင် မီးလင်းဖိုရှိသည်။ ယခုချိန် မှာတော့ မီးလင်းဖိုသည် နှင်းငွေ့ဖြင့် အစိုပြန်ကာ မီးငြိမ်းနေပေပြီ။ တစ်ညလုံး ဖိုထားသဖြင့် ပြာမှုန့်တွေသာ ရှိတော့သည်။ ပြာမှုန့် များသည် တရွေ့ရွေ့ လှုပ်နေကြ၏။

ကျွန်ုပ် သားမွေးဝတ်ရုံလွှာကို ရင်ဘတ်အထိ ဆွဲစေ့ကာ မီးဖိုရှိရာသို့ လျှောက်သွားရင်း မီးခတ်ကျောက်ကို ဆွဲယူကာ မီးဖိုရန် ကြိုးစားရတော့သည်။ အပြင်ဘက်တွင် ဆောင်းလေသည် တသုန်သုန် လွင့်ပါးနေဆဲပင်။

မီးဖိုမှ မီးတောက်လာသည်နှင့်အမျှ အအေးဒဏ်က သိသာစွာ လျော့ပါးလာခဲ့သည်။ ကျွန်ုပ်သည် ပါလာသော ခိုဘွာ ခြောက်ဖြစ်သည့် အသားခြောက်ကို မီးဖိုတွင် ကင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် လွယ်ကူရိုးစင်းသော နံနက်ခင်းစာသာ ဖြစ်သည်။

သည်လိုနှင့် နံနက်ခင်းသည် တဖြည်းဖြည်း အိုမင်းရင့်ရော်လာသည်နှင့် ကျွန်ုပ် ဂူပေါက်အပြင်သို့ ထွက်လိုက်သည်။

"အား ပါး"

ဂူထဲတွင် နွေးထွေးသလောက် ဂူအပြင်ဘက် ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် အအေးဓာတ်က စောင့်ကြိုလျက် ရှိပေသည်တကား။ ကြည့်လေရာ ပတ်ဝန်းကျင်သည် နှင်းခဲဖြူဖြူများဖြင့် ပိတ်ဆို့ကာဆီးထားပေသည်။ နှင်းခဲထုသည် ဝါဂွမ်းစိုင်များကဲ့သို့ အဆုပ်လိုက်၊ အခဲလိုက် ကျဆင်းနေပေသည်။ ကောင်းကင်တစ်ခုလုံး ဖြူဖွေးတောက်ပနေပြီး နှင်းခဲများသည် လေထုထဲတွင် စီးမျောနေကာ လွင့်ပျံနေသည်။ ကြည့်လေရာ မျှော်လေရာ နှင်းထုလွှာချည်းသာတည်း။ မိုးတိမ်တောင်တွေကလည်း နှင်းထုတွေချည်း။

မြင့်မားသော တောင်ထွတ်များ၊ နှင်းဖုံးနေသော တောင်စွယ်၊ သစ်ပင်တို့ကို ကြည့်ရင်း ကျွန်ုပ်အဖို့ ဝေဒနာဟောင်းက တစ်ဖန် ပြန်ပေါ်လာသည်။ ဤခရီးကြမ်းသည် ကျွန်ုပ်၏ ချစ်လှစွာသော ဇနီး ပုလဲဒေဝီကစ၍ ပြောပြမှ ပြည့်စုံပေလိမ့်မည်။

ယခုအချိန်မှာတော့ ချစ်လှစွာသော ပုလဲဒေဝီသည် ဝိညာဉ်မဲ့ ခန္ဓာကိုယ်ဖြင့် ကျောက်ဂူတစ်လုံးထဲတွင် ရှိနေပေသည်။ ကျွန်ုပ် ခရီးဝေးတစ်ခုမှ ပြန်လာခိုက်တွင် ပုလဲဒေဝီ၏ သက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်က ကျွန်ုပ်ကို နလုံးကြေကွဲဖွယ်ရာ ဆီးကြိုနေသော ကြောင့်ပေတည်း။ ပုလဲဒေဝီသည် ခြံထဲတွင် စိုက်ပျိုးထားသော စပျစ်သီးများကို ခူးဆွတ်နေခိုက် စပျစ်နွယ်တွင် ရစ်ပတ်နေသော မြွေဟောက်တစ်ကောင်၏ ကိုက်ခဲခြင်းကို ခံလိုက်ရကာ ရုတ်တရက် သေဆုံးသွားရခြင်း ဖြစ်ပေရာ ကျွန်ုပ်အဖို့ ကမ္ဘာပျက်ရခြင်းပင်။

ကျွန်ုပ်သည် မြွေဆိပ်ကြောင့် ပြာနှမ်းနေသော သူမ၏ ခန္ဓာကိုယ်ကို မြေမြှုပ်ခြင်းမပြုမီ ကျောက်ခေါင်းတလားထဲတွင် ထည့်ကာ လုံခြုံစိတ်ချရသော ကျောက်ဂူထဲတွင် ထည့်ပြီး၍ ခရီးကို စတင်ခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်ုပ် ရူးသွပ်ခြင်းပေလော။

ကျွန်ုပ် မရူးသွပ်ပါ။

ကျွန်ုပ် ဤကြမ်းတမ်း၍ ကြောက်မက်ဖွယ်ကောင်းလှသော ခရီးကို ဖြတ်သန်းသွားလာနေခြင်းမှာ ပုလဲဒေဝီ အသက်ရှင်ရေးဖြစ်သည်။ ပြန်လည်နိုးထ အသက်ပြန်လည်ရှင်သန်ရေးသည် ကျွန်ုပ် ရူးသွပ်ခြင်းမဟုတ်၊ သေသူကို အသက်ပြန်သွင်းသော အတတ်ပညာတစ်ခုသည် ဤလောကတွင် အမှန်တကယ်ရှိသည်ဟု ပြောလျှင် ယုံကြည်ကြပါမည်လား။

ဆောင်းကာလ လွန်မြောက်၍ နွေဦးရာသီ ရောက်ပြီဆိုလျှင် အိန္ဒိယမှလည်းကောင်း၊ တိဗက်မှလည်းကောင်း မုဆိုးကြီးများ စူးစမ်းရှာဖွေသူများ၊ ဆေးဥဆေးမြစ် ရှာဖွေကြသော သမား



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးများသည် မြန်မာပြည်မြောက်ဖျားအရပ်များသို့ ဆင်းလာ တတ်လေ့ရှိသည်။ ထိုသို့သော ပုဂ္ဂိုလ်ကြီးများနှင့် ကျွန်ုပ်သည် ရင်းနှီးကျွမ်းဝင်နေကာ ဆွေမျိုးတမျှ ဖြစ်နေပေပြီ။ အထူးသဖြင့် တိဗက်ကြီးများသည် ကျွန်ုပ်၏အိမ်တွင် စားအိမ်သောက်အိမ် ခိုနားစရာ ဖြစ်နေပေပြီ။ ထိုအုပ်စုထဲတွင် ကျွန်ုပ်နှင့် ညီအစ်ကို ရင်းတစ်မျှ ခင်မင်ကျွမ်းဝင်သူမှာ တိဗက်ဆေးဆရာတစ်ပိုင်း၊ မှဆိုးတစ်ပိုင်းဖြစ်သည့် မှဆိုးကြီးချိုပင်ဖြစ်သည်။

ညအခါ လသာသာရက်များတွင် ချို၏သဝအတွေ့အကြုံ စွန့်စားခန်းများသည် အံ့သြထူးဆန်းစရာများနှင့် ပြည့်နှက်နေတတ် သည်။ ပုံပြင်ဆန်လွန်းလှသည်။

အစားအစာ မစားဘဲ လပေါင်းများစွာ နေနိုင်သည့် တိဗက်ဘုန်းတော်ကြီးများ။ ရေပေါ်လမ်းလျှောက်သည့် တိဗက် ဘုန်းတော်ကြီးများ။ နှစ်ပေါင်း ၃၀၀၀ တွင် တစ်ကြိမ်သာ သီးသော အမတပန်းတောက်ပွင့်(ခေါ်)သစ်တော်ပင်ကြီး ရှိကြောင်း၊ ထိုသစ်တော်ပင်ကြီးကို စောင့်ရှောက်ရသူမှာ မယ်တော်ရှီဝမ်းမူ ဖြစ်ပြီး မယ်တော်ရှိရာ ခွန်လွန်တောင်တန်းဆီသို့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ စုဝေးလာလျှင် မယ်တော်က မိုဝဲဘုဉ်းပေးနိုင်ရန် စီမံဆောင်ရွက်ရပုံ စသည် စသည် ထူးဆန်းဖွယ်ရာများကိုပါ ကြားသိခဲ့ရသည်။

တစ်နေ့ လသာရက်တစ်ရက်တွင် ချိုသည် အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်း ထူးဆန်းသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြလေသည်။

"ကောင်လေး ဗျူး၊ နင့်ကို ငါ ထူးဆန်းအံ့ဩစရာ ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြမယ်"

"ပြောပါ၊ အာစရိချို"

"ဒီလိုကွယ်၊ တစ်နေ့ ငါ ဒူါလာဂီရိတောင်ပတ်လည်နား မှာ တောကောင်နဲ့ သစ်သီးသစ်ဥ ရှာဖွေနေတုန်းကပေါ့။ နှင်းတွေ ကလည်း ထူထပ်သိပ်သည်းပြီး ကျနေတယ်။ မြင်လေရာရာမှာ နှင်းထုနှင်းလွှာတွေချည်းပဲ။ အဲဒီနေ့မွန်းတည့်ချိန်ထိ ငါ့မှာ ဘာ သစ်သီးသစ်ဥ၊ ဆေးမြစ်မှ ရှာဖွေလို့ မရနိုင်သေးဘူး။ ပတ်ပတ် လည် ရေခဲတောင်တွေချည်းပဲ ဗျူးရဲ့။ ဒီအချိန်မှာ ဟိုးဝေးဝေးက နေ ထူးဆန်းတဲ့အသံတွေ စတင်ပြီး ကြားလာရတယ်။ ဒီအချိန်မှာ နေရောင်ကလည်း လုံးဝဆိုမှ လုံးဝကို မတွေ့ရသေးတဲ့အချိန်ပေါ့ ဗျူး"

ကျွန်ုပ် အံ့ဩတကြီး နားထောင်နေမိသည်။ ဘာမှတော့ မမေးမိ။

"ငါ အဲဒီနေရာကို ဆေးမြစ်၊ ဆေးဥ ရှာရင်း ခဏခဏ ရောက်ခဲ့တာပဲ"

"ဘာသံတွေလဲ အာစရိ"

ပထမဦးဆုံး ကျွန်ုပ်ထံမှ မေးခွန်း၊ ချိုသည် ကျွန်ုပ်ကို တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စည်တီးသံတွေ"

"ဪော်"

"ဟုတ်တယ်၊ စည်တီးသံ၊ တစ်ဆက်တည်းမှာပဲ ဗုဒ္ဓရဲ့ ကျမ်းစာရွတ်သံတွေပါ ကြားလာရတယ်"

ကျွန်ုပ် အထိတ်တလန့် အံ့ဩစွာ ငေးကြောင်မိလျက် သား ဖြစ်သွားသည်။

"ဒီလောက်ရေခဲတောင်တွေ၊ နှင်းခဲတွေ ပြည့်သိပ်နေတဲ့ လူသူမရှိတဲ့ တောင်တွေကြားထဲမှာ ဒီမန္တရွတ်သံ၊ စည်သံတွေက ဘယ်လိုထွက်ပေါ်လာတာလဲ၊ အံ့ဩစရာပါပဲလား ချို"

ချို၏ မျက်ဝန်းညိုများသည် ရုတ်တရက် အရောင်လက် သွားသည်။

"ငါလည်း ရုတ်တရက်ဆိုတော့ အထိတ်တလန့်ရယ်၊ အံ့ဩတာရယ်၊ မယုံနိုင်တာရယ် ဖြစ်သွားတာပေါ့ ဖျူရ။ ငါ အရင်တုန်းက အမဲလိုက်ရင်ဖြစ်ဖြစ်၊ ဆေးမြစ်ရှာရင်ဖြစ်ဖြစ် ဒီနေရာကို အမြဲရောက်တတ်တာ။ ခုမှ ကြားရတယ်လေ၊ ငါ့ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထပြီး ဘယ်လိုဖြစ်သွားမှန်း တောင် မသိတော့ဘူး။ ဒါနဲ့ အသံကြားရာကိုမှန်းပြီး လိုက်ရှာတော့ ကျောက်နံရံအကွဲကြီးတစ်ခုကို သွားခနဲ တွေ့လိုက်ရတာပဲပေါ့"

"ဪော်"

ကျွန်ုပ် အထိတ်တလန့် မြည်တမ်းလိုက်မိသည်။ ချို



www.burmeseclassic.com

www.burmeseclassic.com



သည် ဆက်မပြောသေးဘဲ အဖန်ရည်တစ်ခွက်ကို ငှဲ့သောက်နေပြန်သေးလေသည်။ ထို့နောက်…

"အဲဒီမှာ တခြားကမ္ဘာတစ်ခု၊ လောကသစ်တစ်ခုကို တွေ့လိုက်ရတာလေ။ ငါ အဲဒီနံရံ၊ ကျောက်ထရံအကွဲကြီးထဲကို ချောင်းကြည့်လိုက်မိတယ်။ အားပါး၊ တယ်ဆန်းကြယ်တာပဲကွ၊ ငါ့မျက်စိတောင် ငါမယုံသလို ဖြစ်သွားမိတယ်။ ဘာသွားတွေ့လဲဆိုတော့ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်းဆိုပြီး သေးသေးကွေးကွေး မဟုတ်ဘူးနော်၊ ရောမကျောင်းကြီး၊ အမြင့်ဆုံး တောင်ထွတ်ပေါ်မှာ ရှိနေတော့ ကျောင်းကြီးဟာ ဟိုး တိမ်တွေကြားထဲကို တိုးဝင်နေတယ်။ ပြီးတော့ တမျှော်တခေါ် လယ်ကွင်းပြင်တွေ၊ သစ်သီးခြံတွေ၊ ဝတ်ရုံအဝါဝတ် ဘုန်းတော်ကြီးတွေ၊ သူတော်စင်တွေ သွားလာနေတာ တွေ့လိုက်ရတယ်"

"ထူးဆန်းလိုက်တာ အာစရိရယ်"

"ဒါနဲ့ ငါ မိသားစုကိုပြဖို့ ကျောက်ထရံအကွဲကြီးကို အမှတ်အသားအနေနဲ့ ခားရယ်၊ သေနတ်ရယ်၊ အဲဒီနေရာမှာ ထားခဲ့တယ်"

"နောက်တော့ကော…"

ချို၏မျက်နှာသည် တောက်ပနေရာမှ ရုတ်တရက် မှုန်ရီအေးစက်ကာ မျက်ဝန်းညိုများသည် ဖျော့တော့မှေးမှိန်သွားသည်။

"ငါ့မိသားစုနဲ့ အိမ်နီးချင်းတွေကို ခေါ်ပြီး ပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နံရံကြီးကို မတွေ့ရတော့ဘူး"

"အို…ဟုတ်လား၊ ထူးဆန်းတယ်နော်"

ကျွန်တော် နှုတ်မှ အာမေဋိတ်တစ်လုံး ပြုတ်ကျသွားသည်။ ချိုက ဆက်၍…

"ငါထားခဲ့တဲ့ ဓားရယ်၊ သေနတ်ကိုပဲ နှင်းခဲတွေအောက်မှာ မနည်းရှာယူခဲ့ရတယ်။ ကောင်လေး ကျောက်နံရံကြီးသာမကဘူး။ ဘုန်းတော်ကြီးကျောင်းကော လယ်ကွင်းတွေ၊ သစ်သီးခြံတွေကော မတွေ့ရတော့ဘူး ဗျွှ"

"ဘယ်လိုဖြစ်သွားတာလဲ"

"ငါ စဉ်းစားမရဘူး၊ အဲဒီနေရာကို ငါ ပထမဆုံးနဲ့ နောက်ဆုံး တွေ့ခဲ့ရခြင်းပဲ။ နောက် ငါ ဘယ်တော့မှ မတွေ့ရတော့ဘူး။ အခေါက်ပေါင်းများစွာ ထပ်ရှာတယ်၊ မတွေ့ရတော့ဘူး"

ချို၏မျက်နှာသည် ကျည်ဆန်ထွက်သွားသော သေနတ်ပြောင်းဝလို အူပေညှိမှိုင်းသွားသည်။

"အဲဒီနေရာလား"

"ပျောက်ဆုံးသွားသော မိုးကုတ်စက်ဝိုင်း"

ကျွန်ုပ်၏ နားစည်ထဲတွင် အနည်းငယ် ရှပ်တွေးဆန်းကြယ်သွားသည်။ ဘာတဲ့၊ ပျောက်ဆုံးသွားသော မိုးကုတ်စက်ဝိုင်းတဲ့။ ကျွန်ုပ် အသိဉာဏ်မမီစွာ စဉ်းစားနေဆဲမှာပင်…

ချို၏ နှုတ်ဖျားမှ တစ်လုံးချင်း လျှံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေရာက ရှမ်ဗဲလား"

"ဟင်…ဘာရယ်၊ ချို ရှမ်ဗဲလား"

"ဟုတ်တယ်၊ ပျောက်ဆုံးသွားသော မိုးကုတ်စက်ဝိုင်းလို့ ခေါ်တဲ့ ရှမ်ဗဲလား"

ကျွန်ုပ်ရင်ထဲတွင် ရှမ်ဗဲလားဟူသော ဝိသေသ အမည် နာမသည် ပဲ့တင်ထပ်သွားသည်။

"ရှမ်ဗဲလား…ရှမ်ဗဲလား…ရှမ်ဗဲလား"

"ဟုတ်တယ်၊ ကောင်ကလေး၊ အဲဒီရှမ်ဗဲလားဆိုတာ ငါ့မျက်စိရှေ့တွင် ပျောက်သွားခဲ့တာ၊ ကဲ…ဘယ်လောက်အံ့ဩ စရာကောင်းသလဲ"

ချို၏အသံမှာ တိုးတိမ်စွာ အက်ကွဲတုန်ရီနေသည်။

□

ကျွန်ုပ် ဝူပြင်သို့ ထွက်လိုက်သည်။ ပတ်ဝန်းကျင်တွင် နှင်းခဲနှင်းပွင့်ဖြူတွေ ဝဲပျံနေသည်။ နှင်းပွင့်ဖြူများသည် သစ်ပင် တွေပေါ် ဟိုးဝေးဝေး တောင်တန်းတောင်ကုန်းတွေပေါ်သို့ အဆုပ် လိုက်၊ အခဲလိုက် ဖုံးအုပ်နေရာ ကြည့်လေရာရာ နှင်းခဲလွင်ပြင် ကြီးသာ ဖြစ်နေသည်။ သစ်ပင်များသည် နှင်းခဲများကြောင့် အဖြူရောင် ခြုံထည်များကို လွှမ်းခြုံထားသကဲ့သို့ ထင်မှတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အေးစက်ကာ လေးလံကြွပ်ဆတ်နေသောလေက ကျွန်ုပ်ကို ပွတ်သပ်ကျီစယ်သွားသေး၏။

လေတစ်ချက် တစ်ချက် သွေးလိုက်သည်နှင့် နှင်းပွင့်ဖြူများသည် တဖွားဖွား ဝဲပျံကျဆင်းနေပေသည်။ ဟိုးဝေးဝေး နှင်းဖုံးတောင်ဘက်ဆီမှ ငှက်တစ်ကောင် ပျံသန်းလာကာ မြောက်ဘက်ကောင်းကင်သို့ ထိုးတက်ပျံသန်းသွားသည်။ လေသည် ကျွန်ုပ်၏ လွတ်နေသော အသားများကို အပ်နှင့် ဆွသကဲ့သို့ ရှိသည်။ အအေးဓာတ်ကား ဓားဖြင့် ထိုးဆွသကဲ့သို့ ခံစားရကာ အသားတွေ ပဲ့ကြွေကျမတတ်။ လေတိုက်သံက တရှိုးရှိုး မြည်နေသည်။

ဤမျှ ဆိုးဝါးပြင်းထန်လှသော ရာသီဥတုကို ကျွန်ုပ်၏ ဘဝတစ်လျှောက်တွင် မကြုံဘူးခဲ့ချေ။ သို့သော် အေးမြလတ်ဆတ်သော လေနှင့် ဝါဠမ်းစိုင်တွေလို ပတ်ဝန်းကျင်က ကျွန်ုပ်ကို တစ်ဒင်္ဂမျှ ငြိမ်းချမ်းမှုကိုသာ ပေးနိုင်သည်။ ရင်ထဲမှ မီးတောက်မီးလျှံ သောကအပူကိုတော့ မည်သည့်ငြိမ်းအေးမှုကမျှ မငြိမ်းသတ်နိုင်ပေ။

ဤခရီးကြမ်းကို ဖြတ်သန်းကျော်ဖြတ်သွားနေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ချစ်ဇနီး ပုလဲဒေဝီ အသက်ပြန်လည်ရှင်သန်ရေး၊ ဝိညာဉ်ချုပ်ရာမှ ပြန်လည်နိုးထ ရှင်သန်ရေးတင်ခဲ့သာ ဖြစ်ပေသည်တကား။

ရုတ်တရက် ကျွန်ုပ်ရင်ထဲသို့ အားငယ်စိတ်ဝင်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤခရီးကြမ်းသည် ကျွန်ုပ် ရောက်လိုသော နေရာဒေသဟု စိတ်ထဲမှ ယုံကြည်နေသော်လည်း ခရီးဆက်ရမည်မှာ လိုပေသေးသည်။ မြင်လေရာ၊ ကြည့်လေရာသည် နှင်းဖုံး၊ ရေခဲဖုံး တောင်ထွတ်များသာတည်း။ ကျွန်ုပ် ဦးတည်နေသည်မှာ ကေလာသတောင်သာဖြစ်သည်။ ကေလာသတောင်၏ တစ်နေရာတွင် ကျွန်ုပ် ရောက်ချင်လွန်းလှသော ရှမ်ဗလား ရှိသည်မဟုတ်လား။ ထိုနေရာတွင် အသက်သေသူကို ပြန်လည်ရှင်သန်အောင် ဖန်တီးနိုင်စွမ်းရှိသည့် ဆရာသခင်တွေ ရှိသည်။ ထိုနေရာသို့ ကျွန်ုပ် ရောက်အောင် သွားရမည်။

တောလိုက်မုဆိုးကြီး ချို၏ နှုတ်ထွက်စကားအရ ဆိုပါမူ တရုတ်ပြည် အနောက်ဘက်များမှာ ဟိမဝန္တာတောင်မင်းနှင့် ဆက်စပ်နေပေသည်။ သူ၏ ဆိုစကားအရ တိဗက်နှင့် ခွန်လွန်တောင်တန်းတစ်နေရာတွင် စုံတောမြိုင် ရှမ်ဗလား ရှိရမည်ဟု ပြောခဲ့သည်။

ယခု ကျွန်ုပ်ရောက်ရှိနေသော နေရာသည် တိဗက်ပြည်တွင်းရှိ ကေလာသတောင်လော၊ မည်သည့်နေရာလော။ အတိအကျ မသိနိုင်။ ခွန်လွန်တောင်အနီးလော စဉ်းစားမရ။ ကြည့်လေရာရာ ရေခဲပွင့်များ၊ နှင်းပွင့်များသာ ကြီးစိုးနေသော နေရာပေတည်း။

ကျွန်ုပ်၏ ကျောဘက်ဝှထဲမှ တဖျစ်ဖျစ်မြည်နေသော



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုမှ အသံတွေ ကြားနေရသည်။ ပတ်ဝန်းကျင်တွင် ဆောင်းလေသည် ပြင်းထန်စွာ တိုက်ခတ်လျက် ရှိဆဲ။ ကျွန်ုပ် အနွေးဓာတ်ရရန် ဖိုထားခဲ့သော မီးဖိုသည် မခြောက်သေးသော သစ်ကိုင်းခြောက်အချို့ပါ ပါဝင်နေရကား မီးတောက်ထဲ၌ တဖျစ်ဖျစ် မြည်နေပုံမှာ မကောင်းဆိုးဝါး နာနာဘာဝတစ်ကောင် ညည်းညူနေသကဲ့သို့ ထင်မှတ်ရသည်။ မီးခိုးများသည် ကျောက်ဂူ၏ မျက်နှာကျက်ဆီသို့ အလိပ်လိုက် တက်လျက်ရှိရာ အဝါရောင် မီးညွန့်များက တောကြက်ဖများ စုဝေးကနေသကဲ့သို့ ရှိလေသည်။

ကျွန်ုပ် ကြာကြာသာ ရပ်နေပါက သွေးခဲကာ အသက်သေဆုံးသွားဖွယ်ရာသာ ရှိပြီး မအောင်မြင်သော ခရီးတစ်ခု ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ဂူထဲသို့ ပြန်ဝင်ရန် စဉ်းစားနေဆဲမှာပင် ကျွန်ုပ်နောက်ကျောဆီမှ ပေါ့ဖွဖွ နင်းလျှောက်လာသော ခြေသံတစ်စုံကို ကြားလိုက်ရလေသည်။ ရင်ထဲမှာ တထိတ်ထိတ် ခုန်သွားမိသည်။ လှံတံကို ဆွဲယူလိုက်သည်။

❑

ကျွန်ုပ်လက်ထဲမှ လှံတံကို ကိုင်ကာ အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်...လူဝံကြီး"



www.burmeseclassic.com

www.burmeseclassic.com



လှံသွားကို ကျွန်ုပ်နှင့် ဝါးနှစ်ပြန်စာခန့် ဝေးသောနေရာဆီသို့ တည့်မတ်စွာ ချိန်ရွယ်လိုက်စဉ်မှာပင်…

"ဟေး…ဟေး"

အမွေးစုတ်ဖွားနှင့် လူဝံကြီးဆီမှ လူတစ်ယောက်အသံထွက်ပေါ်လာခြင်း ဖြစ်ပေရာ ကျွန်ုပ် ဇဝေဇဝါ ဖြစ်သွားမိသည်။

"လူတစ်ယောက်ပါလား"

ကျွန်ုပ် လှံတံကို မရုတ်သိမ်းသေးဘဲ ရှိစဉ်…

"ဝေး…ငါ လူဟ၊ ရန်သူ မဟုတ်"

ထိုအခါမှ ကျွန်ုပ် သေချာစွာ စူးစိုက်ကြည့်မိလိုက်တော့ လူတစ်ယောက်၏ မျက်နှာ။ ထူထဲသော ဝက်ဝံရေကို ခြုံထားသော လူတစ်ယောက် ဖြစ်နေသည်။ သူ့လက်ထဲမှာလည်း ဓားတစ်ချောင်းနှင့် ကျောဘက်တွင် လေးမြားတစ်စုံ လွယ်ပိုးထားသေးသည်။ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး၊ ခြုံထားသော အဝတ်ကလည်း ဝက်ဝံရေဆိုတော့ ပီဘိလူဝံကြီးနှင့် တူသည်။

ထိုသူက ရပ်နေရာမှ ကျွန်ုပ်ဆီသို့ ဆင်းလာသည်။ ကျွန်ုပ် သတိအနေအထားနှင့်နေကာ အကဲခတ်နေမိသည်။ ကျွန်ုပ်ကို လှမ်းအော်၍ပြောသည်။

"နင်…ဘယ်က"

"ကျုပ် မြန်မာပြည်ဘက်က ရွာတစ်ရွာကို အုပ်ချုပ်အုပ်စိုးစားရတဲ့ ရွာစား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီစေတီပဲ၊ တောလိုက်ရင်း ဒီဘက်ရောက်လာတာ၊ ဒီကျောက်တောင်ရဲ့ ဟိုဘက်မှာ ငါတို့ရွာရှိတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ နင် ရောက်နေတာ တိဗက်ထဲမှာ"

"သိတယ်၊ ငါ ကိစ္စရှိလို့ လာတာ"

"အမဲလိုက် ဆေးမြစ်ရှာမဟုတ်"

"မဟုတ်ဘူး၊ ဒီလို..."

ကျွန်ုပ် အစမှအဆုံးတိုင် ရှင်းပြလိုက်သည်။ အမဲလိုက် မုဆိုးသည် ကျွန်ုပ်စကားဆုံးတော့ ထင်းတစ်ချောင်းယူကာ မီးပုံထဲသို့ ထိုးထည့်လိုက်သည်။

"လူသေကို အသက်ပြန်ရှင်စေတဲ့ အတတ်ပညာ၊ အသက်ရာထောင်မက ရှည်စေတဲ့ အတတ်ပညာတွေဟာ ဒီမှာ ရှိတယ်"

"ဘယ်မှာလဲ"

ကျွန်ုပ် အားတက်သရော ပြန်မေးလိုက်မိသည်။

"ရှမ်ဗလား၊ အဲဒီမှာ ဒီထက်ဆန်းကြယ်တဲ့အရာတွေ ရှိသေးတယ်"

"နင် ရောက်ဖူးသလား"

မုဆိုးက လေးပင်စွာပင် ခေါင်းကို ခါရမ်းနေမိသည်။

"ငါတို့ ဆွေစဉ်မျိုးဆက်ထဲမှာ ရှမ်ဗလားကို ကိုယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြုံဖူးတဲ့ လူတစ်ယောက်ပဲ ရှိခဲ့ဖူးတယ်၊ အဲဒါ ငါ့အဘိုးပဲ၊ သူ တကယ်ရောက်ခဲ့တာ"

ကျွန်ုပ် ရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်တန်းတစ်ခုကို တောင်မြင်နေရပေပြီ။

"ငါ သွားချင်တယ်"

မုဆိုး၏ ဦးခေါင်းသည် မြွေပောက်တစ်ကောင် ပါးပျဉ်း ထောင်ထလိုက်သလို ဆတ်ခနဲ မတ်သွားသည်။ ပြူးကျယ်ဝိုင်း စက်သော မျက်လုံးများက ကျွန်ုပ်ကို အထူးအဆန်းသဖွယ် စိုက် ကြည့်နေသည်။ ပြီးတော့ ခေါင်းမညိတ် ခေါင်းမခါ။

"နင် ကံကောင်းတယ်၊ ရှမ်ဗဲလားကို ရောက်မှာပဲ"

"ငါ့ကို လမ်းညွှန်ပါ"

"လာ...ဂူအပြင်ထွက်စို့၊ ငါပြမယ်"

ကျွန်ုပ်တို့ ဂူအပြင် ပြန်ထွက်လိုက်သည်။ အပြင်တွင် ဆောင်းလေသည် မြေဆိုးတွန်သံပမာ တရှုံ့ရှုံ့မြည်ကာ ဟူးဟူး လောင်လောင် တိုက်ခတ်နေဆဲ။ နှင်းပွင့်နှင်းဖတ်များသည် ကျွန်ုပ် တို့နှစ်ယောက်၏ ခန္ဓာကိုယ်၊ မျက်နှာများပေါ်သို့ တဖွဲဖွဲ ကျရောက် ဘပ်ငြိနေပေရာ ဖယ်ထုတ်၍ပင် မရနိုင်ပေ။ နောက်တော့ သည် အတိုင်း ထားလိုက်ရတော့သည်။

မုဆိုးကြီးသည် ဝက်ဝံသားမွေးထည်ကြီးကို ခြုံ၍ထွာ ထွတ ကွတနှင့် ထွက်လာသည်။ ကျွန်ုပ်တို့သည် ဂူပေါက်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် ရပ်လိုက်ကြသည်။

မုဆိုးကြီးသည် ကျွန်ုပ်တို့ ရပ်နေရာမှ အနောက်ဘက်ဆီသို့ တစ်ချက် လှမ်းမေးကာ ခပ်မြင့်မြင့်တစ်နေရာသို့ လက်ညှိုးညွှန်ပြလေသည်။

"အဲဒီကိုကြည့်..."

သူ လက်ညှိုးညွှန်ရာသို့ ကျွန်ုပ် လှမ်းကြည့်လိုက်မိသည်။ ဖြူပြာရောင် နှင်းမှုန်တွေကြားမှ မြားဦးသဏ္ဌာန် တောင်ထွတ်တစ်လုံးကို လှမ်းမြင်လိုက်ရသည်။ ထိပ်ဦးချွန်တောင်စွယ်နှစ်ထပ်သည် မိုးကောင်းကင်တိမ်တွေကြားထဲသို့ နက်ရှိုင်းစွာ တိုးဝင်နေသည်။

"အဲဒီမြင်နေရတဲ့ ထိပ်ချွန်တောင်ဟာ ကေလာသတောင်ပဲ"

"ဟင်...ကေလာသတောင် ဟုတ်လား၊ ကေလာသတောင်"

ကျွန်ုပ် အံ့ဩတကြီး ရေရွတ်လိုက်မိသည်။ ကျွန်ုပ်သွားရောက်ချင်နေသော တောင်ဖီလာ။

"ဟုတ်တယ်၊ ကေလာသတောင် ဆိုတာပဲ၊ အင်း...မှုန်ပျပျကလေးပဲ မြင်နေရပေမယ့် သွားကြည့်၊ ဒီကနေ အနောက်ဘက်ဆုံး ဆယ်ရက်ခရီးပဲ၊ လမ်းမှာ ကြောက်မက်ဖွယ် နှင်းကျွံသမ်တွေ၊ ရောမမြေကြီးတွေ၊ ရေခဲလွှာပြင်အောက်မှာ တစ်ဆောင်းလုံး ပုန်းခိုနေတဲ့ အဆိပ်ပြင်း ဖားကြီးတွေ၊ ရေခဲမြစ်တွေ၊ လျှိုတွေကို

www.burmeseclassic.com



ဖြတ်သန်းပြီးမှ အဲဒီကေလာသတောင်ကို ရောက်မှာ။ အသက်ရှင်လျက်နဲ့ ကေလာသတောင်ထွတ်ပေါ် ရောက်တယ်ဆိုရင် ကံအလွန်ကောင်းပဲ၊ သူ့ရဲကောင်းပဲ။ နင် အဲဒီကို သွားမှာ ဟုတ်စ"

ကျွန်ုပ် ခေါင်းညိတ်လိုက်မိသည်။

"ငါ့ဇနီး အသက်ပြန်ရှင်ဖို့"

မုဆိုးကြီးသည် လေးပင်စွာ ခေါင်းတစ်ချက်ညိတ်သည်။

"ငါ့ခန္ဓာကိုယ်ပြင်ပက ငါ့ရဲ့ ဒုတိယအသက်အတွက်"

"အချစ်ကြီးလှပါသကော၊ အောင်မြင်ပါစေတော့"

"ငါ့ဇနီးကို ငါသိပ်ချစ်ခဲ့တာ"

ပြောရင်းနှင့် ကျွန်ုပ်အသံက တိမ်ဝင်သွားခဲ့သည်။

ငါ့ခန္ဓာကိုယ်ပြင်ပ၌ရှိသော ငါ၏ ဒုတိယအသက်အတွက် အရာရာကို စွန့်လွှတ်ရင်း ရှမ်ဗဲလားသို့ ထွက်ခဲ့ခြင်းပင်တည်း။

ကိုယ့်ခြေဖဝါးမှာ စက္ကူဖြူ့ချင်ဖိနပ်၊ ကျောနဲ့ကပ်နေတဲ့ သားမွေးရေဘူးထဲမှာ ရေတစ်စက်၊ လက်တစ်ဖက်က သစ်ရွက်ဓား၊ မီးလျှံတဖွားဖွားနဲ့၊ ချစ်သူအတွက် တောလားတစ်ပုဒ်ကတော့ ကဗျာမဆန်တော့ပါဘူးကွယ်။ တောင်တွေက မြင့်မား၊ ကျောက်နင်းခါး တောအုပ်က ထူထပ်လှပါရဲ့။ ဒါပေမဲ့ ချစ်သူအတွက် မိုက်ရူးရဲ တောလားတစ်ပုဒ်ကိုတော့ ကိုယ့်နှလုံးသွေးနဲ့ ရေးခွင့်ရှိရမယ်။

□



www.burmeseclassic.com

www.burmeseclassic.com



မြေတစ်လှမ်း လှမ်းတိုင်း နှင်းခဲထုတွင်းသို့ ခြေဖွဲ့ဆစ် မြုပ်မျှ ကျွံ၍ဝင်သွားတတ်သဖြင့် လမ်းလျှောက်ရသည်မှာ လွန်မင်းစွာ ခက်ခဲလှသည်။

"တောင်ကမ်းပါးယံဘက်ကို တိုးလျှောက်"

နယ်မြေကျွမ်း၊ တောကျွမ်းသော မုဆိုးကြီး၏ ခြေလှမ်းအတိုင်း တစ်ထပ်တည်းကျအောင် ကြိုးစား၍ လျှောက်နေရသည်။ ခြေလှမ်းများ၍ ချောက်ထဲကျလျှင်ဖြင့် အရိုးအသားပင် စုကောက်၍ ရလွယ်ကူသော အရပ်ပေတကား။

"ဒီအတိုင်းပဲကွ၊ သစ်ပင်တွေရှိတဲ့ နေရာကသွား၊ နောက်ဆယ်ရက်လောက်ဆို ကေလာသတောင်ကို ရောက်မှာပေါ့ နော်၊ ယောကျ်ားပဲ ရောက်အောင်သွား"

ဘုရားရေ...နောက်ဆယ်ရက်တဲ့၊ မြူနှင်းတွေကြားမှာ ကေလာသတောင်ကို တွေ့နေရသော်လည်း မြင်လျက်နှင့် မနီးသော ခရီးပေတကား။

တစ်နေရာတွင် ဆင်ခြေလျော တောင်ကုန်းပြေပြေ အောက်ဆီမှ နှင်းပွင့်ဖြူဖြူတွေ အောက်ဘက်ဆီတွင် တဲစုစု ရွာကလေးတစ်ရွာကို မြင်တွေ့လိုက်ရသည်။ ကျွန်ုပ်တို့ ငုံ့ကြည့်နေစဉ်မှာပင်...

"အဲဒါ ငါနေတဲ့ရွာပဲကွ၊ နင် အပြန်ခရီးမှာ သေမသွားရင် မခဲ့ဘဲ ပြန်ရောက်လာရင် ဝင်ခဲ့နော် ကောင်လေး၊ ငါ ဆု



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေမယ်၊ အောင်မြင်ပါစေ"

ကျွန်ုပ် ကြေကွဲစွာဖြင့် ငြိမ်သက်ရင်း ခေါင်းညိတ်လိုက်မိသည်။ ထို့နောက် မုဆိုးကြီး၏လက်ကို နွေးထွေးစွာ ကိုင်ကာ...

"ကံမကုန်ရင် ပြန်ဆုံကြတာပေါ့၊ ငါ ကျေးဇူးမမေ့တတ်ပါဘူး၊ သွားပြီ"

"သွား...သွား...ကောင်လေး"

ကျွန်ုပ် လက်ပြရင်း တောင်ခြေအောက်သို့ ဆင်းသွားသော မုဆိုးကြီးကို ငေးကြည့်နေသည်။ ခဏကြာလျှင် နှင်းမြူတွေကြားတွင် မှုန်မှုန်ရေးရေး မြင်နေရရာမှ ပျောက်ကွယ်သွားသည်။ သည်တော့မှ ကျွန်ုပ်လည်း ကေလာသတောင်ဘက်သို့ ခြေဦးကို လှည့်လိုက်ရပေသည်။

□

၁ ကျွန်ုပ်မှာ လေးလံသော ရိက္ခာအိတ်ကို တစ်ဖက်၊ လှံတံနှင့် ဓားကို တစ်ဖက် ကိုင်စွဲကာ နှင်းလွှာတောထဲတွင် တဖြည်းဖြည်း ဖြတ်သန်းလာရသည်။ လမ်းတွင် နှင်းကျားသစ်တစ်ကောင်ကို တွေ့သော်လည်း ကျွန်ုပ်ကို ရန်မမူတာပင် ကံကောင်းသည်။ နှင်းကျားသစ်သည် သူ့ဘာသာသူ တောင်ကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထို့နောက်မှာတော့ မည်သည့်သတ္တဝါကို



www.burmeseclassic.com

www.burmeseclassic.com



မျှ မတွေ့ရ။ ရုံဖန်ရုံခါသာ ရောမလင်းယုန်ငှက်ကြီးတွေ ကျွန်ုပ်၏ ဦးခေါင်းထက်တွင် စူးစမ်းရှာဖွေဟန်ဖြင့် ဝဲပျံနေခဲ့သေးသည်။

သည်လိုနှင့် ကေလာသတောင်ချွန်းကြီးကို ဗဟိုထားပြီး ခရီးကြမ်းကို နှင်လာခဲ့ပေရာ ရက်သတ္တပတ် တစ်ပတ်သို့တိုင်ခဲ့ပေ၏။

စားနပ်ရိက္ခာလည်း တဖြည်းဖြည်း လျော့ပါးစပြုလာရာ လမ်းတွင် တွေ့ရသည့် တောနှင်းသီးရိုင်းများ၊ သစ်တော်သီးရိုင်းများကို ခူးဆွတ်စားသောက်ရင်း ရှေ့သို့တိုးလာခဲ့ရာ ကေလာသတောင်ခြေနှင့် တဖြည်းဖြည်း နီးလာလေသည်။

❑

ခရီးကြမ်း၏ ကိုးရက်မြောက်နေ့။

ညဦးယံကာလ နှင်းထုလွှာက သိပ်သည်းနေဆဲ။

ရုတ်တရက် နှင်းမုန်တိုင်းကျရောက်လာသည်။ ကျောက်တောင်နှစ်လုံးကြားထဲ ရောက်နေရာ ကျွန်ုပ်အဖို့ ကံကောင်းသွားသည်။ နှင်းခဲနှင်းလွှာ၊ ရေခဲချပ်များသည် တောင်ပေါ်မှ အလုံးအရင်းဖြင့် တောင်အောက်ဘက်ဆီသို့ တစ်ရှိမလပ် ကျနေသည်။

ညသည် ကြယ်ရောင်မှိန်မှိန်အောက်ဆီတွင် နက်ပြာလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးဝေးဝေးဆီမှ နှင်းခဲပြိုကျသံ၊ တဝေါဝေါမြည်နေသော ရေစီးသံတွေ ကြားနေရသည်။ ကျွန်ုပ်အဖို့ အသက်ရှင်ရေး အဓိကဖြစ်သည့် မီးဖိုကို အလျင်အမြန် ဖိုရပြန်သည်။ မီးအပူ ဓာတ်ရမှသာ အသက်ရှင်သန်နိုင်မည့် အနေအထား ဖြစ်နေသည်။

ကျွန်ုပ် မီးဖိုဘေးတွင် ခန္ဓာကိုယ်ကို တစောင်းလှဲရင်း ရှေ့ဆက်ရမည့် ခရီးစဉ်အတွက် အစီအစဉ်ဆွဲနေမိသည်။

ငါ လျှောက်သောလမ်းသည် အချည်းနှီးလော။ ဒါမှမဟုတ် သေမင်းဆီသို့ ဦးတည်နေသော ခရီးပေလော။

ရေခဲအပ်များနှင့် ထိုးဆွသကဲ့သို့ လေတွေက ခန္ဓာကိုယ်တစ်ခုလုံးကို တစ်လက်မမျှ မလွတ်စေရန် ထိုးဆွလျက်။

မီးညွန့်ဝါဝါများသည် တဟုတ်ဟုတ်မြည်ကာ ဂူပေါက်တောင်ကြားတွင်းသို့ စိမ့်ဝင်လာသော လေအောက်တွင် ယိမ်းထိုးလူပ်ရှားတောက်လောင်လျက် ရှိပေသည်။

ရုတ်တရက် ကျွန်ုပ်၏ အကြားအာရုံထဲသို့ တစီစီမြည် တဖျစ်ဖျစ်မြည်သော အသံတစ်သံ ဝင်ရောက်လာသည်။ တောကောင်၏ အသံပေလော။ မီးရောင်မြင်၍ တောင်ကြားဂူပေါက်ထဲ ဝင်လာလျှင် မခက်ပေလော။

ကျွန်ုပ် ရုတ်တရက် သတိဝီရိယဖြင့် ထထိုင်ကာ နားစွင့်လိုက်မိသည်။ မီးဖိုမှ သစ်ချောင်း၏ တဖျစ်ဖျစ် မြည်သံနှင့် ကျောက်တောင်ကြားမှ နှင်းလေ၏ တဟူးဟူး တိုးတိုက်သံကြားမှ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ စကားပြောသံ။ စကားပြောသံသည် လေထုထဲမှ မျောပါလာခြင်း ဖြစ်သည်။ လှုသူဝေးလှသော ဤနှင်းခဲထုလွှာကျောက်တောင်တွေကြားမှာ လူတစ်ယောက်၏ အသံသည် ထူးဆန်းလှသည်တကား။

တောခြောက်ခြင်းလော၊ သို့မဟုတ် နာနုဘာဝပေလော။

ကျွန်ုပ် နားစွင့်လျက်ရှိစဉ် လူသံပျောက်သွားသည်။ နောက်ထပ် မည်သည့်အသံမျှ မကြားရတော့ပေ။ သတိ၊ ဝီရိယဖြင့် စောင့်ကြည့်သော်လည်း မည်သည့်အသံမျှ ပေါ်ထွက်မလာတော့ပေ။ ပတ်ဝန်းကျင်သည် ရှေးဟောင်းဂူသချိုင်းပျက်လို ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

□

နံနက်လင်းပေပြီ။ သို့သော် နေရောင်ခြည် တစ်ပွင့်တစ်စက်မျှ မမြင်ရသေးချေ။

ကျွန်ုပ် လဲလျောင်းအိပ်စက်နေရာမှ အပြင်သို့ ထွက်လိုက်သည်။ ကြမ်းတမ်းခက်မာသော နှင်းလေထုက ရက်ရက်စက်စက်တိုက်ခတ်နေသည်။ လေထုသည် တောင်နံရံကို ရိုက်ခတ်ကာဝဲကတော့ထိုးလျက် တဝေါဝေါ မြည်နေခြင်းဖြစ်သည်။

ကြည့်လေရာရာ နှင်းလွှင်ပြင်ထုချည်းသာတည်း။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ညက အဖြစ်အပျက်ကို သတိထားရင်း လှည့်ပတ်ကြည့်ရှုလိုက်သည်နှင့် ထူးခြားသော အရာတစ်ခုကို စတင်၍ သတိပြုမိလိုက်ပေသည်။

ထိုအရာကား မီးခိုးတလူလူ ထွက်နေသော တဲတစ်လုံးသာ ဖြစ်သည်။ ကျွန်ုပ် ရပ်တန့်နေရာမှ ကိုက် ၅၀ ခန့်ပင် မဝေးသော အကွာအဝေးတစ်ခု ဖြစ်သည်။ တဲဟု ခေါ်ဆိုလိုက်ရသော်လည်း ဝါးတဲမဟုတ်။ ကျောက်တုံးကျောက်ပြားများဖြင့် စီရီကာ တည်ဆောက်ထားသော အုတ်အိမ်ကလေးဟု ခေါ်ဆိုနိုင်သည်။

ကျွန်ုပ်အဖို့ ရက်ပေါင်းများစွာ ရှမ်ဗဲလား ရှာပုံတော်ခရီးစဉ်တွင် ပထမဦးဆုံး တွေ့လိုက်ရသည့် လူနေတဲကလေးတစ်လုံးသာပေတကား။ ကျွန်ုပ် ထိတ်ခနဲ ဝမ်းသာသွားမိသည်။ ဘာပဲဖြစ်ဖြစ် နားခိုစရာ ရနိုင်သည်။ အစားအသောက် တစ်ခုခု ရနိုင်သည်။ ယုတ်စွအဆုံး ရှမ်ဗဲလား လမ်းညွှန်ခရီးတော့ ရနိုင်သေးသည် မဟုတ်ပါလား။

ကျွန်ုပ် တဲဆီသို့ လျှောက်လာမိသည်။ နှင်းတွေကတော့ ကျနေဆဲပင်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်ကာ လှုပ်ရှားမှု တစ်စုံတစ်ရာမျှ မတွေ့ရသေး။ တရွေ့ရွေ့လျှောက်ရင်း တစ်လုံးတဲခါးရှေ့တွင် ရပ်တန့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ တဲတံခါးချပ်က ဖြည်းညင်းစွာ ပွင့်သွားသည်။

□

ကျွန်ုပ်စိတ်အာရုံထဲမှာတော့ သည်မျှကြမ်းတမ်းခက်ထန်သော ရာသီဥတု ဆိုးဝါးလှသော ခရီးကြမ်းထဲတွင် ကျွန်းမာသန်စွမ်းသော လူတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်။ သို့သော် အခုပါ ထင်မြင်ချက် လွဲချော်သွားခဲ့သည်။

ကျွန်ုပ် အံ့ဩတကြီးဖြင့် တံခါးဝတွင် ပေါ်လာသော သက်ရှိလူသားတစ်ယောက်ကို ငေးကြည့်လိုက်မိသည်။

မိန်းမကြီးတစ်ယောက်...

အသက်ငါးဆယ်နီးပါးရှိမည့် အဘွားကြီးတစ်ယောက်သည် ကျွန်ုပ်အား အထူးအဆန်းသဖွယ် ငေးကြည့်နေပေသည်။ အဘွားကြီးသည် နှင်းကိုက်ထားသဖြင့် ဖွာကြဲနေသော ချည်ကြမ်းစောင်ကြီးကို ခြုံထားသည်။ ဆံပင်များက မွဲပြာပြာ၊ မျက်လုံးကတော့ ဝတ်ူးခြားသည်။

"နင် ဘယ်သူတုံး"

"ကျွန်ုပ် မြန်မာပြည်မြောက်ပိုင်းကပါ၊ ခရီးသွားတစ်ယောက်ပါ အမေ"

ကျွန်ုပ် တည်ငြိမ်အေးဆေးစွာဖြင့် ဖြေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးသည် ကျွန်ုပ်အား မယုံသင်္ကာဟန်ဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ကျွန်ုပ် နှင်းမြူတွေ တသဲသဲ ကျဆင်းနေသည့် ပတ်ဝန်းကျင်တွင် ရပ်နေသော်လည်း အိမ်ထဲဝင်ရန် မခေါ်ပေ။

"နင် ဘယ်ကိုသွားမှာတုံး"

"ကေလာသတောင်ကိုပါ အမေ"

အဘွားကြီး၏ မျက်နှာတွင် အနည်းငယ် အံ့ဩဟန် ပေါ်လာသည်။ ကျွန်ုပ် သူ့ကို အသနားခံသောအကြည့်ဖြင့် ကြည့်လိုက်မိသည်။ အမှန်အတိုင်း ဝန်ခံရလျှင် အသားတွေ ပဲ့ကြွေလု မတတ် နှင်းတောထဲတွင် ကြာရှည်စွာ မရပ်လိုပေ။ အနည်းဆုံး နားခိုစရာတစ်ခုခု၊ စားစရာတစ်မျိုးမျိုးကို နွေးနွေးထွေးထွေး စားသောက်လိုသောဆန္ဒ ရှိနေသည်။

အဘွားကြီးသည် ထူထဲသော သားမွေးအင်္ကျီကြီးကို ဝတ်ထားသည်သာမက ဥမ်းစောင်ထူထူကြီးကိုလည်း ခြုံထားပေရာ ခန္ဓာကိုယ် ရှိရင်းစွဲထက် ပို၍ထွားကျိုင်းနေဟန်ရှိသည်။ သူမသည် ငြိမ်သက်နေသော မီးတောက်နှင့် တူသည်။

"ဒီလိုပဲ ကေလာသတောင်၊ ကေလာသတောင်ဆိုပြီး ဒီနေရာက ဖြတ်သွားကြတဲ့ လူပေါင်းများလှပြီ၊ ဒါပေမဲ့ အင်း‥"

အဘွားကြီးသည် ညည်းညူဟန်ဖြင့် တစ်ကိုယ်တည်း ရေရွတ်သလို ပြောဆိုရင်း တဲတံခါးတစ်ချပ်ကို ဖွင့်ပေးလိုက်ပြီး‥

"ကဲ‥‥ကောင်လေး၊ နင်ကတော့ ရိုးသားမြိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာပဲ၊ အထဲကို ဝင်ပါဦး၊ အနားယူပြီးမှ တစ်ခုခုစားပြီး ခရီးဆက်တာပေါ့"

"ကျေးဇူးတင်လိုက်တာ အမေ"

ကျွန်ုပ် တဲအတွင်းသို့ လျင်မြန်စွာ တိုးဝင်လိုက်သည်။ တဲအတွင်းရောက်မှ နွေးထွေးလုံခြုံသော အသိကို ခံစားလိုက်ရသည်။ တဲသည် အလျားကျဉ်းမြောင်းပြီး အနံ့ရှည်လျားသော ဆလင်ဒါပုံသဏ္ဌာန် တဲကလေးဖြစ်သည်ကို သတိပြုမိသည်။

ကျွန်ုပ် ရှေ့တူရှိ အရာဝတ္ထုများဆီသို့သာ အကြည့်ရောက်လျက်ရှိပြီး ထိုင်ရန် စဉ်းစားမရသော အနောက်ဘက်တွင် မီးတောက်နေသော ထင်းမီးဖိုတစ်လုံးသည် မီးလျှံများဖြင့် တောက်ပလောင်မြိုက်နေကာ မီးဖိုပေါ်တွင် မြေအိုးတစ်လုံး တည်ထားသည်။

"အဲဒီမှာထိုင်၊ ကောင်လေး"

အဘွားကြီး ညွှန်ပြရာသို့ ကျွန်ုပ် ဝင်ထိုင်လိုက်သည်။ သစ်သားခုံရှည်တစ်ခုသာ ဖြစ်သည်။ ကျွန်ုပ် ပေါ့ပါးစွာ ဝင်ထိုင်လိုက်မိသည်။

"ကဲ...တစ်ခုခုမစားမီ နင် ကေလာသာတောင်ကို လာရတဲ့အကြောင်းရင်းကို ပြောစမ်း၊ ကောင်လေး"

ကျွန်ုပ် ကေလာသတောင်ကို အသက်စွန့်၍ ရောက်လာခြင်း အကြောင်းရင်းကို ပြောပြလိုက်သည်။ စကားဆုံးသော အဘွားကြီးသည် ပေါ့ပါးစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်ဗဲလားဆိုတာ ကေလာသတောင်မှာ ရှိတယ်ဆိုတာ မှင် သိသလား ကောင်လေး"

ကျွန်ုပ် ဘာမှပြန်မပြောနိုင်။ ငေးမောနေမိသည်။

"ကေလာသတောင်တစ်ဝိုက်မှာ ထူးဆန်းအံ့ဩစရာတွေ များပဲ။ အဲဒီက ကျေးငှက်တွေ၊ သားရဲတိရစ္ဆာန်တွေဟာ ထူး ဆန်းတယ်။ လူတွေလို စကားပြောတတ်တယ်။ အမြဲတမ်းတော့ မဟုတ်ဘူး။ သူတော်စင်တွေကလည်း တိရစ္ဆာန်တွေရဲ့ စကားကို နားလည်တယ်။ သက်ရှိတွေမကဘူး သစ်ပင်တွေကလည်း စကားပြောတာပဲ။ ရဟန်းတော်တွေဟာ တရားကျင့်ကြံရင်းနဲ့ အချိန်ကုန်လွန်ကြတယ်။ သက်သတ်လွတ် ဘုဉ်းပေးတယ်။ မြတ် စွာရဲ့ တရားအတိုင်း နေထိုင်ကျင့်ကြံကြတယ်။ သူတော်စင်ကြီး တွေဟာ အစားမစား၊ ရေမသောက်၊ ရေပေါ်မှာ လမ်းလျှောက် တယ်။ ရေပေါ်မှာ အိပ်လျက်ကျင့်တယ်။ အဲဒီထူးဆန်းတဲ့ ဘုန်း တော်ကြီးကျောင်းမှာ သီတင်းသုံးတော်မူကြတဲ့ ဘုန်းတော်ကြီးတွေ ဟာ ဝါတော် ဘယ်လောက်၊ သက်တော် ဘယ်လောက် မခန့်မှန်း နိုင်ဘူး၊ ကောင်လေး၊ နားလည်ရဲ့လား"

ကျွန်ုပ် ဘာမှပြန်မပြောနိုင်။ ငေးမောလျှသာ နေမိသေး သည်။ သည်လိုရာသီဥတု ကြမ်းတမ်းသည့်တော၊ တောင်တန်း တွေအလယ်မှ အနီအဝါကြီးသည် မည်သည့်ပုဂ္ဂိုလ်ပေနည်း။ ထူးဆန်းသော ကေလာသတောင်၏ ရှမ်ဗဲလားအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပြောပြနိုင်သနည်း။ အနီအဘွားကြီးသည် ရှမ်းဗဲလားနှင့် တစ်နည်းနည်း ဆက်စပ်နေပေလိမ့်မည်။ သည်နှင်းထုတွေ တဖွဲဖွဲ ကျဆင်းနေသော တောင်ကြားအလယ်တွင် နေထိုင်သော အဘွား ကြီးသည် တစ်ယောက်တည်းလော၊ ခင်ပွန်း သို့မဟုတ် သားသမီး တစ်ယောက်ယောက် ဒါမှမဟုတ်...

အဘွားကြီးအပေါ် မေးခွန်းတွေ ပိုပြီးနေဆဲမှာပင် အဘွား ကြီး၏ မျက်ဝန်းများသည် ထူးထူးခြားခြား တောက်ပလာကာ...

"သည်မှာ ကောင်ကလေး၊ နင့်ရင်ထဲက မေးခွန်းတွေအ တော်တော်များနေပြီ၊ ဒီမှာ ငါတစ်ယောက်တည်း နေတာမဟုတ် ဘူး၊ ငါ့မှာ ခင်ပွန်းရှိတယ်၊ မျောက်တစ်ကောင်ထက်သာတဲ့ မြေးဆိုးဆိုးတစ်ယောက် ရှိသေးတယ်၊ သိရဲ့လား"

အလို...ဘုရားရေ၊ အဘွားကြီးက ကျွန်ုပ်၏ စိတ်အကြံ မေးခွန်းတွေကို ကြိုတင်ပြီး သိရှိနေပါပကောလား။ ဘယ်လို အဘွားကြီးလဲ။

ကျွန်ုပ်ရင်ထဲတွင် အသိတရားသည် ဖြန်းခနဲ ပြိုကွဲသွား သည်။ ဒါဆို သူ့ခင်ပွန်းဆိုတာ ဘယ်မှာလဲ။ ကျွန်ုပ်၏ အတွေး မဆုံးမီမှာပင် အဘွားကြီး၏ နှုတ်ခမ်းထောင့်တစ်နေရာသည် စလောက် တွန့်ကွေးသွားသည်။ ခေါင်းတစ်ချက်လေးပင် ညိတ် လိုက်သည်။ ကျွန်ုပ်၏ ရင်ထဲမှ မေးခွန်းမှန်သမျှ အဘွားကြီး ကြိုတင်သိနေပြီ။ မဆန်းတော့။ ကျွန်ုပ်စိတ်ထဲ မေးခွန်းတစ်

www.burmeseclassic.com



…မေးလိုက်သည်။ အဘိုးကြီး ဘယ်မှာလဲ။

"ငါ့ခင်ပွန်း ကေလာသဘက်ကို ထွက်သွားတယ်၊ ကြာပြီ"

ကေလာသဆိုသော အမည်နာမကို ကြားလိုက်ရသည်နှင့် ကျွန်ုပ်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရာမှ တဖြည်းဖြည်း နွေးလာသည်။ ကြည့်စမ်း၊ ကေလာသတဲ့။ ငါ ကေလာသကို အတောမဟုတ်လား၊ လမ်းစတွေ့ပေါ်ပြီ။ သေချာပေပြီ။

"ဪ…အမေ၊ အဘက ဘာကြောင့် ကေလာသဘက်ကို ထွက်သွားရတာလဲ"

အဘွားကြီးသည် ကိုယ်ပေါ်မှာ လွှမ်းခြုံထားသော မွေးပွအောင်ကြီးကို ပြင်၍ခြုံလိုက်ပြီး ကျွန်ုပ်ကို တစ်ချက်မျှ ကြည့်လိုက်သည်။

"ဆေးမြစ်၊ ဆေးဥ သွားရှာတာ ငါးရက်ရှိပြီ၊ ပြန်လာတော့မှာပါ"

ကျွန်ုပ်ရင်ထဲမှာ သိရှိလိုစိတ်တွေ ပေါ်လာပြန်သည်။

"ဆေးမြစ်၊ ဆေးဥတွေက ဘာအတွက်လဲ အမေ"

"ဒီလိုပါပဲကွယ်၊ ခန္ဓာရှိတယ်ဆိုရင် ရောဂါဖြစ်လာပြီလေ၊ ရောဂါကုဖို့အတွက်ပဲပေါ့ လူကလေး"

ကျွန်ုပ်သည် အရှိန်သေကာစ မီးဖိုမှ မီးတောက်မီးလျှံများကို လှမ်း၍ကြည့်လိုက်မိသည်။ စူးရှသောလေက ကျောက်တုံးနှင့် သစ်လုံးတွေကြားရှိ အကြားအလပ်တွေကို စိမ့်ဝင်တိုးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ တိုက်ခတ်နေသဖြင့် မီးညွန့်တွေ လွင့်လွင့်ခါခါ ရှိသည်။

ကျွန်ုပ် မေးခွန်းတစ်ခုမေးရန် ပြင်ဆင်နေဆဲမှာပင်။

"ဆေးမြစ်၊ ဆေးဥ၊ ကျောက်ဥ၊ ကျောက်သွေးတွေက စိတ္တနာခေါ်တဲ့ အရူးရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ပြီးတော့ မြစ်ပွားနာတွေအတွက်ပဲပေါ့။ အဲဒီရောဂါတွေအတွက် ဆေးဝါးစစ်စစ်မှန်မှန်တွေသာရရင် ယူပစ်သလို ပျောက်တာကလား မခက်ပါဘူး"

ကျွန်ုပ်မှာ အံ့သြတကြီးဖြင့် စကားမဆိုနိုင်။ အံ့သြတကြီးနားထောင်နေမိသည်။ လူ့ခန္ဓာကို စွဲကပ်နေသော ရောဂါဆိုးကြီးတွေကို ခပ်ပေါ့ပေါ့ကလေး ပြောနေသော အဘွားကြီးကို နားလည်ရခက်လာသည်။ ဘယ်လိုအဘွားကြီးပါလိမ့်။

ခပ်ဝေးဝေးရှိ မီးဖိုကို လှမ်းကြည့်လိုက်တော့ ပြာမှုန်တွေလွင့်စင်နေသည်။ ဖိုပေါ်မှ မြေအိုးသည် အငွေ့တလူလူ၊ အိုးထဲမှာတော့ အရည်တစ်မျိုးမျိုး ရှိလိမ့်မည်ထင်သည်။ အဘွားကြီးသည် ကျွန်ုပ်နှင့် စကားဖြတ်ကာ မီးဖိုဘက်သို့ ထွက်သွားသည်။ ထို့နောက် မြေအိုးကို တစ်ချက် နှစ်ချက် မွှေကာ ပြန်ရောက်လာသည်။

"ဒါနဲ့ အမေ မြေးဆိုတာကောဟင်၊ မတွေ့ပါလား"

အဘွားကြီး၏ မျက်နှာတွင် အလိုမကျဟန် အရိပ်အရောင် စွန်းထင်းသွားသည်။

"လောင်ဓီ၊ လောင်ဓီ၊ တော်တော်ဆိုးတဲ့ ကောင်ပဲ။ တောတိရစ္ဆာန်ကလေးတွေကို သတ်ဖြတ်ချင်တဲ့စိတ်က တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထွားနေတာပဲ၊ ငါ မကြိုက်၊ မုန်း”

အဘွားကြီးသည် နှုတ်မှ ကျိတ်ခနဲတစ်ချက် ညည်းတွားလိုက်ကာ ကျွန်ုပ် ကျောပေးထိုင်နေရာ အနောက်ဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

“ဒီလို သတ်ချင်ဖြတ်ချင်စိတ်ရှိတဲ့ ကောင်လေးကို ခဏ ဒဏ်ခတ်ထားတယ်၊ မှတ်လောက်သားလောက်အောင် ဒီလိုဆုံးမမှ ရမယ်လေ၊ နောင်ကြဉ်အောင်ပေါ့၊ ဒီမှာလေ…”

အဘွားကြီးသည် ရောမကျောက်ဖယောင်းတိုင်ကြီးကို မီးကူးကာ နောက်ကျောဘက်ဆီသို့ မီးရောင်ဖြင့် ပြလိုက်သည်။ ကျွန်ုပ် လှည့်ကြည့်မိလိုက်လေသည်။

“ဟင်…ဘုရား…ဘုရား”

ကျွန်ုပ်၏ ခန္ဓာကိုယ်ထဲမှ အသက်ဝိညာဉ်သည် လွင့်စင်ထွက်သွားသလို ခံစားလိုက်ရခြင်းပင်တည်း။ ကျွန်ုပ်သည် ရှိုရှိုသမျှ စွမ်းအင်တွေ ညှစ်ထုတ်ပြီး တစ်စုံတစ်ရာ အော်ဟစ်ရန် ကြိုးစားလိုက်သော်လည်း အသံလှိုင်းသည် လည်ချောင်းထဲမှာ တင်းကျပ်ပိတ်ဆို့ကာ မေးရိုးများက လှုပ်ရှားမရ ဖြစ်နေကာ တဆတ်ဆတ် တုန်ခါနေသော နှုတ်ခမ်းနှစ်လွှာက ကော်နှင့်ကပ်ထားသလို စေ့ကပ်နေလေသည်တကား။ နှုတ်ခမ်းဖျားမှ တိုးထွက်နေသော အသံသည် ပြင်ပသို့ မထွက်လာနိုင်ဘဲ ရင်ခေါင်းထဲမှာ ဟူးလွန့်ပွဲတင်ထပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား…ဘုရား…ကယ်တော်မူပါ၊ အဘွားကြီးက စုန်းမကြီးပဲ။

"အ…အ…အမေ…ဘယ်…ဘယ်လိုလုပ်လိုက်တာလဲ၊ သေနေပြီ"

အဘွားကြီးဆီမှ ပထမဦးဆုံး ရယ်မောသံ ထွက်လာသည်။ ကျွန်ုပ် မြင်လိုက်ရသည့် ကြောက်မက်ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကြီးကား လူသားတစ်ယောက်၏ ခန္ဓာကိုယ် အစုအပုံကြီး ပင်တည်း။

ဦးခေါင်းပြောင်ပြောင် ခေါင်းတစ်လုံး၊ ခြေပြတ်၊ လက်ပြတ် အပိုင်းအစများ ခြေထောက်နှစ်ချောင်းက သပ်သပ်။ သစ်တုံးကဲ့သို့ ခန္ဓာကိုယ် ငုံးတိတိကြီးက တခြား၊ သီးခြားသပ်သပ်စီ ဖြတ်တောက်ထားသော လူတစ်ယောက်၏ ခန္ဓာကိုယ်အပိုင်းအစ များကို တစ်နေရာတည်းတွင် စုပုံထားခြင်းပေတည်း။ ခန္ဓာကိုယ် အပိုင်းအပြတ်များပေါ်မှာ ဦးခေါင်းပြောင်ပြောင် ခေါင်းပြတ်ကြီး ကို တင်ထားပေရာ မျက်စိပြူး လျှာထုတ်၍ ပြောင်ပြနေသော လူငယ်ကလေး၏ ခေါင်းပြတ်ကြီးသည် ကျွန်ုပ်ရင်ထဲတွင် အော် ဂလီဆန် ထိတ်လန့်ရွံရှာဖွယ် ဖြစ်နေပေသတည်း။ စုပုံထားသော အသားတစ် အသားတုံးများကား ဈေးခုံပေါ်မှ အမဲသား၊ ဝက်သား အစုအပုံများနှင့် တူသည်။

"ပြောမရ ဆိုမရ ဆုံးမ မရလို့ ဒဏ်ခတ်ထားတာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကြောက်မက်ထိတ်လန့်ဖွယ်ရာ လူသား လူငယ်ကလေးတစ်ယောက်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ ဖြတ်တောက်စုပုံထားသည့် အော်ဂလီဆန်ဖွယ် အစုအပုံကြီးကို ကြည့်ကာ အသိဉာဏ်ကို နှိုးဆွရင်း သတိ၊ ဝီရိယနှင့် စောင့်ကြည့်နေမိသည်။

သို့သော် အဘွားကြီးက အေးအေးလူလူပင် အိမ်မှုကိစ္စများကို လှုပ်ရှားမှုမပျက်။ ကျွန်ုပ်ကတော့ အဘွားကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေရင်း ဤတဲအိမ်တွင်းသို့ ဆာလောင်မွတ်သိပ်မှုတစ်ခုတည်းဖြင့် ဝင်ရောက်လာရခြင်းအပေါ် နောင်တရမိနေသည်။ တဲအိမ်အတွင်းမှ ထွက်သွားရနိုး၊ ထိုင်နေရနိုး ချီတုံချတုံဖြစ်နေစဉ်...

"လူကလေး နင် သိပ်ကြောက်နေပြီလား၊ ပြီးတော့ ငါ့ကို မသင်္ကာ မယုံကြည်စိတ်နဲ့ အကဲခတ်နေတယ် မဟုတ်လား၊ ငါ စုန်းမ မဟုတ်ဘူး၊ ငါ ရှင်းပြမယ်"

အဘွားကြီးသည် ကျွန်ုပ်နှင့် နှစ်လံအကွာဝေးလောက်ခန့်တွင် မတ်တတ်ရပ်လိုက်သည်။

"ငါ့မြေး လောင်စီဟာ လူဆိုး၊ ဆိုးဆုံးမ မရ၊ တိရစ္ဆာန်လေးတွေကို သတ်ဖြတ်ချင်စိတ် များနေတယ်၊ မလိမ္မာဘူး။ ဒါကြောင့် ငါ သူ့ခြေတွေ၊ လက်တွေ၊ ဦးခေါင်းတွေကိုဖြတ်ပြီး ငြိမ်ငြိမ်သက်သက် ဖြစ်နေအောင် လုပ်ထားလိုက်တာပဲ။ လူ



www.burmeseclassic.com

www.burmeseclassic.com



ကလေး မယုံဘူး၊ ငါ လက်တွေ့ပြမယ်၊ ကြည့်ထား လူကလေး၊ ငါ့နောက်လိုက်ခဲ့"

အဘွားကြီးက ကျွန်ုပ်အား တစ်နေရာသို့ ခေါ်နေပြီ။ ကျွန်ုပ် သူ့နောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်မိသည်။ သည်လို တုန်တုန်ချိချိ အဘွားကြီးကို ကျွန်ုပ် မှုစရာမလို။

ကျွန်ုပ် အဘွားကြီး ခေါ်ရာနောက်သို့ သတိဖြင့် လိုက်သွားသည်။ အဘွားကြီးသည် ကျွန်ုပ်ကို တဲပြင်ပသို့ ခေါ်ထုတ်ခြင်းမဟုတ်။ တဲအတွင်းတစ်နေရာသို့သာ ခေါ်ယူနေခြင်းပင်။ ကျွန်ုပ် သူ့နောက် ခပ်လှမ်းလှမ်းမှ လိုက်သွားလေသည်။

အခန်း၏တစ်နေရာ အိမ်တွင်းခန်းရှိ ရောမကျောက်သေတ္တာကြီးဆီသို့ ရောက်သောအခါ ရပ်တန့်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို တစ်ချက်မျှ စွေစောင်းကြည့်လိုက်သည်။ ခဏတွင် အဘွားကြီး၏ စူးရှထက်မြက်လှသော အကြည့်ကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ တစ်ကိုယ်လုံး လေဖြတ်သူလို အေးစက်တောင့်တင်းသွားမိသည်။ အဘွားကြီး၏ မျက်လုံးကား ထူးခြားလှသည်။ ကျွန်ုပ် ဘာကြောင့် အဘွားကြီး၏ မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်ရတာလဲ။ သူမ၏ မျက်ဝန်းများကား ကြယ်ပြောင် နှစ်စင်းပမာ။ စိန်ပွင့်တွေပမာ။

ကျွန်ုပ် အတွေးမဆုံးမီမှာပင် လေးလံလှသော ကျောက်သေတ္တာ၏အဖုံးကို ဖွင့်နေပေပြီကော။ ကျောက်သေတ္တာကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အဖုံးသည် အဘွားကြီးလက်ထဲတွင် စက္ကူထူတစ်ချပ်လို ပေါ့ပါးစွာ မြောက်ပါသွားကာ တကျွီကျွီမြည်လျက် ပွင့်သွားလေသည်။

"ကျွီ…ကျွီ…ကျွီ"

"ဒုန်း"

ကျွန်ုပ် အဖုံးပွင့်လန်သွားသော ကျောက်သေတ္တာကြီး၏ အတွင်းပိုင်းသို့ မဝံ့မရဲ ငုံ့ကြည့်လိုက်ပေရာ ထူးထူးဆန်းဆန်း ပစ္စည်းများကို မတွေ့ရ။ အလျားနှစ်ပေခန့် အနံငါးလက်မခန့် သစ်သားပြား ပေချပ်များကို တွေ့လိုက်ရပေတော့သည်။

အဘွားကြီးသည် များပြားလှစွာသော ကျောက်သေတ္တာကြီးထဲမှ သစ်သားချပ်ပေလွှာများကို ကျွမ်းကျင်စွာ ရှာဖွေပြီး ပေချပ်တစ်ချပ်ကို ဆွဲယူလိုက်သည်။

"ဒီပေချပ်ပဲ"

ပေချပ်ကိုယူကာ တဲရှေ့သို့ ပြန်ထွက်လာသည်။ ထို့နောက် အဘွားကြီးသည် လူသားအပိုင်းအစ အစုအဝေးများပေါ်သို့ ရေစင်တွေဖြန်းကာ သစ်သားပြားပေချပ်ကို ကြည့်လျက် ဂါထာမန္တန်များကို ဒွန်၊ ကရိဏ်း ကျနစွာ ရွတ်ဖွားလေတော့သည်။

မိနစ်ပေါင်းများစွာ ကြာမြင့်သွားသည်။ ကျွန်ုပ်သည် အဘွားကြီး၏ လုပ်ပုံကိုင်ပုံများကို သတိဖြင့် အကဲခတ်ကာ လူသားအစုအဝေးပုံကြီးကို ကြည့်ရှုနေမိပေသည်။ ဝက်မျို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်လုံးကို အသားဖျက်ကာ စုပုံထားသည်နှင့် သဏ္ဌာန်တူသည်။

အဘွားကြီးသည် ရေစင်ဖြန်းလိုက်၊ ဂါထာရွတ်လိုက်ဖြင့်

နောက်ဆုံးအကြိမ် ဂါထာရွတ်၊ ရေစင်ဖြန်းပြီးသည်နှင့် ထူးခြားမှု တစ်စုံတစ်ရာကို စတင်တွေ့ရလေတော့သည်။

လူသားအပိုင်းအစများသည် တရွေ့ရွေ့လှုပ်ကာ တဆတ်ဆတ်တုန်လာကာ အသက်ဝင်သကဲ့သို့ ဖြစ်လာခြင်းပေတည်း။ ခြေလက်ပြတ်တွေ တရွေ့ရွေ့လှုပ်ရှား၊ ဦးခေါင်းပြတ်ကြီးကလည်း ခေါင်းတဆတ်ဆတ် ခါလှုပ်ရမ်းကာ နေရာတွေ စတင်ရွေ့စပြုလာပေတော့သည်။ လက်တွေ၊ ခြေတွေ ကိုယ်လုံးပြတ်ကြီးကပါ တရွေ့ရွေ့ တုန်လှုပ်လာသည်။ ပူးကပ်ပေါင်းစည်းလာသည်။

ကျွန်ုပ်သည် ထူးဆန်းအံ့သြဖွယ်ရာ မြင်ကွင်းကြီးကြောင့် တစ်ကိုယ်လုံး အဖျားဝင်သလို တဆတ်ဆတ် တုန်လာမိသည်။ အဘွားကြီးသည် မေးစေ့ချွန်ချွန်ကို ရှေ့သို့ငေါထားပြီး နှုတ်မှ ဂါထာမန္တန်များကို တတွတ်တွတ် ရွတ်ဆိုနေပုံမှာ အစာမျှော်နေသော ဆိတ်အိုမကြီး တစ်ကောင်နှင့် တဖြည်းဖြည်း တူလာသည်။ အဘွားကြီးအသံမှာ ဂါထာရွတ်ဆိုမှု ကြာရှည်လာသည်နှင့်အမျှ ရှေ့မှ အသားစုပုံကြီး တဖြည်းဖြည်း ရွေ့လျားအသက်ဝင်လာသည်နှင့်အမျှ လျှင်လှုပ်သကဲ့သို့ တုန်ခါနှုန်းမြင့်လာပြီး အမိုးပင် ပြိုကျမတတ် တဆတ်ဆတ် တုန်လာသည်။

www.burmeseclassic.com



ကျွန်ုပ်မှာ အသက်ပင် မရှူနိုင်လောက်အောင် မေ့လျော့နေပေသည်။

"ခန္ဓာကိုယ်အပိုင်းအစတွေက တဖြည်းဖြည်း အသက်ဝင်လာပြီ။ ဆက်စပ်လာကြပြီ ကောင်လေး"

မှန်ပေသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် ဂါထာ မန္တန်ကြောင့် တဖြည်းဖြည်း အသက်ဝင်လာသည်။ ဦးခေါင်းသည် ဦးခေါင်း၏နေရာ၊ လက်နှင့် ခြေတို့သည် သူတို့နေရာ၌သာ ဆက်စပ်မိကြလေပြီ။ အင်္ဂါစုံသော လူတစ်ယောက် ဖြစ်သွားပြီ။

"ထူးဆန်းလိုက်တာ၊ အံ့သြစရာပဲ ဂါထာရဲ့တန်ခိုး"

အသားစု အစိုင်အခဲသည် ကျွန်ုပ် ကြည့်ရှုနေဆဲမှာပင် လူကောင်းပကတိ ဖြစ်သွားကာ အသက်ဝင်လာပြီး ငုတ်တုတ် ထထိုင်လေသည်။ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။

ဦးခေါင်းပြောင်ပြောင်နှင့် လူငယ်ကလေးတစ်ယောက်၊ လူငယ်ကလေးသည် အိပ်မက်မှ ရုတ်တရက် နိုးထလာသူပမာ အဘွားကြီးကိုတစ်လှည့်၊ ကျွန်ုပ်ကိုတစ်လှည့် ထူးဆန်းစွာ ကြောင်အကာ ကြည့်နေလေသည်။ ကြောင်စီစီ အိုးတိုးအတ ဖြစ်နေသည်။

လူငယ်ကလေးသည် လူစိမ်းဖြစ်သော ကျွန်ုပ်ကို တစ်ချက်ငေးကြည့်ကာ အဘွားကြီးကို အိပ်ချင်မူးတူး အမူအရာဖြင့်...

"အဘွား...ကျွန်တော် ဘာဖြစ်သွားသလဲ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားတယ်"

"ဟုတ်တယ်၊ ငါ့မြေး အိပ်ပျော်သွားတယ်၊ ကဲ... ဒီလောက်အိပ်ရေးဝရင် ထတော့၊ ထင်းသွားခွေ၊ အဘိုး ပြန်လာရင် ထင်းမရှိဘဲ ဖြစ်နေမယ်၊ သွား...ဓားယူပြီး ထင်းသွားခွေတော့၊ မြန်မြန် ပြန်လာခဲ့နော် ငါ့မြေး"

"ဟုတ်...ဟုတ်"

လူငယ်ကလေးသည် နေရာမှ ရုတ်တရက်ထကာ ဓားတစ်ချောင်းဆွဲယူလျက် တဲအပြင်ဘက်သို့ လျင်မြန်စွာ ထွက်သွားလေသည်။ အပြင်ဘက်တွင်မူ နှင်းထုလွှာ...။

ကျွန်ုပ်သည် ထိုအခါကျမှ အသက်ဝင်လာသူကဲ့သို့ ရုတ်တရက် နိုးထလာပြီး ရင်ထဲ၌ အံ့ဩခြင်း၊ ကြည်နူးခြင်း၊ ပြောမပြတတ်အောင် ဝမ်းသာခြင်းတို့သည် ရင်ထဲတွင် ဆို့ကြပ်လာကာ မျက်ရည်များပင် ဝဲဝေ့လာမိပေသည်။ ကျွန်ုပ်၏ မှော်လင့်ချက်များ အချင်ချင် အသံမြည်လာပြီကော။

ငါလိုချင်တာ အသက်မဲ့သူကို ပြန်ရှင်လာစေတဲ့ တန်ခိုးသိဒ္ဓိပဲ မဟုတ်လား။ ခု ငါလိုချင်တာ တွေ့ပြီ။ ရပြီ၊ ကေလာသတောင်ထိ၊ ရှမ်ဗလားထိ သွားစရာမလိုတော့ဘူး။ ဒီမှာတင် ငါ့ဆိုအင်ဆန္ဒတွေ၊ ငါဖြစ်ချင်တာတွေ ရပြီ။ ကိစ္စပြီးမြောက်လေပြီတကား။

ကျွန်ုပ်သည် အဘွားကြီးရှေ့တွင် ရုတ်တရက် ဒူးထောက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်သည်။

"အမေ…စောစောပိုင်းက အမေ့ကို စိတ်ထဲက ပြစ်မှား မိတာတွေ၊ ရုတ်တရက် မယုံသင်္ကာ ဖြစ်မိတာတွေကို ခွင့်လွှတ်ပါ အမေ။ ရင်ထဲမှာ အပူမီးတွေ တဟုန်းဟုန်း တောက်လောင်နေပြီး ဒီရှုမ်းမဲလား ရှာပုံတော် ခရီးကြမ်းကို ယောင်ယောင်မှားမှား တစ်ယောက်တည်း ထွက်လာခဲ့တာ။ ကျွန်တော့်ဇနီး အသက်ရှင် သန်ရေးအတွက် ပြန်လည်ရှင်သန် နိုးထရေးအတွက် ထွက်လာခဲ့ တာပါ။ ဆရာသခင်တွေနဲ့ မတွေ့ရသေးမီ အမေ့ရဲ့ ထူးဆန်းအံ့ဩ ဖွယ်ကောင်းတဲ့ အတတ်ပညာနဲ့တင် ကျွန်တော် ရှေ့ဆက်ပြီး ခရီးကြမ်းကို ဆက်စရာမလိုတော့ပါဘူး။ အမေ…အမေ… ကျွန်တော့်ကို ကူညီပါ။ ကျွန်တော့်ဇနီး အသက်ပြန်လည်ရှင်သန် ရေးအတွက် ကူညီပါခင်ဗျာ"

ကျွန်ုပ် ဘယ်နှကြိမ်မျှ ဦးတိုက်မိမှန်း မသိတော့။ အတန် ကြာလျှင်…

"လူကလေး နင့်ကို ငါ အကူအညီပေးမယ်၊ စိတ်ချ သည်ဂါထာပါ ပေပုရပိုက် သစ်သားပြားကို လုံခြုံစိတ်ချ ယူသွားပါ။ အလုံးစုံသော အတတ်ပညာ၊ လူသေကို ပြန်လည် သန်သည့် အတတ်ပညာကို သင်ပေးလိုက်မယ်။ စီရင်ပုံ စီရင် ကို ငါ သင်ပြလိုက်မယ်"

ကျွန်ုပ် ငိုချင်လောက်အောင် ရင်ထဲမှာ အပျော်တွေ



www.burmeseclassic.com

www.burmeseclassic.com



မွန်းကြပ်သွားခဲ့သည်။ ကြည်နူးမှုတွေဖြင့် တောက်လောင်လာသည်။ တဲ၏ အပြင်ဘက်တွင် နှင်းပွင့်နှင်းခဲတွေ အပိုင်းပိုင်း အကန့်ကန့် လေစီးကြောင်းထဲတွင် ပြိုကွဲကာ ဖရိုဖရဲ လွင့်ကြဲနေကြသဲ။

ကျွန်ုပ်သည် အဘွားကြီး၏ နှုတ်တိုက် သွန်သင်ပေးမှု၊ စီရင်ပုံ စီရင်နည်းတို့ကို မိနစ်ပိုင်းအတွင်းမှာပင် အောင်မြင်စွာ နှုတ်တိုက်ရရှိသွားပေပြီ။ သစ်သားပုရပိုက်ကိုကြည့်၍ ရွတ်ဆိုရချင်တော့ အတိုင်းထက် အလွန်ပင်။

"ကဲ···သင့်ကို စီရင်ချက်၊ စီမံပုံ မခြွင်းမချန် သင်ပေးလိုက်ပါပြီ။ သင်၏ဖနီး၊ မြတ်နိုးရသော ဖနီး···"

အဘွားကြီးသည် စကားဆက်မပြောတော့ဘဲ ရုတ်တရက် ငြိမ်တန့်လိုက်ကာ မျက်စိကို မှိတ်လိုက်သည်။ နှုတ်မှ တတွတ်တွတ် ရွတ်နေလိုက်လေသည်။ ပြီးမှ···

"လူကလေးရဲ့ ဖနီး၊ အင်း···"

"ဆက်ပြောပါ အမေ၊ ဘာဖြစ်သလဲ"

အဘွားကြီးသည် မျက်လုံးကို ဖွင့်လိုက်သည်။ ရုံးရှုံ့ တောက်ပြောင်လှသော အဘွားကြီး၏ မျက်ဝန်းများသည် ရုတ်တရက် မှိန်ဖျော့သွားကာ···

"ပုလဲဒေဝီ ဟုတ်တယ်နော်၊ ကျောက်ဂူထဲမှာ လဲလျောင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျွန်ုပ် လန့်ဖျတ်ကာ 'အား' ဟု ရွတ်လိုက်မိသည်။ ကျွန်ုပ်ဇနီး၏ အမည်ကို မပြောပြထားပါလျက် အဘွားကြီးက သိနှင့်နေကြပြီကော။ ပြီးတော့ အသက်မဲ့နေသော အခြေအနေ။

"လူကလေးနာမည်"

ကျွန်ုပ် ငြိမ်သက်နေမိသည်။ အဘွားကြီး နှုတ်ဖျားမှ နာမည်တစ်လုံး ပြုတ်ကျသွားသည်။

"ဇူလို"

"မှန်ပါတယ် အမေ"

အဘွားကြီးသည် ဖြူဖွေးသော ဆံပင်တွေနှင့် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ...

"သွားပေဦးတော့၊ ခရီးလမ်းမှာ အန္တရာယ်ကင်းပါစေ၊ အလုံးစုံသော အန္တရာယ်တွေ ဖယ်ရှားကြပါစေ၊ ဘေးမသီ ရန်မခ ပါစေနဲ့ကွယ်"

ကျွန်ုပ် ငြိမ်သက်ခေါင်းညိတ်လိုက်မိသည်။ ထို့နောက် ကျွန်ုပ်၏ သားမွေးအိတ်ကြီးထဲမှ ကွမ်းသီးလုံး ပမာဏရှိ ရွှေတုံး တစ်တုံးကို ယူကာ...

"အမေ့ကို ကျွန်တော် ကန်တော့ခဲ့ပါတယ်၊ လက်ခံပါ အမေ"

အဘွားကြီးသည် ကျွန်ုပ် ပေးလှူလိုက်သည့် ရွှေတုံးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှသာ စိုက်ကြည့်ပြီး တဲအပြင်ဘက်သို့ အကြည့်ကို ရွှေ့လိုက်သည်။ ခေါင်းမညိတ်၊ ခေါင်းမခါ။ မျက်စိကိုမှိတ်၍ အာရုံယူကြည့်နေသည်။

"အမေတို့မှာ ဒါတွေ မလိုပါဘူးကွယ်၊ ဒါတွေ လက်ထဲမှာရှိရင် အန္တရာယ်ကွဲ့၊ ဒါပေမဲ့ ဟိမဝန္တာဆရာသခင်တွေအတွက်၊ ရှမ်ဗဲလားဆရာသခင်တွေအတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးဖို့ ယူထားလိုက်ပါ့မယ်။ သာခု ခေါ်ပါတယ်ကွယ်။ သာခု··သာခု။ ဟဲ···လူကလေး သွားတော့။ ကျောက်ဂူထဲမှာရှိတဲ့ လူကလေးနားမှာ တပည့်သားမြေးတွေ ဝိုင်းရံစောင့်ရှောက်နေကြတယ်။ တစ်ယောက်က ခေါင်းရင်းမှာ ဆီမီးတွေ ထွန်းနေတယ်။ ကဲ··· သွားပေဦးတော့။ အချိန်မနှောင်းခင် မြန်မြန်သွားတော့ လူကလေး"

"အမေ့ကျေးဇူးကို တစ်သက်မှတ်ထားပါ့မယ် အမေ"

အပြင်ဘက်တွင် နှင်းထုလွှာသည် ဆွတ်ပျံ့ဖွယ် အပြေးအလွှား ခုတ်မောင်းနေသည်။ မှုန်ဝါးဝါး နေခြည်နု တစ်ပြိုက်နှစ်ပြိုက်အောက်တွင် မျှော်လင့်ချက်၊ အနာဂတ်ပန်းပွင့်၊ ရှင်သန်ခြင်း မီးတောက်။

ကျွန်ုပ် ခြေလှမ်းကို လျင်မြန်စွာ ရွှေ့လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ နောက်ဘက်ဝယ် ဟိမဝန္တာသည်လည်း ကောင်း၊ ရှမ်ဗဲလားဆရာသခင်များရှိရာ ကေလာသတောင်သည် လည်းကောင်း လွန်ခဲ့သည့် ၁၀ ရက်ခန့်ကပင် ကျန်ရစ်ခဲ့လေပြီ ကော။ မြန်မာပြည်ရှိ မြောက်ဘက်ဒေသ ကျွန်ုပ်ဇာတိမြေသို့ ခြေချခါနီးတွင် လမ်း၏ တစ်နေရာ၌ သမင်တစ်ကောင်၏ ပုပ်ပွ နေသော အရိုးစုတစ်ခုကို တွေ့ရ၍ သစ်သားပုရပိုက်အတိုင်း ရွတ်ဆိုစီမံကြည့်မိသေးသည်။ ထူးခြားချက်ကား လျှင်မြန်လှပေ သည်။

ရေစင်ဖြန်းကာ ဂါထာရွတ်လိုက်သည်နှင့် သမင်ငယ်၏ အရိုးစုသည် တလှုပ်လှုပ် တရွရွ ဖြစ်လာကာ တဖြည်းဖြည်းဖြင့် ပွဲကြွေပုပ်ရိသွားသော အသားစိုင်တွေ ပျောက်ကာ အသားသစ် တွေ ပြည့်လာသည်။ ထို့နောက် ခြေထောက်၊ ချို၊ ကိုယ်လုံးတစ်ခု လုံး သွေးနေရာနှင့်သူ အစီအစဉ် ကျနသွားကာ ကျန်းမာသန်စွမ်း သော တိရစ္ဆာန်တစ်ကောင်အသွင်သို့ ကူးပြောင်းသွားတော့သည်။

ထို့နောက် နေရာမှ ကုန်းရုန်းထကာ ကျွန်ုပ်ကို မြင်သည် နှင့် အထိတ်တလန့် အော်မြည်ကာ ချောက်ကမ်းပါးအောက်သို့ ပြေးဆင်းသွားလေသည်။

ကျွန်ုပ်ရင်ထဲမှ ဝမ်းသာပီတိအဟုန်သည် ...ားဆီးမရ တော့။ ကမ္ဘာလောကကြီးတွင် ကျွန်ုပ်လောက် ပျော်ရွှင်ကြည်နူးသူ ရှိနိုင်ပါဟော့မည်လား။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။ နောက်ကိုယ်တစ်ခုလုံး ဖက်ရွက်ကလေးတစ်ရွက်ပမာ ပေါ့ပါးပြီး လေအဟုန်၏ လျှင်မြန်ခြင်းဖြင့် ရွေ့လျားလိုက်မိသည်။

အို…ပုလဲဒေဝီ။

သင်နှင့် ငါတို့၏ ဘဝခရီးသည် မကြာမီ ထူးဆန်းအံ့ဩဖွယ်ရာများဖြင့် ဘဝခရီးကို ဆက်ကြရပေမည်။ တောင်ခိုးဝေဝေ မြူခြေဆိုင်းနေတဲ့ ရွာကလေးမှာ တောင်ယာမီးခိုးညွှန့်တွေ ခြေချင်းသိမ်နေတဲ့ ရွာကလေးမှာ မုယောစပါးခင်းတွေကို တချင်ချင် ပြည့်အောင် ရိတ်သိမ်းပြီး တေးသီချင်းတွေ သီဆိုကြပါစို့။ ချစ်တေးဖွဲ့သီကြပါစို့။

❑

မြန်မာပြည်မြောက်ပိုင်း ကျွန်ုပ်နေထိုင်ရာ ရွာကလေးဆီသို့ ရောက်ရှိပေပြီ။ အပြန်ခရီးသည် ကျွန်ုပ်အတွက်ရော၊ ကျွန်ုပ်အပိုင်စားရာရွာအတွက်ပါ မင်္ဂလာသတင်းကို သယ်ဆောင်လာသဖြင့် ကြည်နူးစရာ ဖြစ်ခဲ့သည်။

ကျွန်ုပ် ရွာသူရွာသားအားလုံးကို ကျွန်ုပ် အောင်မြင်စွာ သယ်ဆောင်လာသည့် အတတ်ပညာအကြောင်းကို အသေးစိတ် ရှင်းပြလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ ကျွန်ုပ်၏ဇနီး ပုလဲဒေဝီ ရှိရာသို့သွားပြီးသကာလ အသက်ရှင်သမြောက်ရန် အစီအစဉ်ပြုလုပ်ခြင်း၊ မန္တန်ရွတ်ဆိုခြင်းကို ပြုလုပ်ကြပေအံ့။ တစ်ရွာလုံး စုရုံးကြ"

နံနက်ခင်း၏ ဖူးပွင့်စအရုဏ်ဦး ရောင်ခြည်အောက်တွင် ရွာကလေးသည် ငြိမ်းချမ်းစွာ လဲလျောင်းလျက် ရှိသည်။ ဝါရွှေသော အလင်းအစနများသာ ပုလဲဒေဝီကို ခေတ္တထည့်ထားသည့် ကျောက်ဂူပေါ်သို့ ဖွဖွညင်ညင်ကလေး တို့ထိလျက် ရှိပေသည်။

အသက်မဲ့သူကို ပြန်လည်ရှင်သန်လာစေသည့် အစီအစဉ်ကို ပြုလုပ်မည်ဟု ကြေညာမောင်းခတ်ထားသဖြင့် အားလုံးသည် ရှင်ပျိုတက်ကြွသော အမူအရာဖြင့်လည်းကောင်း၊ ထူးဆန်းအံ့ဩစရာကောင်းလှသည့် ဖြစ်ရပ်ဆန်းကြယ်ကို လက်တွေ့ကျကျ မြင်လိုကြသဖြင့်လည်းကောင်း ပုလဲဒေဝီရှိရာ ကျောက်ဂူဆီသို့ တစ်စတစ်စ စုဝေးရောက်ရှိလာကြကုန်သည်။

ကျွန်ုပ်ရင်သည်လည်း လေထဲသို့ ပျံထွက်တော့မည့် ငှက်ကလေးပမာ တက်ကြွကာ ရှင်မြူးလျက်ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံး ပျော်ရွှင်ကြည်နူးမှုများ ပူးဝင်ခိုကပ်နေကြောင်း ခံစားနေရသည်။

ကျွန်ုပ်နှင့် ယုံကြည်အားကိုးရအောင် လူယုံတော်များသည် ကျောက်ဂူရှိရာသို့ ချဉ်းကပ်လာကြပေပြီ။ ဓူဇ(?)ပြင်တွင်လည်းကောင်း၊ ပုလဲဒေဝီရုပ်အလောင်းကို ပြင်ဆင်ထားရာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကုတင်အနီးအနားတွင်လည်းကောင်း လူတွေ ပြည့်ကြပ်နေသည်။ စောင့်ဆိုင်းနေကြသည်။

လူအုပ်စုသည် ကျွန်ုပ်နှင့်တကွ နောက်လိုက်နောက်ပါများကို မြင်လိုက်သည်နှင့် အရိုအသေပေးကြခြင်း၊ နေရာဖယ်ပေးကြခြင်းတို့ကို ပြုလုပ်ကြပြီး ဆူညံနေသော အသံများသည် ရုတ်ခြည်းငြိမ်သက်သွားကြသည်။

ကျွန်ုပ်အဖို့ ပုလဲဒေဝီကို စွန့်ခွာပြီး အသက်ရှင်ရန် ရှမ်ဗဲလားခရီးကို သွားခဲ့သည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပေပြီလော။ ကျွန်ုပ် သူမကို ကြေကွဲစွာ ကြည့်လိုက်မိသည်။ တစ်ခဏချင်းမှာပင် ဝမ်းနည်းစိတ်က ပျောက်ကွယ်သွားကာ မကြာမီ ပြန်လည်ရှင်သန်နိုးထလာတော့မည်ဟု ကြည်နူးစိတ်က ဝင်ရောက်လာပြန်သည်။

ပုလဲဒေဝီ၏ ခေါင်းရင်းရှိ ကညင်ဆီမီးတိုင်မှ မီးညွန့်ငါဝါသည် ငြိမ်သက်စွာ တောက်လောင်လျက်ရှိသည်။ အပြင်ဘက်တွင် နှင်းမှုန်တွေ တဖွဲဖွဲ ဝဲပျံနေကြသည်။ အေးမြသောဆောင်း၏ အအေးဒဏ်ကြောင့် ကျောက်ဂူထဲတွင် ရေခဲလုမတတ်အေးမြနေပြီ ဖြစ်ရကား ပုလဲဒေဝီ၏ ရုပ်ကလာပ်သည် အသားအရေ အနည်းငယ် ညိုရောင်သမ်းလာသည်မှအပ ပကတိအိပ်မောကျနေဘိသကဲ့သို့ သူမ၏ ပတ်ပတ်လည်တွင် ပန်းမျိုးစုံဖြင့်ကြဲထားလျက် အမွှေးနံ့သာတိုင်တို့ဖြင့် ထုံသင်းလျက်. . .

ရွာသားအချို့သည် မတ်တတ်ရပ်သူရပ်၊ ဝှ၏ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



တွင် အေးအေးလူလူ ထိုင်သူထိုင်နှင့် မကြာမီ ကြုံရဆုံရတော့မည့် အံ့သြထူးခြားဖွယ် မြင်ကွင်းကြီးကို စောင့်ကြည့်နေကြကုန်သည်။ အကဲခတ်နေကြကုန်သည်။

ကျွန်ုပ်သည် အားလုံးကို ဂုဏ်ယူဝင့်ကြွားစွာ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ရှိစွာဖြင့် ဇွဲဝဲနှုတ်ဆက် ပြုံးပြလိုက်ပြီး ပုလဲဒေဝီ ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာသည်။ လက်ထဲတွင် ရေစင်အိုး၊ သစ်သားပုရပိုက်တွင် ကိုင်တွယ်ကာ အားမာန်အပြည့်ဖြင့် ဝင်ရောက်လာခြင်း ဖြစ်သည်။ ကျွန်ုပ်၏ ဟန်အမူအရာမှာ မကြာမီက ဖြစ်ပွားသွားခဲ့သည့် စစ်ပွဲကြီးတစ်ပွဲကို လျင်မြန်စွာ ပွဲသိမ်းအနိုင်ရလိုက်သော စစ်သူကြီး၏ ဟန်ပန်ဖြင့် တူညီကောင်း တူညီနေပေလိမ့်မည်။

❑

ပထမဦးဆုံးအဖြစ် ကျွန်ုပ်သည် ပုလဲဒေဝီ၏ ညှိုရောင် သမ်းစပြုနေသော မျက်နှာကို တစ်ချက်ငေးစိုက်ကာ...

ငါ ပြန်လာပြီ၊ ပုလဲဒေဝီ။ ရှင်မကို အသက်သွင်းဖို့ ပြန်လည်ရှင်သန်နိုးထလာဖို့ အစီအရင်တွေ ဟိုး...ဝေးလံခေါင်ဖျ တဲ့နေရာက ယူဆောင်လာပြီ။ မကြာမီ ရှင်မ နိုးထလာပါတော့ မည်။ ငါနှင့် ဘဝတစ်လျှောက် ဆက်လက်ပျော်ရွှင်စွာ လက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့…။

ကျွန်ုပ်ရင်ထဲမှ ရေရွတ်ကာ လက်ထဲမှ ရေစင်ခွက်ဖြင့် ရုပ်အလောင်းပေါ်သို့ ဖြည်းညင်းစွာ လောင်းချလိုက်ပေသည်။ ဝူထဲတွင် တိုးတိုးစကားပြောသံများသည် ရုတ်တရက် တိတ်ဆိတ်သွားပုံမှာ နှင်းပွင့်နှင်းစက်များ၏ ခြေသံကိုပင် ကြားရလောက်ပေသည်။

အာရုံကို စုစည်းလိုက်ပြီး တည်ငြိမ်စွာဖြင့်ပင် သစ်သားဗုံရိုက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ဂါထာကို စတင်ရွတ်ပွားလေတော့သည်။

ကျွန်ုပ်၏အသံသည် ကျောက်ဂူထဲတွင် ပဲ့တင်ဟိန်းညံကာ ထွက်ပေါ်လာသည်။ စက္ကန့်ပေါင်းများစွာ၊ မိနစ်ပေါင်းများစွာ။ သို့သော်…သို့သော်…

ပုလဲဒေဝီ၏ ရုပ်အလောင်းသည် မည်သည့်ထူးခြားမှုမှ ပြသမလာပေ။ တကယ်ဆို ဤမျှ မိနစ်ပေါင်းများစွာ ရွတ်ပွားလိုက်ရုံဖြင့် လှုပ်ရှားမှု၊ ထူးခြားမှု တစ်ခုခု ဖြစ်လာရမည်။ ယခုတော့ ပုလဲဒေဝီသည် ကျောက်ကုတင်ပေါ်တွင် ငြိမ်သက်လျှက်။ ပကတိ တိတ်ဆိတ်ငြိမ်သက်လျှက်။

ကျွန်ုပ်၏ စိတ်ထဲက သံသယနှင့်အတူ လေးလံမှုတစ်ခုသည် စတင်၍ တငွေ့ငွေ့ လောင်ကျွမ်းစပြုလေပြီကော။ အဘယ်ကြောင့် ပုလဲဒေဝီ၏ ရုပ်အလောင်းသည် ထူးခြားမှု မပြသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂါထာရွတ်ဆိုမှု မှားယွင်းနေပြီလား။ ဒါလည်း မဖြစ်နိုင်။ လမ်းခရီးမှာပင် သမင်တစ်ကောင်၏ အရိုးစုကို ကျွန်ုပ် အသက်သွင်းခဲ့ပြီ မဟုတ်လား။ ဂါထာရွတ်ဆိုမှု စီရင်ပုံ မှားယွင်းမှုကြောင့် မဖြစ်နိုင်။ လုံးဝမဖြစ်နိုင်ပါ။ ဒါဆို…

အေးမြသော ကျောက်ဂူထဲ ရေခဲမတတ် အေးစိမ့်သော ပတ်ဝန်းကျင်ထဲမှာပင် ကျွန်ုပ်တစ်ကိုယ်လုံး ခြေဖျားလက်ဖျားတွေ တုန်ယင်လာကာ ချွေးစေးတွေ ပြန်စပြုလာသည်။ ကျွန်ုပ် သံသယစိတ်ဖြင့် အသက်ရှူသံ ပြင်းထန်လာသည်ကိုတော့ ခံစားစိတ်ဖြင့် သိနေသည်။ ကျွန်ုပ်၏အာရုံက မမြင်ရခြင်းကို မြင်နေသည်။ မြင်နေရခြင်းကို မမြင်ရ။

ကျွန်ုပ် ဂါထာကို ဆက်၍ရွတ်သည်။ နာရီပေါင်းများစွာ ဆက်၍ ဆက်၍ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးတွေ လက်လက်ထလျက်။

ပုလဲဒေဝီသည် မည်သို့မျှ ထူးခြားမလာ။ လှုပ်ရှားမှုမဲ့စွာ၊ မျက်တောင်ကလေးမျှပင် မခတ်။ လိပ်ပြာတောင်ပံခတ်မျှ လေညင်းကလေးမျှပင် မလှုပ်။ ဂါထာရွတ်ပွားနေရာမှ ကျွန်ုပ် ရပ်လိုက်သည်။ လွဲမှားမှုတစ်ခုခု။

ကမ္ဘာကြီး သေပြီ။ ရင်ထဲမှာ မိုးထစ်ချုန်းသံတွေ ဆင့်တိုက်။ မြေပြိုသံ၊ လျှောင်တော်လဲသံ။

ကျွန်ုပ် အံတစ်ချက်ကြိတ်ကာ သစ်သားရုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းကာ လွှတ်ချလိုက်မိသည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေ စိမ့်အိုင်ထွန်းကာ စီးကျလာသည်။

ရင်ထဲမှာ နေဆယ်စင်းက တိုး၍လောင်သည်။

ကျောက်ဂူအမိုးသည် လေထုမဲ့စွာ ရုတ်တရက် ပြိုဆင်းကျလာကာ အမှောင်ထုကြီးက ကျွန်ုပ်တစ်ကိုယ်လုံးပေါ်သို့ ညီစိုစို အလောင်းကောင်ကြီးကဲ့သို့ ပြိုကျလာသည်။

❑

ကျွန်ုပ်ရင်ထဲမှာ သံသယပေါင်းများစွာဖြင့် ကေလာသတောင်ထွတ် ရှိရာသို့ ဒုတိယမွှိ ထွက်ခွာလာခဲ့ရပေပြီ။ ကျေးရွာတွင် နှစ်ရက်ပဲ နားလိုက်ရသည်။ ရွာတွင်ရှိစဉ် ရက်ရှိခြင်း၊ တစ်ဘဝစာ ဆုံးရှုံးရခြင်းတို့နှင့်အတူ ဘာဆိုဘာမှ နားမလည်နိုင်တော့။ အားလုံးကို ကျွန်ုပ် တတ်နိုင်သရွေ့ ရှင်းလင်းပြောပြခဲ့၍ စားနားလည်ခဲ့ကြသည်။ သနားခဲ့ကြသည်။

သို့သော် ကျွန်ုပ်အဖို့ ပုလဲဒေဝီ အသက်ပြန်လည် မရှင်သန်လာခြင်းအပေါ် သံသယစိတ်က ကြီးထွားမြဲပင်။ ရင်ထဲမှာ နာကျင်ကြေကွဲမှုဖြင့် ရှမ်ဗဲလားခရီးကို ဒုတိယအကြိမ် စတင်ခဲ့ရလေပြီ။ ဒုတိယအကြိမ်ခရီးသည် ကျွန်ုပ်အဖို့ စမ်းတဝါးဝါးဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့် ခရီးကြမ်းကို ဖြတ်သန်းခဲ့ရသည်မှာ ဆယ်ရက်မြောက်လေပြီ။ ကေလာသတောင်အနီးသို့ ချဉ်းကပ်မိလေပြီကော။

❑

ကျွန်ုပ် မည်မျှကြာကြာ အိပ်ပျော်သွားသည် မခန့်မှန်းနိုင်တော့။ စိတ်၏ ပင်ပန်းနွမ်းနယ်ခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်း၊ အစာရေစာ ရှားဖွေရ ခက်ခဲပင်ပန်းခြင်းတို့ကြောင့် ကျောက်ဂူတစ်လုံးထဲတွင် အိပ်ပျော်နေခြင်း ဖြစ်သည်။

အပြင်ဘက်တွင် နှင်းပွင့်ဖြူဖြူတွေက ဝေ့ဝေ့ဝဲဝဲ လွင့်နေခဲ့သည်။ ဝါဂွမ်းစိုင်များနှယ် နှင်းပွင့်များသည် လေအသွေးတွင် ဖွာရရာ ကစဉ့်ကလျား လွင့်ကြဲနေသည်မှာ နာကျင်ဖွယ် အတိတ်တစ်ခုကို ဖော်ပြနေသလိုပင်။ နှင်းတွေက အဆုပ်လိုက်၊ အဆုပ်လိုက် လွင့်ပါးနေကြဆဲ။

ကျွန်ုပ်ရင်ထဲတွင် ဆာလောင်မွတ်သိပ်ခြင်းသည်လည်းကောင်း၊ ရာသီဥတု၏ ကြမ်းတမ်းခက်ထန်မှုသည်လည်းကောင်း သာမညတစ်ခုမျှသာ။ ကျွန်ုပ် တွေ့ဆုံလိုသည်မှာ ကေလာသမှ ဆရာသခင်တစ်ပါးပါး သို့မဟုတ် ကျွန်ုပ်ကိစ္စကို ဖြေရှင်းကူညီဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးဦးပဲ ဖြစ်သည်။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ရောက်ခဲ့ရသည့် ခရီးလမ်းကို ကျွန်ုပ် အလုံးစုံ မှတ်မိနေခြင်းက ကံကောင်းသည်။ ယခုအချိန်တွင် ကျွန်ုပ် ဖြတ်သန်းခဲ့ရသည့် ခရီးလမ်းကြောင်းသည် တိဗက်နယ်မြေထဲသို့ အတော်များများ ကျွံဝင်နေပြီ ဖြစ်သည်။

ကျွန်ုပ်သည် ခန္ဓာကိုယ်နှင့် မကွဲမကွာ ယူဆောင်လာသည့် သစ်သားပုရပိုက်ကို ထုတ်ယူကြည့်လိုက်မိသည်။ ရင်ထဲမှာ တုန်လှုပ်ချောက်ချားခြင်း၊ နာကျင်ခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ ကြေကွဲဝမ်းနည်းရခြင်းတို့သည် ရင်ထဲတွင် လူးလာတုံ့ခတ်နေပေသည်။

ပုရပိုက်ကို အဆိပ်ရှိသော သတ္တဝါတစ်ကောင်သဖွယ် ထင်မှတ်လိုက်ပြီး ယောင်ယမ်းကာ လွှတ်ချလိုက်မိသည်။ ရင်ထဲက အဆုံးအရှုံးတစ်ခုကို ဘာနှင့်အစားထိုးရမည်နည်း။ ကျွန်ုပ်တွေဝေစွာ ငေးကြည့်နေဆဲမှာပင် ဂူဝဆီမှ နံနက်ခင်း ရောင်ခြည်နုနုနှင့် အဖြူအရိပ်တစ်ခုကို တွေ့လိုက်မိသည်။ အဝါရောင်အရိပ်တစ်ခု။

ကျွန်ုပ် လှမ်းကြည့်လိုက်မိသည်။ ဦးပြည်းခေါင်းတုံးနှင့် အဝါရောင်ဝတ်စုံကို ဆင်မြန်းထားသည့် တိဗက်ရဟန်းတော်တစ်ပါး။ ကျွန်ုပ် လျင်မြန်စွာဖြင့် ဂူဝဆီသို့ လျှောက်သွားကာ ရဟန်းတော်ကို ဦးချလိုက်မိသည်။

ရဟန်းတော်ကား သက်တော်ကြီးရင့်လှပြီ ထင်မှတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သက်တော် ၇၀ ကျော်ခန့် ခန့်မှန်းမိသည်။ ကျွန်ုပ်ကို ငုံ့၍ကြည့်နေသော ရဟန်းတော်၏ မျက်ဝန်းများတွင် အံ့ဩရိပ် စိုးစဉ်းမျှ ဖြတ်သန်းသွားသည်ဟု ခံစားလိုက်မိသည်။

"ဒကာတော် စိတ်သောကတွေ များလှချည်၊ အဘယ် အရပ်က ရောက်လာပါသလဲ"

ဘုရားရေ…ကျွန်ုပ်ရင်ထဲမှာ ဖျန်းခနဲ ပြုံကွဲသွားမိသည်။ ရဟန်းတော်သည် ကျွန်ုပ်၏ ရင်တွင်းပူလောင်သောကတွေကို သိရှိနေပါပြီကော။ ကျွန်ုပ် အံ့ဩတုန်လှုပ်သွားမိသည်။

"တပည့်တော် မြန်မာပြည်မြောက်အရပ်က ဤဒေသသို့ စွန့်စား၍ ဒုတိယအကြိမ် ရောက်ရှိလာခြင်း ဖြစ်ပါသည် အရှင်ဘုရား။ သောကတွေ ရင်မှာပိုက်ပြီး ထွက်လာတာပါဘုရား"

ကျွန်ုပ်ဖြစ်စဉ်များကို အကျဉ်းချုံး၍ လျှောက်ထားလိုက်မိသည်။

"ကိုယ်တော် ဒီကျောက်ဂူရှေ့မှ ကေလာသတောင်တော်သို့ ကြွရောက်စဉ် လူတစ်ယောက်၏ သောကအငွေ့အသက် ရသဖြင့် ဤဂူထဲသို့ ဝင်လာခြင်းဖြစ်သည်"

အို…ထူးဆန်းလှချေတကား။ ကျွန်ုပ် ရဟန်းတော်ကို အကြိမ်ကြိမ် ဦးခိုက်မိသည်။ ထို့နောက် ကျွန်ုပ် သိလိုသော မေးခွန်းများကို ရဟန်းတော်ကို လျှောက်ထားခွင့် ရှိမရှိ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး သစ်သားပုရပိုက်ကို ကောက်ယူကာ ဆက်ကပ်လိုက်မိပေသည်။

ရဟန်းတော်သည် ပုရပိုက်ကို လှမ်းယူကာ ဖတ်ယူကြည့်ရှုတော်မူပြီး ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်ပေသည်။

"သေဆုံးနေသော သက်ရှိသတ္တဝါ၏ အသက်ကို ပြန်လည်ရှင်သန်ရန် စီမံထားသော ဂါထာမှန်ပေသည်။ ဤပုရပိုက်သည် တစ်စုံတစ်ရာ မှားယွင်းမှု မရှိပါ"

ကျွန်ုပ် ဝတ်ပြုနေရာမှ မော့၍ဖူးမြော်လိုက်ပါသည်။

"ဤသို့ဆိုလျှင် တပည့်တော်၏ ဇနီးသည် ဂါထာပါ စီမံပုံ မှန်ကန်ပါလျက် အဘယ်ကြောင့် အသက်ပြန်မရှင်သန်လာရပါသနည်း အရှင်ဘုရား"

ရဟန်းတော်သည် ညင်သာစွာ ခေါင်းညိတ်တော်မူပြီး..

"အို...ဒကာတော်၊ လောက၌ လူသားဖြစ်စေ၊ အခြားသော သက်ရှိသတ္တဝါဖြစ်စေ၊ အသက်တိုခြင်း၊ ရှည်ခြင်း၊ အသက်ရှင် ရပ်တည်နေနိုင်ခြင်းမှာ လွန်လေပြီးသော အတိတ်ဘဝ၏ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့်ပင် ဖြစ်သည်။ အတိတ်ဘဝ၏ ကုသိုလ်ကံကောင်းခြင်း၊ ဆိုးခြင်းအပေါ် မူတည်ကွဲလွဲတတ်ပေသည် ဒကာတော်၊ ဤသို့ဖြင့် အငြင်းပွားဖွယ် မရှိသင့်။

အကြောင်းမှာ အတိတ်ဘဝက ကုသိုလ်ကံကောင်းသူမှာ ကောင်းဖြစ်လေရာ ဘဝတစ်ခု၌ ချမ်းသာသုခ ခံစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘ၀ ကုသိုလ်ကံ မကောင်းသူမှာ နောင်ဘ၀၌ ဒုက္ခဆင်းရဲ မလွဲကေန် တူသောအကျိုး ခံစားရမည်သာတည်း။ အတိတ်ကံ ကောင်းသူများ အသက်ရှည်ကြပြီး ကံနည်းသူများ အသက်တိုကြ ပေသည်''

ကျွန်ုပ်၏ ရင်ထဲတွင် ရှင်းလင်းသော အရုဏ်ဦးအလင်းကို မြင်ရသကဲ့သို့ ဉာဏ်အလင်းတစ်စက်ကို စတင်မြင်လိုက်ရလေပြီ။

''တင်ပါ့ဘုရား၊ တပည့်တော် ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို ယုံကြည်သက်ဝင်ပါသည်ဘုရား''

''အို…ဒကာတော်၊ ဤသို့သာလျှင်တည်း။ သေသူကို ရှင်အောင် ပြုလုပ်နိုင်စွမ်းရှိသည့် မန္တန်သည် မည်မျှပင် အစွမ်းထက်ပါစေ၊ သေဆုံးသူမှာ အတိတ်ဘ၀က ပါလာသော ကုသိုလ်ကံတရား ကံကုန်ခမ်းနေပါလျှင် ပြန်လည်ရှင်သန်ရန် မဖြစ်နိုင်တော့ပါ၊ ဒကာတော်''

ကျွန်ုပ်ရင်ထဲမှာရှိသည့် သံသယတစ်ခုသည် ယခုတော့ ရှင်းလင်းပြေပျောက်ရပေတော့မည်တကား။ အို…ပုလဲဒေဝီ၊ သင်၏ အတိတ်ကံအတိုင်း တရားတော်မြတ်အတိုင်း မလွဲမသွေ ဖြစ်ရတော့မည်တကား။ သင့်မြတ်လှပေစွ။

''ဒကာတော်…တရားတော်အတိုင်း ရှိပါစေ၊ သင်၏ ချစ်ဇနီးသည် ဂါထာမန္တန် မည်မျှရွတ်ဖတ်သရစေကာမူ(?)ပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်လည်ရှင်သန်မလာခြင်းသည် ဆက်လက်အသက်ရှင်သန်ရန် ကံကုန်နေ၍ ဖြစ်ပေသည်။ ဒီဘဝမှာ သက်တမ်းသည်မျှသာ နေရမည့်ကံ ဖြစ်သည်''

ကျွန်ုပ်ရင်ထဲ၌ လှိုက်ခနဲ နွေးထွေးသွားမိသည်။ ပေါ့ပါးသလို ခံစားလိုက်ရသည်။

''အို…ဒကာတော်၊ သံသရာသည် ရှည်လျားလှသည်။ သင်နှင့် သင့်ဇနီးသည် နောင်ဘဝပေါင်း မြောက်မြားစွာ တွေ့ဆုံရန် အကြောင်းကံများစွာ ရှိသေးသည်။ ဘဝတစ်ကွေ့ကွေ့တွင် ထပ်မံတွေ့ဆုံရပေဦးမည်။ သင် မတွေ့လိုပြီဆိုပါအံ့၊ ထပ်မံတွေ့ရပေဦးမည်''

ကျွန်ုပ် ငြိမ်သက်စွာ နားထောင်နေမိသည်။ ရင်ထဲမှာ ကြေကွဲခြင်းတစ်ဝက်၊ ကြည်နူးခြင်းတစ်ဝက်။

''အရှင်မြတ်ဘုရား၊ ဤဂါထာသစ်သားပုရပိုက်ကို ပိုင်ရှင်ထံ ပေးပို့လိုပါသေးသည်။ ပြီးလျှင် ရှမ်ဗဲလား အရှင်သခင်များကို ဖူးမြော်လိုပါသေးသည်။ ရှမ်ဗဲလားသို့ သွားလိုပါသည်၊ ထမ်းညွှန်တော်မူပါ''

ရဟန်းတော်သည် ကျွန်ုပ်အား တည်ငြိမ်စွာ စိုက်ကြည့်လိုက်ပေသည်။

''ဒကာတော်…ကေလာသတောင်နှင့် ရှမ်ဗဲလားတစ်ပိုင်းတွင် ဒကာတော် လက်ဝယ်ရှိ သစ်သားပုရပိုက် ဂါထာတော်သက်



www.burmeseclassic.com

www.burmeseclassic.com



ပင် ဆန်းကြယ်သော ဂါထာပေါင်းမြောက်မြားစွာ အတတ်ပညာ ပေါင်းမြောက်မြားစွာ ရှိသည်။ သို့သော် ဤအတတ်ပညာများ သည် သံသရာရှည်လှသည်။ အဆင်မသင့်လျှင် အပါယ်ငရဲသို့ ပင် ရောက်နိုင်သေးသည်။ ဖျက်ဆီးပစ်လိုက်ပါ။ သည်အတွက် စိတ်ထဲမှာ စနိုးစနောင့် မဖြစ်ပါနှင့်။ ပြီးတော့ ရှမ်ဗဲလားဆိုသော အရာသည်လည်း ဝေးဝေးကြီးမှာ မရှိပါ။ ရှမ်ဗဲလားသည် ဒကာ တော်၏ အသည်းနှလုံးထဲတွင် ရှိပါသည်။ ကြင်နာခြင်း၊ သစ္စာ တရား။ ချစ်ခြင်း၊ စာနာမှု စသည်တို့သည် သင်ပင်ရှာဖွေနေသော ရှမ်ဗဲလားပင် မဟုတ်ပါလော"

ကျွန်ုပ် ကြည်နူးစွာ စိတ်လှုပ်ရှားသွားမိပြီ။ ဘဝ၏ ငြိမ်းချမ်းမှု အစစ်အမှန်။

"သင့်မြတ်လှပါသည် အရှင်ဘုရား"

❑

ကျောက်ဂူထဲရှိ မီးလင်းဖိုမှ မီးစွယ်မီးလျှံများက ဖျိုးဖျိုး ဖျစ်ဖျစ်မြည်ကာ မီးခိုးမီးငွေ့များသည် ကျောက်ဂူနံရံထက် ကောင်းကင်ဆီသို့ တစ္ဆေကချေသည်တွေလို တွန့်လိပ်ရှုန်းကြ၍ ထိုးတက်နေကြသည်။ သစ်သားပုရပိုက်သည် မီးလျှံအစွယ် ရှူးရှူး ထက်ထက်များကြားတွင် နစ်မြုပ်ကာ တဖြည်းဖြည်း လောင်



www.burmeseclassic.com

www.burmeseclassic.com



ညွှမ်းစပြုနေလေသည်။ ကျွန်ပ်သည် ပုရပိုက်၏ နောက်ဆုံး ရှာပနခရီးကို စိတ်လက်ပေါ့ပါးစွာ မမှိတ်မသုန် စိုက်ကြည့်ရင်း ခပ်မြန်မြန် ပြာကျအံဆုံးသတ်သွားစေရန် ဝှန်ရုံတွင် ထောင်ထားသော မီးခွေ ဝါးလုံးပိုင်းအတိုကို လျှင်မြန်စွာ ဆွဲယူလိုက်ပါသည်။

မင်းဘုန်းသီခ်သူ

□□□



www.burmeseclassic.com

www.burmeseclassic.com



## မင်းဒေဝ၏ မှတ်တမ်းများ (၁)

## ကာဝေကျွန်းနှင့် စစ်ပြိုင်ခြင်း

ကျွန်ုပ်တော် ယခုဖော်ပြမည့် အကြောင်းအရာမှာ ဆရာမင်းဒေဝ ဆိုသူနှင့်အတူ နေထိုင်သွားလာ စွန့်စားခဲ့ကြစဉ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များအနက်မှ တစ်ခုသော အကြောင်းအရာပင် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ် မင်းဒေဝအား ဆရာဟု ခေါ်ဝေါ်သုံးစွဲရသည်ကို အနည်းငယ်ရှင်းလင်းလိုပါသည်။ ဆရာမင်းဒေဝသည် ဗေဒင်ကို တတ်ကျွမ်းသဖြင့် ဗေဒင်ဆရာတစ်ယောက်အဖြစ် လူသိများကြသည်။ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာများကို နှံ့စပ်ကျွမ်းကျင်သဖြင့် ဆေးဆရာတစ်ယောက်အဖြစ်ယုံကြည်ကိုးစားကြသူများလည်း ရှိ၏။ ကျွန်ုပ်တော်နှင့်အတူ နေထိုင်ခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကာလများအတွင်း အင်္ဂလိပ်ဆရာများလည်း သူ့ထံ ဥဒဟို ဝင်ထွက်သွားလာကြသဖြင့် အင်္ဂလိပ် ကျွမ်းကျင်သူ ဆရာတစ်ဆူအဖြစ်လည်း သိရှိမှတ်သားရ၏။ ထို့အပြင် စုန်း၊ တစ္ဆေ၊ တာဝေ၊ အမှောင့်ပယောဂကိစ္စများနှင့် ပတ်သက်၍လည်း မင်းဒေဝ ဆိုသူမှာ ဆရာတစ်ဆူဖြစ်ကြောင်းကို ကိုယ်တွေ့သိရှိခဲ့ရပါသည်။

ကျွန်တော်သည် သူနှင့် စမ်းချောင်းရှိ တိုက်ခန်းတစ်ခန်းကို ပွဲစားမတစ်ဦး၏ ကောင်းမှုကြောင့်စပ်တူငှားရမ်း နေထိုင်ဖြစ်ရာမှ ရင်းနှီးစွာ ဆက်ဆံဖြစ်ခဲ့ကြခြင်းဖြစ်၏။ ကျွန်တော်သည် ကျူရှင်ဆရာတစ်ဦးအဖြစ် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းတို့တွင် လှည့်လည်၍ အင်္ဂလိပ်စာ ပြရ၏။ သူ၏ အလုပ်များမှာ ရှုပ်ထွေးပွေလီသလောက် ကျွန်တော့်အလုပ်မှာ မွန်မြတ်ရိုးရှင်းကြောင်း ဆရာမင်းဒေဝက မကြာခဏ ချီးမွမ်းတတ်သည်ကို မှတ်မိနေသေး၏။ နှစ်ဦးစပ်တူ ငှားထားရာ တိုက်ခန်းကလေးမှာ ဆီဆုံလမ်း၊ အမှတ်-၃၈၊ ပထမထပ်တွင် ရှိ၏။ အခန်းထဲတွင် သူ၏ ပစ္စည်းဟူ၍ ခုတင်တစ်လုံး၊ ခုတင်ဘေးရှိ ပက်လက်ကုလားထိုင်တစ်လုံး၊ ထိုခုတင်အောက်ရှိ သံသေတ္တာတစ်လုံး၊ ခုတင်ခေါင်းရင်းတိုင်တွင် ချိတ်ဆွဲထားသည့် ပိတ်လွယ်အိတ်ကြီးတစ်လုံးတို့သာဖြစ်၏။ ကျွန်တော်၏ ပစ္စည်းများမှာမူ တစ်ခန်းလုံးလိုလို စာအုပ်တွေချည်းဖြစ်၏။ ပုံတွင် ...



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များ၊ အဘိဓာန်များ၊ အဆိုင်းမင့်များ၊ မေးခွန်းဟောင်းများ
စသည်တို့အပြင် စာဖတ်ဝါသနာပါ၍ ဝယ်ယူစုဆောင်းထားသော
ဝတ္ထုစာအုပ်များစွာမှာ အခန်းလုံးပြည့်လို ဖြစ်နေတော့၏။

ဆရာမင်းဒေဝမှာ တစ်ပတ်လုံးလိုလို အခန်းထဲတွင်
တကုပ်ကုပ်ရှိနေတတ်သလို တစ်ပတ်လုံး ပျောက်ချက်သားကောင်း
ချင်လည်း ကောင်းနေတတ်ပြန်၏။ သူ့ထံလာတတ်သော ဧည့်သည်
များမှာလည်း လူမျိုးစုံ၊ အလွှာမျိုးစုံမှဖြစ်၏။ အထက်က ဆိုခဲ့သ
ဗေဒင်မေးသူလည်း ပါ၏။ အင်္ဂရိတ်နည်းမေးရန်လာသူ၊ တိုင်းရ
ဆေးနည်း လာတောင်းသူတို့လည်း ပါ၏။ လာသမျှ ပရိသတ်
မှာ တတ်နိုင်သမျှ ငွေကြေးကန်တော့သွားကြသည်သာ ဖြစ်

ဆရာမင်းဒေဝ၏ ပုံပန်းမှာ အရပ်မြင့်မြင့် ပိန်ပိန်ပါး
ဆံပင်အုံကောင်းကောင်းနှင့် နှုတ်ခမ်းမွေးစစ ရှိ၏။ မျက်ခုံးကော
ပြီး မျက်လုံးများမှာမူ မှေးစင်းနေသယောင် ရှိ၏။ ခုတင်ဘေး
ပက်လက်ကုလားထိုင်တွင် ထိုင်နေသည့်အခါ မင်းဒေဝဆိုသူ
အလုပ်ကို လက်ကြောတင်းအောင် လုပ်နိုင်ပါမည်လောဟု သံသ
ဝင်စရာပုံမျိုးရှိ၏။ စကားပြောရာတွင်လည်း အသံသြသြနှင့်
လေးလေးပြောတတ်ရာ ရှည်ကိုင်းကိုင်း လူပျင်းကြီးတစ်ယေ
နှယ် ထင်မှတ်သွားနိုင်ကြသည်။ ကျွန်တော်သည်သာ သူ
အကြောင်းကိစ္စ အတော်များများကို လိုက်လံစောင့်ရှောက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သဖြင့်သာ သူ၏ ထက်မြက်ဖျတ်လတ်ပုံများကို သိရှိရခြင်း ဖြစ်၏။

ကျွန်တော်၏•ကျူရှင်ဆရာ အလုပ်မှာ နွေဘက်ဆိုလျှင် ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်လေ့ရှိ၏။ ကျောင်းများပိတ်ချိန်ဖြစ်၍ နွေ အကြိုသင်ကြားသူများမှာ ရှားပါးလွန်းလှသည်ဖြစ်ရာ ကျွန်တော့် ဝင်ငွေမှာလည်း ကြုံလှီလှ၏။ တစ်ခုသောနွေတွင်ဖြစ်၏။ ကျွန်တော့် မှာ ပါးလျားလာသော ဝင်ငွေကြောင့် အနေအထိုင် အသုံးအဖြုန်း ကို ကျုံ့သည်ထက် ကျုံ့လာရ၏။ ထိုအဖြစ်ကို ကျွန်တော်၏ အခန်းဖော် ဆရာမင်းဒေဝမှာ ရိပ်မိပုံရ၏။

"ဗျို့ ဆရာကျောင်း နွေဘက်ဆိုရင် စာသင်တာအပြင် အခြားအလုပ်တစ်ခုခု တွဲလုပ်သင့်တယ်ဗျ"

သူ့အသံလေးလေး သြသြနှင့် ပက်လက်ကုလားထိုင်ပေါ် မှ လှမ်းပြောလာခြင်းဖြစ်၏။

"ကျွန်တော်က စာပဲသင်တတ်တာဗျ၊ အခြားလုပ်တတ် တာဆိုလို့ လက်ဖက်ရည်ဆိုင် ထိုင်တတ်တာရယ်၊ စာအုပ်တွေ အသစ်ထွက်တိုင်း ဝယ်တတ်တာရယ်၊ စီးကရက် ဇာဆိပ်ကောင်း ကောင်း သောက်တတ်တာရယ်ပဲ ရှိတယ် ဆရာရေ"

ကျွန်တော်မှာ ထိုအချိန်က ဝယ်ဖတ်ချင်သော စာအုပ် အသစ်ထွက်များလည်း မဝယ်နိုင်၊ မာဘိုရိုစီးကရက်အစား ပြိုးနဂါး



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာနေရသည့်အချိန်ဖြစ်လေရာ စိတ်မှာ တိုဆတ်ဆတ်ဖြစ်နေမိ၏။ လေသံမှာလည်း ကြွပ်ဆတ်ဆတ်ဖြစ်နေပြန်၏။

"အဲလောက်လုပ်တတ်ရင် ရပါတယ်ဗျာ၊ ဘာမှအထူးအထွေ လုပ်စရာမလိုပါဘူး။ ကျုပ်နဲ့ ရုံဖန်ရံခါ အဖော်လိုက်ပေးရုံတင်ပါ၊ တစ်ခါဆို ဆိုသလောက် မြိုးမြိုးမျက်မျက် ရပါစေမယ်"

"ခက်တာက ကျွန်တော်က ဗေဒင်တွေ၊ အင်္ဂရတ်တွေ ဆေးတွေ ဘာမှနားမလည်ဘူး ဆရာရဲ့၊ ဆရာနဲ့ လိုက်လာရင် လူပိန်းကြီး ဖြစ်နေမှာ"

"ဘာမှနားလည်စရာ မလိုပါဘူးဗျာ၊ အဲ..သတ္တိကောင်းပြီး တော်ရုံမကြောက်တတ် မလန့်တတ်ရင် ရပါပြီ"

ဆရာမင်းဒေဝစကားမှာ ကျွန်တော့်အား ခင်ဗျား သတ္တိကောင်းရဲ့လားဟု တိုက်ရိုက်မေးမြန်းရာရောက်သဖြင့်...

"သတ္တိဆိုတာကတော့ လိုအပ်ရင် လိုအပ်သလို ကောင်းနိုင်ပါရဲ့ ဆရာရယ်"

ဟု ထိမထင်ပုံစံဖြင့် ပြန်ဖြေလိုက်သည်။

"ကောင်းပါပြီဗျာ၊ ခဏနေရင် ကျုပ်ဆီကို ဧည့်သည် ရောက်လာလိမ့်မယ်၊ သူတို့က ကျုပ်ကို ကိစ္စတစ်ခုအတွက် အကူအညီတောင်းဖို့ဗျ၊ အဲဒီကိစ္စဆိုတာကလည်း ဗေဒင်ကိစ္စ၊ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေလိုမျိုး ကျူပ်တစ်ယောက်တည်း ဆောင်ရွက်လို့ မသင့်တော်ဘူးဗျ၊ ခင်ဗျားလိုသတ္တိကောင်းတဲ့ မိတ်ဆွေမျိုးလိုအပ်တယ် ခင်ဗျားကလည်း သတ္တိအရာမခေဘူး ဆိုလေတော့ လိုက်ခဲ့ပေတော့ဗျာ အကျိုးမနည်းစေရပါဘူး"

"ဘယ်လိုကိစ္စမို့လို့လဲဗျ၊ လိုက်ဆိုလည်းလိုက်ရတာပေါ့၊ အကျိုးအကြောင်းလေးတော့ရှင်းပါဦး"

ဆရာမင်းဒေဝမှာ ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ…

"ဒါနဲ့ ကိုကြည်အေးတစ်ယောက် လောကကြီးမှာ စုန်း၊ တစ္ဆေ၊ ကဝေ ကိစ္စမျိုးတွေကို ယုံသလားဗျ"

ဆရာမင်းဒေဝမှ လေးနက်ဟန်ဖြင့် ကုလားထိုင်မှရှေ့သို့ ကိုင်းကာ ကျွန်တော့်အမည်ကို တပ်ခေါ်ကာ မေးလာခြင်းဖြစ်၏။ ခါတိုင်းချိန်တွင် ဆရာကျောင်းဟုသာ ခေါ်လေ့ရှိ၏။ ကျွန်တော်လည်း ရုတ်တရက် မည်သို့အဖြေပေးရမည်မသိ ဖြစ်နေစဉ် အခန်းတံခါးခေါက်သံ ကြားလိုက်ရ၏။ ကျွန်တော်မှာ ဆရာမင်းဒေဝထက် အနည်းဆုံး ငါးနှစ်ခန့် ငယ်ရွယ်သူဖြစ်ရာ ခိုကပ်မနေဘဲ မဆိုင်းမတွ ပင် အခန်းတံခါးကို ထဖွင့်ပေးလိုက်၏။

"ဆရာမင်းဒေဝ ရှိပါသလားရှင်"

အပေါက်ဝတွင် သပ်ရပ်စွာ ဝတ်စားထားသူ မိန်းမပျို လေးတစ်ယောက် ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို လာခေါ်သော မိန်းကလေးတွင် ကား အကောင်းစားကြီးတစ်စီး ပါလာ၏။ ကိုယ်တိုင်မောင်း၏။ ကျွန်တော် မှာ လေးဘီးလောက်သာ တွင်တွင်စီးဖူးသူမို့ ခန့်ညားသော ကား ကြီးပေါ် တက်စီးလိုက်ပါလာရသည်ကို စိမ်တွေ့နေမိ၏။ ဆရာ မင်းဒေဝမှာမူ ကားကောင်းကြီးပေါ် ထိုင်ရသည်မှာ သူ့ပက်လက် ကုလားထိုင်လေးပေါ် တိုင်ရေသလောက်ပင် စိမ်ကျပုံမရ၊ ခပ် တောင့်တောင့် ဖြစ်နေသည်။ ကားကြီးမှာ ဝင်ဒါမီယာခေါ် ရွှေ တောင်ကြားထဲ မောင်းဝင်လာသည်။ ကွေ့ကွေ့ကောက်ကောက် နှင့် အတန်ကြာမောင်းပြီးနောက် ခြံဝင်းကြီးတစ်ခုထဲသို့ ချိုးဝင် လိုက်လေသည်။ ထို့နောက် ကြီးမားခန့်ညားသည့် နှစ်ဆောင်ပြိုင် အိမ်ကြီးရှေ့တွင် ငြင်သာစွာ ရပ်လိုက်သည်။ အဝတ်အစားဆင်တူ ဆင်ယင်ထားသော မိန်းမချောလေးနှစ်ဦးမှာ ဆင်ဝင်အောက်တွင် အသင့်စောင့်ကြိုနေသည်ကို တွေ့ရ၏။ လက်ထဲတွင် ကတ္တီပါ ဖိနပ်အသစ်စက်စက် တစ်ရံစီကိုင်ထားသည်ကို တွေ့ရ၏။ ကား မောင်းသည့် မိန်းမပျိုလေးမှာ ကျွန်တော်တို့ကို တံခါးဆင်းဖွင့်ပေး ၏။ ကျွန်တော်တို့ ကားပေါ်မှဆင်းပြီးသော် အသင့်စောင့်နေသည့် ဖိနပ်ကိုင် မိန်းမပျိုလေးနှစ်ဦးမှာ ကျွန်တော်နှင့် ဆရာမင်းဒေဝကို ဖိနပ်အသစ်များ ချပေး၏။ သဘောမှာ ဖိနပ်အသစ်များဖြင့်သာ အိမ်ထဲသို့ ဝင်စေလိုသည့်သဘော။ အဆောင်ကြီးကားပါတဲ့ဟာမ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေပါလားဟု တွေးမိ၏။

ဤအိမ်ဂေဟာပိုင်ရှင်သည် မည်သို့သော လူမျိုးပေနည်းဟု မှန်းဆတွေးတောမိ၏။ မိန်းမပျိုလေးနှစ်ဦး ဦးဆောင်ရာသို့ ကျွန်တော်တို့နှစ်ဦး လိုက်ပါခဲ့ကြ၏။ အိမ်ကြီးမှာ ထင်ထားသည် ထက်ပင် ကြီးမားခမ်းနားလှ၏။ ပရိဘောဂပစ္စည်းမှာလည်း ခေတ်ဟောင်း၊ ခေတ်သစ် စုံလင်လှ၏။ အားလုံးအဖိုးတန် အသုံးအဆောင်များပင်ဖြစ်၏။ အိမ်ထဲတွင် ငြင်သာစွာ သွားလာလုပ်ကိုင်နေကြသူများမှာ မိန်းမပျိုလေးများပင်ဖြစ်၏။ ယောကျ်ားသားဟူ၍ မတွေ့ရ။ ကြောင်လိမ်လှေကားကြီးမှ တက်လာကြပြီး အပေါ်ထပ်ရှိ ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီးထဲ ရောက်လာကြသည်။ မိန်းမပျိုလေးနှစ်ဦးသည် ကျွန်တော်တို့ကို ဧည့်ခန်းရှိ ကျွန်းကနုတ် ခုံကြီးများတွင် ထိုင်စေပြီး ပြန်ထွက်သွားကြသည်။ ဆရာမင်းဒေဝမှာ ပျင်းရိလေးကန်သော အမူအရာမပျောက် ပင်ကိုဟန်အတိုင်းပင်။ ခမ်းနားထည်ဝါမှုများနှင့် မိန်းမချောလေးများက သူ့ကို မည်သို့မျှ စိတ်လှုပ်ရှားစေပုံမပေါ်။

"ဒူ..."

မောင်းထုသံ တိုးတိုးတစ်ချက်ကြားရပြီး အခန်းထဲသို့ အမွှေးရနံ့များ တိုးဝင်လာသည်။ အမွှေးရနံ့က ထူးခြားဆွဲဆောင်မှု ရှိသည်။ မိန်းမပျိုလေးသုံးဦး ခြံရံလျက် အမျိုးသမီးတစ်ဦး ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထဲ ဝင်လာသည်။ ညှော်ခန်းဆောင်ထဲတွင် ထွန်းထားသော လျှပ်စစ်မီးများ မှေးမှိန်သွားသည်ဟု ထင်ရလောက်အောင်ပင် အမျိုးသမီး၏ အလှနှင့် အသားအရေက လင်းလက်တောက်ပ သည်။ ကျွန်တော်သည် ဖျတ်ကနဲကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ ဆက်ကြည့်ချင်နေသေးသော်လည်း ဆက်မကြည့်ရဲသည်မှာ ဘာ ကြောင့်မှန်း မသိပေ။ ကျွန်တော်က တုန်လှုပ်နေသလောက် ဆရာမင်းဒေဝမှာ တည်ငြိမ်လှသည်။

"ဆရာမင်းဒေဝများလားရှင်"

အမျိုးသမီးမှာ လက်အုပ်ကလေးချီကာ ဆရာမင်းဒေဝကို နှုတ်ခွန်းဆက်ပြီး ကျွန်တော်တို့ရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။ ကျွန်တော်မှာ ယခုမှ ပို၍အနီးကပ်မြင်ရသော အမျိုးသမီး၏ အလှကို ရင်သပ်ရှုမော ငေးကြည့်မိ၏။

"ဒါ ကျုပ်ရဲ့မိတ်ဆွေ ဆရာကိုကြည်အေးတဲ့"

ဆရာမင်းဒေဝမှာ ကျွန်တော့်ကိုပါ တစ်ခါတည်း မိတ် ဆက်ပေး၏။

"ဪ..ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ဟု အပြုံးကလေးဖြင့်ပြောရာ ကျွန်တော့်ရင်မှာ တဒုန်းဒုန်း ခုန်လာတော့၏။

"ကျွန်မနာမည် မသူဇာပါရှင်၊ ဆရာကြီး ဦးတင့်ဆန်းက



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းဒေဝ ဆိုသူသာလျှင် ကျွန်မရဲ့ အခက်အခဲကို ဖြေရှင်းပေးနိုင်မယ်လို့ ပြောလာတဲ့အတွက် စုံစမ်းဆက်သွယ်လာရတာပါ ဆရာရယ်"

"ပြောပါဦး မသူဇာရဲ့ အခက်အခဲဆိုတာ"

"ပြောပါ့မယ်ဆရာ၊ မရှိမသေ တစ်ချက်လောက် ကျွန်မနောက်က ကြွခဲ့ကြပါရှင်"

ကျွန်တော်နှင့် ဆရာမင်းဒေဝမှာ မသူဇာနောက်သို့ လိုက်ပါသွားကြသည်။ အိမ်ကြီး၏ လှေကားလမ်းအချိုးအကွေ့များကို အတော်အတန် ဖြတ်ကျော်ပြီးနောက် အစိမ်းရောင် ခန်းဆီးထူကြီးများ တပ်ဆင်ထားသော အိပ်ခန်းဆောင်တစ်ခုထဲသို့ ဝင်ခဲ့ကြသည်။ အခန်းထဲတွင် မီးရောင်မှိန်ဖျော့ဖျော့ရှိသည်။ ခုတင်တစ်လုံးပေါ်တွင် တစ်စုံတစ်ဦး လဲလျောင်းနေသည်။ ခုတင်ဘေးတွင် မိန်းမပျိုလေးနှစ်ဦး ငြိမ်သက်စွာ ရပ်နေကြသည်။

"ဒါ ကျွန်မသမီးလေး သီတာပါ ဆရာ ကြည့်ပါဦး၊ ကျွန်မသမီးလေးအဖြစ်ကို၊..ဟင့်...ဟင့်...ဟင့်..."

မသူဇာမှာ ခုတင်ကို ညွှန်ပြရင်းမှ ငိုရှိုက်သံနှင့် ပြောလာသည်။ ဆရာမင်းဒေဝသည် ဖြည်းညင်းစွာ ခုတင်နား ကပ်သွားသည်။ ကျွန်တော်လည်း နောက်မှသွားလိုက်သည်။

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော့်ရင်းစပ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဘာကန် အာမေဋ္ဌိတ်သံ ကျယ်လောင်စွာ ထွက်ပေါ်သွားရသည်။ ခုတင်ပေါ်တွင် လှဲလျောင်းနေသူမှာ မိန်းမပျိုကလေးတစ်ဦးလား အိုမင်းရွတ်တွနေသည့် အဘွားကြီးအိုတစ်ဦးလားဟူ၍ ကျွန်တော် ခွဲခြားမရပေ။ ခန္ဓာကိုယ်ညာဘက်ခြမ်းတစ်ခုလုံး၌ ဆံပင်၊ မျက်နှာများမှ အစခြေဖျားအထိ တင်းရင်းစိုပြည် နက်မှောင်လှပသော ရှုပျစ်နုနယ်လှပသည့် မိန်းမပျိုလေးအသွင်ဖြစ်ပြီး ကျန်ဘယ်ဘက်ရှိ ကိုယ်တစ်ခြမ်းမှာ ဖြူလျော်သောဆံပင် လျော့ရဲသောအရေနှင့် တွန့်လိမ်ကောက်ကွေးနေသော အိုမင်းမစွမ်းသည့် ခြေလက်တို့ ရှိနေကြသည်။ လူတစ်ကိုယ်တည်းမှ တစ်ခြမ်းပျို တစ်ခြမ်းအို နေသော အဖြစ်ကိုကြည့်ရမြင်ရသည်မှာ လွန်စွာမှပင် စိတ်နှလုံး ကို ချောက်ခြားစေပါသည်။ ကျွန်တော့်မှာ လွန်စွာတုန်လှုပ်ချောက် ခြားနေသလောက် ဆရာမင်းဒေဝမှာမူ တည်ငြိမ်မှုအပြည့်ရှိနေ သည်ကို တွေ့မြင်ရပါသည်။ ဆရာမင်းဒေဝ သည်ခုတင်ပေါ်ရှိ ထူးဆန်းသော မိန်းမပျိုကလေးကို အတန်ကြာစိုက်ကြည့်နေပြီး နောက် တစ်စုံတစ်ခုကိုသိမြင်သွားသကဲ့သို့ ခေါင်းကို တဆတ် ဆတ်ငြိမ့်ပါသည်။ ပြီးလျှင် မသူဇာဘက်သို့လှည့်ကာ

"ကဲ…ကျုပ်ပွင့်ပွင့်လင်းလင်းပဲမေးမယ်၊ ခင်ဗျားနဲ့ ဟို ကာဝေကျွန်းက ကဝေကြီးနဲ့ဘယ်လိုပတ်သက်မှုရှိကြလည်း ဆိုတာ သိချင်တယ်၊ ခင်ဗျားမှန်မှန်ပြောမှ ကျုပ်ကလည်းခင်ဗျားတို့ကူ



www.burmeseclassic.com

www.burmeseclassic.com



ညီနိုင်လိမ့်မယ် မသူဇာ''

ဟုမေးလိုက်ရာ မသူဇာလည်း ဖျာဖျာသလဲဖြစ်သွားကာ လွန်စွာအားကိုးအားထားရှိသောအမူအရာဖြင့်

''ကောင်းပေါ့ပြီရှင် အဖြစ်အပျက်အားလုံးကို ကျွန်မ မချွင်းမချန် အမှန်အတိုင်း ပြောပြပါ့မယ် ကျွန်မသမီးလေးကို ကယ်ပါဆရာရယ်''

တောင်းပန်စကားဆိုလျက် သူ၏ဘဝဇာတ်ကြောင်းကို မချွင်းမချန်ပြောပြလေတော့၏။

□

''ဒီလိုပါဆရာ ကျွန်မဘဝဟာ ငယ်ငယ်တုန်းက အတော်လေးကို ဆင်းရဲချို့တဲ့ခဲ့ပါတယ်။ ကျွန်မအမေ မုဆိုးမကြီးနဲ့ အကြော်ရောင်းရင်း ရွာတစ်ရွာမှာ နေခဲ့ရပါတယ်။ ကျွန်မတို့ အကြော်တဲလေးက ရွာသချိုင်းနားမှာပါ။ အဲဒီကနေမှ အကြော်တွေကို ကျွန်မက ရွာထဲလှည့်ရောင်းရတာပါ။ အကြော်တဲမှာ လာစား တဲ့လူဆိုတာ မရှိသလောက် ရှားပါးလှပါတယ်။ သချိုင်းဝကြီးမှာကိုး ဒါပေမဲ့ ကျွန်မအရွယ်ရောက်လာတော့ ရွာထဲကလူရွယ်လေးတော် များများဟာ ကျွန်မတို့ အကြော်တဲအထိ လာစားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထေမတော့ ကျွန်မလည်း ဘာကြောင့်ဆိုတာ မသိပါဘူး။ နောက်မှ အမေက ငါ့အကြော်ကောင်းလို့ မဟုတ်ဘူးဟဲ့၊ နင့်ပိုးချင်လို့ လာကြတာလို့ ပြောလာတော့မှ သူတို့တွေရဲ့ သဘောကို သတိထားမိလာပါတယ်။

ကျွန်မလည်း ဆိုင်လာတဲ့ ရွာထဲက လူရွယ်တွေထဲက ကိုလှမောင် ဆိုသူရဲ့ အချစ်ကို ပြန်လည်လက်ခံပြီး မေတ္တာမျှခဲ့ပါတယ်။ ကိုလှမောင်မိဘများက ရွာထဲမှာ ကြွယ်ပိုးကြွယ်ဝရှိတဲ့ လူတွေပါ။ အများက မနေအဆင့်အတန်း ကွာခြားလို့ ကျွန်မတို့ ကွေကွင်းရလိမ့်မယ်လို့ ထင်ထားပေမယ့် အချိန်အတန်ကြာတဲ့ အထိ ကိုလှမောင်တို့ဘက်က သဘောထားတင်းမာလှတယ် မဟုတ်ပါဘူး။ ကျွန်မအချစ်ကို ကိုလှမောင် ဆွတ်ခူးပြီးနောက်ပိုင်း အကြော်ဆိုင်ကို ရွာထဲက လူရွယ်တွေလည်း တဖြည်းဖြည်း ခြေဦးမလှည့်တော့ပါဘူး။ ကိုလှမောင်သာ မနက်တစ်ခါ ညနေတစ်ခါ ကျွန်မဆီ လာပါတယ်။ အမေကလည်း ကိုလှမောင်ရဲ့ ရိုးပုံရိုးပန်းကြောင့် ဝင်ထွက်ခွင့်ပြုထားပါတယ်။

တစ်နေ့မှာ အကြော်တဲကို လူကြီးတစ်ယောက် ရောက်လာပါတယ်။ သူ့ပုံစံက ထူးဆန်းတယ်၊ တစ်မျိုးကြီး ကြောက်စရာကောင်းပါတယ်။ အကြော်တဲမှာ အကြော်မှာစားရင်း မြင်နေရတဲ့ သုသာန်အကြောင်းကို အစုံအစေ့ မေးပါတယ်။ အမေကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မီနောက်မီ လူကြီးဆိုတော့ သူမေးသမျှကို အစုံအစေ့ ဖြေပါ တယ်။ သူ့လေသံက အရမ်းဝဲတော့ အမေ့မှာ မနည်းနားစိုက် ထောင်ပြီး ဖြေရတယ်။ သင်္ချိုင်းရဲ့သက်တမ်းနဲ့ ဘယ်နှလောင်း လောက် မြှုပ်ပြီးပြီလဲဆိုတဲ့ မေးခွန်းနှစ်ခုကိုတော့ အထပ်ထပ်မေး တာ။ အမေနဲ့ စကားပြောရင်း၊ အကြော်စားရင်းနဲ့လည်း ကျွန်မတို့ တစ်ချက် တစ်ချက် ကြည့်ပါတယ်။ သူ့အကြည့်က အရမ်း ကြောက်စရာကောင်းပါတယ်။

နောက်တော့ အဲဒီလူကြီးက သင်္ချိုင်းထဲဝင်သွားပြီး ပြန် ထွက်မလာပါဘူး။ ညဘက်ဆိုရင်တော့ သင်္ချိုင်းထဲကနေ ဓာတ်မီး ရောင်တွေလို တလက်လက်နဲ့ လင်းတာမျိုး မြင်ရပါတယ်။ မနက် မနက်ဆို သင်္ချိုင်းထဲက လင်းတကြီးတွေ ထပျံသွားတာ၊ ညနေဆို လင်းတတွေ သင်္ချိုင်းထဲ ဝဲပျံကျလာတာတွေကို မြင်နေရပါတယ်။ ကိုလှမောင်ကို ပြောပြတော့ သိပ်စိတ်ဝင်စားဟန် မပြပါဘူး။ နောက်နေ့တွေ သင်္ချိုင်းထဲကနေ အဲဒီလူကြီး ထွက်ထွက်လာ ပြီး အကြော် လာလာစားပါတယ်။ ဒီတော့မှ ဒီလူကြီး သင်္ချိုင်းထဲ မှာ ဝင်နေမှန်း သိရပါတယ်။ ဘာတွေလုပ်နေလဲတော့ မသိပါဘူး။

တစ်နေ့မှာ ကျွန်မက အကြော်ချအပေး ကျွန်မလက်ကို အဲဒီလူကြီးက ဖမ်းဆုပ်ကိုင်ပါတယ်။

"ရွှေတွေ အများကြီးယူမလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးပါတယ်။ ကျွန်မလည်း ဒေါသထွက်ပြီး…

"မယူချင်ဘူး လွှတ်…"

လို့ အော်ပြီး အတင်းစောင့်ရုန်းပါတယ်။ ကျွန်မလက်တစ်ဖက်နဲ့ သူ့ပါးကို လှမ်းရိုက်ပါတယ်။ မရပါဘူး။ လက်ကို ဖမ်းကိုင်ထားပါတယ်။

"ဟေ့လူ လွှတ် ဘာလုပ်တာလဲ"

ကိုလှမောင်က အချိန်ကိုက်ရောက်လာပြီး သူ့ခါးပိုက်ထဲက ဓားကို ဆွဲထုတ်ပြီး ပြေးထိုးပါတယ်။ အဲဒီအချိန်ကာလတုန်းက လူရွယ်တိုင်းလိုလို ဆောင်ဓားလေးတွေ ကိုင်တတ်ကြပါတယ်။ အသက်ကြီးပေမယ့် အတော်ဖျတ်လတ်တဲ့လူစံရှင့်။ ကျွန်မလက်တွေကို လွှတ်ပြီး နောက်ကို ဖျတ်ကနဲ ဆုတ်ရှောင်သွားတယ်။

"ဒေါသကြီးလှချေလားကွ၊ ရွှေတွေယူမလားမေးတာကို တစ်ယောက်ကလည်း စိတ်ဆိုးတယ်၊ တစ်ယောက်ကလည်း ဘုမသိ ဘမသိနဲ့ ငါ့ကို ဓားနဲ့ဝင်ထိုးတယ်။ မင်းကောင်မလေးမှာ ရွှေတွေငွေတွေရှိမှ မင်းနဲ့ ပေါင်းဖက်လို့ ရမှာပေါ့ကွာ၊ မဟုတ်ရင် မင်းမိဘတွေဘက်က သဘောတူပါ့မလားကွ"

"ဘာလို့မတူရမှာလဲဗျ၊ ကျုပ်မိဘတွေက အဲဒီလိုမျိုး စိတ်ဓာတ်တွေ မရှိဘူး"

"သေချာလို့လား မောင်ရင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မသေချာရမှာလဲဗျ"

"သေချာရင်လည်း ပြီးတာပါပဲကွာ၊ ဟား…ဟား…ဟား"

သူ့ရယ်သံကိုက ရှုံ့စရာကြီးပါရှင်။ ဒါပေမဲ့ မကြာခင်ပဲ သူ ဘာကြောင့်ရယ်ခဲ့တယ်ဆိုတာကို ကျွန်မ သဘောပေါက်လိုက်ရပါတယ်။ အဲဒီနေ့ကသူရယ်မောရင်းနဲ့ သီချိုင်းထဲကိုဝင်မသွားဘဲ ရွာထဲကိုဝင်သွားခဲ့တယ်။ နောက်တော့မှကျွန်မပြန်သိရတာက သူ ကိုလှမောင်တို့အိမ်ရှေ့ကို ရောက်သွားပြီး အိမ်ရှေ့မှာ အချိန်အတော်ကြာ ရပ်ပြီးဘာတွေရွတ်မှန်းမသိဘူးရွတ်နေခဲ့တယ်တဲ့။ မြေကြီးကို ဖနောင့်တွေဘာတွေနဲ့ ပေါက်လည်းလုပ်တယ်တဲ့ အိမ်ထဲကလူတွေထွက်လာတော့မှ တဟီးဟီးရယ်ရင်း ထွက်သွားတယ်တဲ့။ အဲဒီအဖြစ်အပျက်ဖြစ်ပြီး နောက်ရက်အနည်းငယ်အတွင်းမှာ ဝဲ ကျွန်မနဲ့ သဘောတူပါတယ်၊ ငွေမမက်ပါဘူးဆိုတဲ့ ကိုလှမောင်ရဲ့ မိဘတွေဟာ ဘာကြောင့်မှန်းမသိ ချက်ချင်းစိတ် ပြောင်းသွားကြတယ်။ ဘယ်လောက်တောင်လဲဆို တခြားရွာကကောင်မလေးတစ်ယောက်နဲ့ သူ့သားကို ချက်ချင်းအတင်း လက်ထပ်ပေးလိုက်ကြတယ်။

ကျွန်မမှာ ငိုလိုက်ရတာ။ အမေကြီးလည်း ကျွန်မစိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့တာပဲ။ အဲဒါတွေထက်ပိုဆိုးတာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ကိုလှမောင်နဲ့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့တဲ့ ကိုယ်ဝန်က ကျန်နေခဲ့ပြီ။ စိတ်ညစ်ပူဆွေးမှုတွေကို မခံနိုင်တဲ့အဆုံး ကျွန်မကိုယ် ကျွန်မ သတ်သေဖို့ ဆုံးဖြတ်လိုက်တယ်။ တစ်ည အမေ အိပ်ပျော် နေတုန်း သချိုင်းထဲဝင်ခဲ့တယ်။ လက်ထဲမှာ မနိလာကြိုးခွေတစ်ခွေ ပါလာတယ်။ သချိုင်းထဲက သစ်ပင်တစ်ပင်မှာ ဆွဲကြိုးချသေဖို့ ကျွန်မ သေသေချာချာ ပြင်ဆင်တယ်။ ပြင်ဆင်နေရင်းလည်း မကြာခင် သေရမှာတွေးပြီး စိတ်ပေါ့ပါးသလိုတောင် ဖြစ်လာ တယ်။ နောက်ဆုံး ကျွန်မသေဖို့ ကြိုးကွင်းအဆင်သင့်ဖြစ်တဲ့အချိန် လည်ပင်းကိုစွပ်ပြီး ဘာမှစဉ်းစားမနေတော့ဘဲ ခုတ်ဂူပေါ်ကနေ ခုန်ချလိုက်တော့တယ်။ အဲဒီအချိန် ကျွန်မမျက်စိထဲ ဝင်းကနဲဖြစ် သွားပြီး လေထဲမှာ တွဲလောင်းဖြစ်နေရမယ့်အစား မြေကြီးပေါ်ကို ဘုတ်ကနဲ ခွေခွေလေး ပြုတ်ကျသွားပါတယ်။ မျက်လုံးဖွင့်ကြည့် လိုက်တော့ ကျွန်မရှေ့မှာ ဟိုလူကြီး။ စောစောက သေရမှာ မ ကြောက်ပေမဲ့ ဒီလူကြီးကိုမြင်လိုက်ရတာတော့ ဖော်မပြနိုင်အောင် ကြောက်ရွံ့ သွားမိတယ်။

"ဟဲ့ လောကမှာ နေချင်တိုင်း နေလို့မရဘူး၊ သေချင် တိုင်းလည်း သေလို့မရဘူးဟဲ့ နားလည်လား၊ ပြောစမ်း၊ ဘာ ကြောင့်သေဖို့လောနေရတာလဲ"

သူ့ကို သေမလောက်ကြောက်တယ်ဆိုပေမယ့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်စာနာတဲ့ ပုံစံနဲ့မေးလာတော့လည်း အားကိုးရာမဲ့ပြီး စိတ်အားငယ်နေတဲ့ကျွန်မအဖို့ ရေနစ်သူကောက်ရိုးဆွဲမိသလို အားရှိသွားမိတယ်။

"ဦးကြီးပြောတာ ကျွန်မ မယုံခဲ့ဘူး၊ ခုတော့ သူက… သူက ဟင့်…ဟင့်…ဟင့်"

"တခြားကောင်မနဲ့ ညားသွားပြီမဟုတ်လား"

"အေး…ဒါကြောင့် နင့်ကို ရွှေတွေယူမလား မေးတာ၊ လောကမှာ ချမ်းသာမှ ဖြစ်မှာဟဲ့"

"ဟုတ်တယ်၊ ကျွန်မ နားလည်ပြီ၊ ဦးကြီးပြောတဲ့ ရွှေတွေရဖို့ ကျွန်မ ဘာပြန်ပေးဆပ်ရမလဲ"

"နင်ပေးဆပ်စရာမလိုဘူး၊ နင့်ဗိုက်ထဲက ကလေးမွေးပြီး ကလေးအသက် ဆယ့်ရှစ်နှစ်ပြည့်ရင် ငါသိမ်းပိုက်မယ်၊ ဒါကို သဘောတူရင် နင့်တစ်သက် သုံးမကုန်မယ့် ရွှေတွေပေးလိုက်မယ်၊ ဘယ်လိုလဲ"

သူပြောတာကို ကျွန်မ ချက်ချင်းပဲ သဘောတူလိုက်တယ်။ ဝမ်းထဲက လင်ကောင်မပေါ်ဘဲ မွေးရမယ့်ကလေးကို သူ့ပေးလိုက်ရလို့လည်း ကျွန်မအတွက် ဘာမှမဖြစ်လောက်ဘူးလို့ တွေးမိတယ်။

"ကောင်းပြီ၊ ဦးကြီးလိုချင်တာ ကျွန်မပေးမယ်၊ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ ဦးကြီးရဲ့ ရွှေတွေ”

“ရွှေတွေက နင်တို့တဲထဲရောက်နေပြီ၊ အမြန်ပြန်ရှာတော့ သွား သွား”

ကျွန်မလည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ပြန်လာခဲ့တယ်။ တဲပြန်ရောက်တော့ အုကြော်ဒယ်ကြီးထဲမှာ ရွှေချောင်းတိုးချောင်းကို တွေ့ရတယ်လေ။ ကျွန်မလည်း အရမ်းဝမ်းသာသွားတယ်။ မနက်ကျ အမေနဲ့ တိုင်ပင်ပြီး အဲဒီရွာကနေ ပြောင်းခဲ့ကြတယ်။ အဲဒီအချိန်ကနေစပြီး ကျွန်မတို့ တစ်နေ့တခြား ချမ်းသာလာခဲ့တာ ဒီနေ့အထိပါပဲရှင်။ သမီးလေးကိုလည်း တစ်သက်လုံး ချမ်းချမ်းသာသာ ထားနိုင်ခဲ့တယ်။ အဲဒီလူကြီး ပေးခဲ့တဲ့ ရွှေကိုးချောင်းဟာ ဘယ်လိုပဲ ယူရောင်းရောင်း အချိန်တန်ရင် သူ့နေရာသူ ပြန်ရောက်နေတာပဲ။ သုံးမကုန်တဲ့ ရွှေတွေပေါ့ရှင်။ သမီးလေးမွေးနေ့ရောက်တိုင်း ကျွန်မတို့ဆီကို သူရောက်ရောက်လာတယ်။ တစ်နှစ်ပြီး တစ်နှစ်ပေါ့။

ကျွန်မမှာ သမီးလေး ကြီးလာလေလေ သူ့ကိုပေးထားတဲ့ ကတိကြောင့် ကြေကွဲရလေလေပါပဲ။ ဆယ့်ရှစ်နှစ်ပြည့်ရင် သူ့ကို ပေးရမယ်ဆိုတဲ့ ကတိကို ကျွန်မ ဘာကြောင့် လွယ်လွယ်ပေးခဲ့မိပါလဲလို့ နောင်တရမဆုံးပါဘူးရှင်။ ဒါနဲ့ သမီးလေး ငါးနှစ်ပြည့်ပြီးကတည်းက ကျွန်မလည်း နေရာအတည်တကျမနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ တစ်မြို့ပြီးတစ်မြို့၊ တစ်နယ်ပြီးတစ်နယ် ပြောင်းရွှေ့နေထိုင်ခဲ့တော့တာပဲ။ ကျွန်မ ဘယ်လိုပဲပြောင်းပြောင်း ပုန်းပုန်း အလကားပါပဲရှင်။ သမီးလေးမွေးနေ့တိုင်း သူရောက်ရောက်လာတာပါပဲ။ ကျွန်မလည်း စဉ်းစားမိတယ်။ ကျွန်မအိမ်မှာ ဝင်ထွက်လုပ်ကိုင်နေတဲ့ လူတွေနဲ့ ဒီလူကြီးနဲ့ အဆက်အသွယ်ရှိလို့သာ ကျွန်မတို့ရှိတဲ့နေရာကို သိသိနေတာဖြစ်ရမယ်လို့။ ဒါကြောင့် မိတ်ဟောင်းဆွေဟောင်းတွေ အကုန်လုံးကို အဆက်ဖြတ်လိုက်ပြီး လူသစ်တွေကိုပဲ ရှာဖွေခန့်ထားလိုက်တယ်။ လူသစ်တွေဆိုတဲ့နေရာမှာလည်း ယောကျ်ားသားတွေ မပါစေဘဲ မိန်းကလေးငယ်တွေကိုသာ ရွေးချယ်ရှာဖွေခဲ့ပါတယ်။ ဒါပေမဲ့လည်း အလကားပါပဲရှင်။ ဒီလူကြီးမှာ အလွန်ထူးခြားတဲ့ အစွမ်းတွေ ရှိနေတာ တဖြည်းဖြည်း သိလာရတယ်။ ဘယ်လိုပဲ လျှို့ဝှက်နေထိုင် အချိန်တန်ရင် ရောက်လာတာပါပဲ။ တံခါးတွေ၊ တံတိုင်းတွေ အထပ်ထပ်ကာရံထားလည်း ရောက်လာတာပါပဲ။ သမီးလေးကလည်း သူ့ကိုတွေ့တာနဲ့ သေမတတ် ကြောက်လန့်ရှာတယ်။ ဒီလိုနဲ့ပဲ မနှစ်က သမီးလေး ဆယ့်ခုနစ်နှစ်ပြည့်တယ်။ ထုံးစံအတိုင်း သူရောက်လာတယ်။ ပြီးတော့ နောက်နှစ် ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ သူ့နောက်လိုက်ရမယ့်အကြောင်း သမီးလေးကို ပြောလိုက်တယ်။ ဒါတင်မကဘူး၊ ကျွန်းကြီးတစ်ကျွန်းပေါ် ခေါ်သွားမယ့်အကြောင်း သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကဝေကနေတော်မြှောက်မယ့်အကြောင်းပါ ပြောတော့ သမီးလေး ခမျာ ကြောက်လိုက်တာလေ။ ကျွန်မလည်း ဒေါသထွက်လိုက်တာ၊ ကိုယ့်ကတိနဲ့ကိုယ်ဆိုတော့ မတားနိုင်ဘူးလေ။ အာလုစ်ရမှန်းမသိ ဖြစ်နေတာပေါ့။

ဒီလူကြီးအကြောင်း ငွေကုန်ကြေးကျခံပြီး စုံစမ်းလိုက်တာ နောက်ဆုံးတော့ သူဟာ ကဝေကျွန်းဆိုတဲ့ ကျွန်းကြီးပေါ်က ကျွန်းပိုင်ကဝေကြီးတစ်ယောက်ဆိုတာ သိရတယ်။ နောက်ဆုံး ဆရာဦးတင့်ဆန်းနဲ့ဆုံတော့ ဆရာက သူလည်း အဲလောက်ကြီးတဲ့ ကဝေကို မနိုင်ကြောင်း၊ ဆရာမင်းဒေဝဆီမှာ အကူအညီတောင်းဖို့ အကြောင်းပြောတာနဲ့ ဆရာ့ကို လာပင့်ရတာပါပဲရှင်။ ဒီနေ့ဟာ သမီးလေး ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့ပါပဲ။ ခုထိတော့ သူရောက် မလာသေးဘူး။ သူ့ပညာနဲ့ သမီးလေးကို လှမ်းလုပ်ထားတာ ဆရာတို့ မြင်တဲ့အတိုင်းပါပဲ။

သူ့သဘောက ကျွန်မကိုယ်တိုင် ကြည်ကြည်ဖြူဖြူနဲ့ သမီးလေးကို သူ့လက်အပ်စေချင်ပုံပါပဲ။ ကျွန်မဘက်က ဟိုဆရာ ရှာ ဒီဆရာရှာဆိုတော့ ပညာပြတဲ့အနေနဲ့ သမီးလေးကို ပြုစားထားတာ နေပါလိမ့်မယ်ရှင်''

▢



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာစကား အဆုံးသတ်သွားပြီ။ ကျွန်တော့်မှာ လွန်စွာအံ့သြနေမိတယ်။ မယုံနိုင်စရာကိစ္စများ ဖြစ်သော်လည်း တွေ့ကြုံ ကြားနာ မြင်တွေ့နေရသည်တို့က မယုံ၍မရ ဖြစ်နေသည်။ သုံးမကုန်သည့်ရွှေ၊ ကဝေကျွန်း၊ ကဝေကောင်ကြီး၊ ကိုယ်တစ်ခြမ်း အိုမင်းနေသော မိန်းကလေး စသည့်အကြောင်းအရာများသည် ကျွန်တော့်ခေါင်းထဲ ချာချာလည်နေပါသည်။ ဆရာမင်းဒေဝသည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး…

"ကောင်းပြီလေ၊ ကိစ္စကတော့ ပေါ့ပေါ့တန်တန် မဟုတ်ဘူး၊ ဒီကောင်ကြီးက ဒီည ကျိန်းသေလာမှာ၊ သူ့တပည့်တပန်းတွေတောင် ပါလာနိုင်သေးတယ်။ ရင်ဆိုင်ရမှာပဲလေ။ ကဲ အချိန်ရှိတုန်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ရအောင် ကျုပ်တို့ကို ဘုရားခန်းလိုက်ပို့ပါ"

□

ဆရာမင်းဒေဝသည် သူ့လွယ်အိတ်ထဲမှ စိတ်ပုတီးနှစ်ကုံးကိုထုတ်ကာ ကျွန်တော့်ကို စလွယ်ကြက်ခြေခတ် စွပ်ပေး၏။ ဘုရားရှိခိုးခိုင်း၏။ ထို့နောက် နဖူးတွင် လက်နှင့် စမတစ်လုံး ရေးပေးပြန်၏။ ရှည်လျားသော ဘုရားရှိခိုးကို သူနှင့်အတူလိုက်၍ ရွတ်ဆိုကာ ရှိခိုးရ၏။ ပုတီးလုံးများကို ပင့်ဖိတ်ပြီး ကျွန်တော့်အမည်



www.burmeseclassic.com

www.burmeseclassic.com



တို ပြောကာ အပ်၏။ ထိုအချိန်မှာပင် အိမ်ကြီးတစ်ခုလုံး သိမ့်သိမ့် တုန်သွား၏။ ကျွန်ုပ်တော့်နားတွင် တဝီဝီအသံကြီးများကိုလည်း ကြားရ၏။ တစ်ကိုယ်လုံး ကြက်သီးများ ထောင်ထသွားမိသည်။

"ကဲ ဆရာကျောင်း လာဖို့၊ ဒီညတော့ အတော်ခက်ခဲ လိမ့်မယ်၊ ခင်ဗျားပြောသလို တကယ်သတ္တိရှိပါတယ်နော်"

"စိတ်ချပါ ဆရာ၊ ကျွန်တော်က နောက်လှည့်ပြေးတတ် တဲ့လူမျိုး မဟုတ်ပါဘူး"

"ယုံပါတယ်ဗျာ၊ ဘာပဲမြင်ရ တွေ့ရပါစေ မကြောက်နဲ့ဗျ။ ရော့ ဒီအင်းချပ်သုံးချပ်ယူထား၊ ပြီးတော့ ဒီဆေးလုံးလေး သုံးလုံး လည်း ယူထား၊ ခင်ဗျားကို ရန်ပြုလာရင် ဘုရား၊ တရား အာရုံ ပြုပြီး ဒီအင်းချပ် ဆေးလုံးတွေနဲ့သာ ပစ်ပေါက်တိုက်ခိုက်ပေတော့၊ ကျန်တာတော့ ကျုပ်ကြည့်ရှင်းမယ်"

"ကောင်းပါပြီ ဆရာ"

□

ကျွန်တော်တို့ အိမ်အပေါ်ထပ် ဝရန်တာသို့ထွက်ကာ ဝတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ညဆယ်နာရီထိုးတော့ မည်။ မသူဇာနှင့် အိမ်သူအားလုံးကို အိမ်ထဲရှိ အခန်းတစ်ခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ပုန်းအောင်းနေစေ၏။ လေမတိုက်၊ လျှပ်မလျှပ်ပါဘဲနှင့် အိမ်ကြီးမှာ တစ်ချက် တစ်ချက် လျှပ်ခါနေ၏။ ခပ်ဝေးဝေးဆီမှ တဝီဝီအသံကြီးများ ကြားရ၏။ ခဏနေတော့ ဘေးခြံတွေမှ မီးအလင်းရောင်များအားလုံး မှိတ်သွားကာ မှောင်မဲတိတ်ဆိတ်သွား၏။ ဘာအသံမှ မကြားရတော့ဘဲ တိတ်ဆိတ်သွား၏။ လောကထဲတွင် ဤအိမ်ကြီးတစ်လုံးတည်းသာ ထီးတည်းကြီး တည်ရှိသကဲ့သို့ ဖြစ်လာ၏။

"ပတ်ဝန်းကျင်ကိုတော့ အိပ်မွေ့ချလိုက်ပြီ၊ ကဝေကျွန်းကကောင်တွေ ပညာတော်တော်စွမ်းတာပဲဗျို့၊ ဒီကောင်တွေ လာနေပြီထင်တယ်"

ဆရာမင်းဒေဝစကားမဆုံးမီပင် တဝီဝီအသံကြီးမှ နီးကပ်လာပြီး စကောခန့် မီးလုံးကြီးသုံးလုံး အိမ်ကြီးရှိရာသို့ ဝဲပျံလာ၏။

"အောင်မာ မလောက်လေးမလောက်စား ဆရာစုတ်ကို အားကိုးလို့ပါလား"

အလယ်ကောင်မီးလုံးနီကြီးဆီမှ စကားသံ ထွက်ပေါ်လာ၏။ ကျွန်တော်မှာ ကြက်သေ သေနေမိ၏။ မီးလုံးကြီးများမှာ တဖြည်းဖြည်း မြေပေါ်ဆင်းသက်သွားကာ မြေကြီးနှင့် ထိသည်နှင့် အရောင်များပျောက်ကာ လူသုံးဦးအဖြစ် ပြောင်းလဲသွားသည်။ အလယ်မှ လူကြီးမှာ ကြောက်မက်ဖွယ် တင်းမာခက်ထန်သောရုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ဘေးတစ်ဖက်တစ်ချက်မှ လူနှစ်ယောက်မှာလည်း [illegible] နှင့်သူ အကျည်းတန်ကြ၏။ မျက်လုံးများမှာ [illegible] တောက်ပသောအရောင် ထွက်နေ၏။

“ကိုင်း…လာဗျို့၊ အောက်ဆင်းပြီး ရင်ဆိုင်[illegible] အင်းနဲ့ ဆေးလုံးတွေ အဆင်သင့် လုပ်ထားဗျို့”

ဆရာမင်းဒေဝက ကျွန်တော့်ကို အသံခပ်အုပ်အုပ်[illegible] ပြောပြီး ဝရန်တာဘေးလှေကားမှ ခြံဝင်းထဲသို့ ဆင်းသွားသည်။ ကျွန်တော်လည်း လက်တစ်ဖက်တစ်ချက်ဆီတွင် အင်းချပ်များနှင့် ဆေးလုံးများကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး နောက်မှ လိုက်ဆင်းသွားလိုက်သည်။ ကျွန်တော်တို့နှင့် ကျက်သရေမဲ့သော လူသုံးယောက်မှာ ပေနှစ်ဆယ်ခန့်ခွာပြီး မျက်နှာချင်းဆိုင် မတ်တတ်ရပ်လျက် ရှိနေကြပြီ။

“ပညာရပ်နဲ့ လုပ်ထားတဲ့ ရွှေလေး ရင်းပြီး ဘာကြောင့် မိန်းမပျိုလေးတစ်ယောက်ကို မတရားရယူချင် ရတာလဲ၊ [illegible] ပညာပြန်ဖြေပြီး ကိုယ့်ကျွန်းကိုယ် ပြန်ရင် ကောင်း[illegible]”

“ဟား…ဟား…ဟား…မင်းကများ ငါ့ကို [illegible] ရသေးတယ်၊ သေပေတော့”

ပြောပြောဆိုဆိုနှင့် သူ့လက်တစ်ဖက်ကို [illegible] ရာ လက်ကနဲအရောင်တစ်ချက် ထွက်လာပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝီခေါ်ပြီး ကျွန်တော်တို့ထံ ပြေးဝင်လာသည်။

"ရှောင်ဗျို့၊ မထိမိစေနဲ့၊ ကဝေကြီး စက်လွှတ်လိုက်ပြီ"

ဆရာမင်းဒေဝမှ စိတ်မချသည့်ဟန်ဖြင့် ရှေ့သို့ တိုးထွက်ကာ အသံကျယ်ကျယ်နှင့် ဟိန်းဟောက်လိုက်သည်။

"ရှောင်စမ်း ရှားစမ်း"

တည့်တည့်ဝင်လာသော အလင်းတန်းမှာ တခြားဘက်သို့ လွင့်ထွက်သွားပြီး သစ်သားတိုင်တစ်ခုကို ဝုန်းကနဲ ထိမှန်သွားသည်။

"ဟာ"

ကျွန်တော် ထိတ်လန့်သွားမိသည်။ သစ်သားတိုင်မှာ ထက်ပိုင်းကျိုးသွားလေပြီ။

"အဲ…ဒါ ကဝေစက်တွေထဲက ဓားစက်လို့ ခေါ်တယ် ဗျို့၊ တခြားစက်တွေ ထပ်လွှတ်လိမ့်ဦးမယ်၊ သတိထား"

ကဝေကြီးမှာ သူ့စက်လွဲချော်သွား၍ ဒေါသထွက်သွားသည်။

"ကဲ…စိုးကြီးနဲ့ တိုးကြီး ရှင်းပစ်လိုက်စမ်း"

ကဝေကြီးဘေးမှ ရုပ်ဆိုးဆိုးနှင့် လူနှစ်ယောက်မှာ ခေါင်းညိတ်ပြီး ရှေ့သို့ ပြေးထွက်လာသည်။ ပြေးလာနေရင်းမှ ညာဘက်မှ တစ်ယောက်မှာ ဝုန်းကနဲ ကျားကြီးတစ်ကောင်အသွင် ပြောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

ကျားဟိန်းသံ ညံသွားသည်။

ဘယ်ဘက်ကလူကလည်း မခေ။ ရုတ်တရက် ချောကိုယ်ကြီး ရှည်ဆန့်သွားပြီး ရောမမြွေဟောက်ကြီးအသွင် ပြောင်းသွားသည်။

"ရှီး....ရှီး...."

မြွေတွန်သံက သွေးပျက်စရာပင်။ ကျားက မာန်ဖီပြီး ရှေ့တိုးလာသည်။ မြွေက စကောဝိုင်းလောက်ရှိသော ပါးပြင်းကြီးထောင်ပြီး တွန့်လိမ်ကောက်ကွေးလျက် အနားကပ်လာသည်။

"သတိထားဗျို့၊ အကြောက်မလွန်စေနဲ့၊ ဒါ နာနာရုပ် အတတ်နဲ့ ရုပ်ပြောင်းထားတာ၊ ဆေးလုံးနဲ့ ထိထိမိမိပေါက်၊ အနားကပ်တာနဲ့ ပေါက်ပေတော့"

ကျွန်တော့်မှာ မကြောက်ဘဲ မနေနိုင်ပါ။ ကျား၏ တဘုတ်ဘုတ်ခြေသံ၊ ချွန်မြသော လက်သည်း၊ ထက်မြက်သော အစွယ်တို့ကို အနီးကပ်မြင်ရခြင်းသည် လူတစ်ဦးအဖို့ အလွန် အားငယ်ထိတ်လန့်စေသည်။ မိမိထက် ခွန်အားများစွာ သန်မာသော သတ္တဝါကို မြင်ရသည့်အတွက်ကြောင့် ဖြစ်ပေလိမ့်မည်။

ဆရာမင်းဒေဝသည် လွယ်အိတ်ထဲမှ ဆေးကြိမ်လုံးကို ထုတ်ယူကိုင်ဆောင်လိုက်သည်။ ကြိမ်လုံးကို ရွှမ်းကာနဲ့လေတွင်



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ တော်တော်စွမ်းနေကြတယ်ပေါ့၊ သေပေတော့"

ကာဝေကြီးမှာ ဒေါသတကြီးဖြင့် လက်နှစ်ဖက်ကို ဝှေ့ရမ်းလိုက်ရာ မီးကွင်းလေးများ အကွင်းလိုက် အကွင်းလိုက် ထွက်လာသည်ကို တွေ့ရ၏။

"ဟာ...လောင်မီးစက်ဗျို့၊ အများကြီးကို လွှတ်လိုက်တာပါလား ကိုးကွင်းတောင်"

မီးကွင်းများမှာ ချာချာလည်ပြီး ကျွန်တော်တို့ထံ ပြေးဝင်လာကြသည်။ ခေါင်းပေါ်ရောက်လာသည်။ မီးကွင်းများ ကပ်လာသည်နှင့် ပြင်းထန်သော အပူရှိန်ကို သွေးပျက်ဖွယ် ခံစားရသည်။

ကျားနှင့် မြွေကြောင့် မသေ။ မီးလောင်၍ သေရတော့မည်ဟုပင် တွေးမိ၏။

"ကိုင်းကွာ...ကိုင်းကွာ"

ဆရာမင်းဒေဝမှာ ကြိမ်လုံးဖြင့် မီးကွင်းများကို လိုက်ရိုက်ချနေသည်။ တစ်ကွင်းပြီး တစ်ကွင်း။ ခုနစ်ကွင်းသာ ပျက်စီးလိုက်နိုင်သည်။

အဘယ်ကြောင့်ဆိုသော် ကျန်မီးနှစ်ကွင်းမှာ သူနှင့်ကျွန်တော့်အား တစ်ကွင်းစီ စွပ်မိနေပြီးဖြစ်သောကြောင့်ပင်။ မီးကွင်းမှာ လည်ပတ်ပြီး တဖြည်းဖြည်း ကျုံ့ဝင်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ မပူနဲ့ဗျို့၊ အင်းချပ်ကိုသုံးပြီးသာတိုက်၊ ဒီကောင်တွေ ထွက်ပြေးလိမ့်မယ်"

ကျွန်တော် မျက်စိရှင်ရှင်ထားပြီး အနက်ကောင်တွေကို ကြည့်နေစဉ် ကဝေကောင်ကြီးမှာ နောက်တစ်ခုကို တစ်ပြိုင်နက် ကြံပြန်သည်။ မန္တန်တစ်ခုကို ကျယ်လောင်စွာ ရွတ်ဆိုခြင်းဖြစ်သည်။

"ဟာ ဘယ်လိုပါလိမ့်"

ကျွန်တော် အံ့ဩစွာ ရေရွတ်မိသည်။ ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ထုကြီး ဖုံးလာခြင်းဖြစ်သည်။ ညအမှောင်မျိုး မဟုတ်။ ဖော်ပြရန် မတတ်သာသည့် မှောင်ခြင်းမျိုး။ ရှေ့တစ်ပေ လောက်ကိုပင် မသဲကွဲတော့။ မိမိလက်တောင် ထောင်ကြည့်၍ မရလောက်အောင် မှောင်လာခြင်းဖြစ်သည်။

"အမှောင်တိုက်ကြီး ကျလာပြီဗျို့၊ မကောင်းဆိုးဝါး ကောင်တွေကို မမြင်ရတော့ဘူး သတိထား"

ကျွန်တော့်မှာ ကျား၊ မြွေ၊ မီးထက် မကြုံဖူးသော ကြောက်မက်ဖွယ်အမှောင်ထုကြီးကြောင့် အသည်းငယ် ထိတ်လန့် နေမိသည်။ အနားတွင် ညည်းညူသံကြီး ကြားလိုက်ရရာ ထိတ်ခနဲ ဖြစ်သွားပြီး လက်ထဲမှ အင်းချပ်တစ်ချပ်ဖြင့် အသံလာရာသို့ ပစ်ပေါက်မိပါသည်။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဘမသိ လိုက်လာပြီး ပေါက်ကရအဖြစ်ဆိုးကြီးကြားထဲမှာ ကျွန်တော် သေရပါတော့မည်။ အအေးဓာတ်သည် နှလုံးသို့တိုင် စိမ့်ဝင်လာပြီ။ ကျွန်တော့်မျက်စိထဲ ဝင်းကနဲဖြစ်သွားသည်။ အဖြူရောင်တောက်ပသော အက္ခရာစာလုံးများ အမှောင်ထဲတွင် တောက်ပသွားသည်။ ဆရာမင်းဒေဝ ကြိမ်လုံးမှ အက္ခရာစာလုံးများ လင်းလက်တောက်ပပြီး ထွက်လာခြင်းဖြစ်သည်။ ထိုစာလုံးများသည် အမှောင်ထုထဲတွင်ဖြတ်ပြီး ကဝေကြီးခေါင်းပေါ် ရောက်သွားသည်။ မန္တန်ရွတ်သံ တုံ့ကနဲရပ်သွားသည်။

တောက်ပနေသော စာလုံးများကိုကြည့်ပြီး ပါးစပ်ကြီးဟနေသည်။ အသက်မဲ့သွားသကဲ့သို့ ဖြစ်နေသည်။

"ဆရာကျောင်းရေ ရှိသမျှအင်းတွေ ဆေးတွေ အကုန်သုံးပြီး သွားပစ်ပေတော့၊ ဒီကောင်ကြီး ကျုပ်စမထဲ မိနေပြီ၊ အကြာကြီးတော့ ထိန်းနိုင်မှာ မဟုတ်ဘူး၊ မြန်မြန်လုပ်ဗျို့"

ဆရာမင်းဒေဝမှာ ကြိမ်လုံးကို အားကုန်ထုတ်ဆန့်တန်းထားရပုံပေါ်သည်။ အလွန်အမင်းလည်း စိတ်လှုပ်ရှားနေပုံရသည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်မှာ ကဝေကြီးနားသို့ မသွားလိုပါ။ သို့သော် ကျွန်တော့်အား သတ္တိကင်းမဲ့သူဟု ဆရာမင်းဒေဝ ထင်မြင်သွားမည်ကို စိုးရိမ်၍ အင်းချပ်များနှင့် ဆေးလုံးများကို ဆုပ်ကိုင်ကာ ကဝေကြီးနားသို့ တိုးကပ်သွားလိုက်ပါသည်။ ကဝေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ မျက်လုံးကြီးများ ပြူးကျယ်လျက် သူ့ဦးခေါင်းထက်မှ လင်းလက်နေသော စမစာလုံးလေးလုံးကို ကျောက်ရုပ်ကြီးသဖွယ် ငေးကြည့်နေ၏။

"မြန်မြန်လုပ်ဗျို့၊ ကျုပ် ကြာကြာထိန်းမထားနိုင်ဘူး"

ပြောနေရင်းမှာပင် ကဝေကြီး၏ မျက်လုံးများမှာ အသက် ပြန်ဝင်လာပြီး ကျွန်တော့်ဘက်သို့ စူးစိုက်ကြည့်နေ၏။ ကျွန်တော် မှာ ခြေလှမ်းများ တုံ့ကနဲဖြစ်သွားရ၏။ ကဝေကြီးခေါင်းပေါ်မှ စာလုံးများမှာ အရောင်တစ်ချက် မှိန်ကျသွား၏။ ဆရာမင်းဒေဝမှာ အံကြိတ်လျက် ကြိမ်လုံးကို ဖော့ရမ်းသည်။

"ဒီကောင်ကြီး ပြန်လှုပ်လာရင်တော့ အကုန်သေကုန် တော့မှာပဲဗျို့"

ထိုအချိန်မှာပင် ကဝေကြီး၏ ခြေလက်များ လှုပ်လှုပ်ရှုရှု ဖြစ်လာသည်။

ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ရှေ့တိုးဝင် သွားပြီး လက်ထဲမှ ဆေးလုံးများ အင်းချပ်များဖြင့် တစ်ခုပြီးတစ်ခု ပစ်ပေါက်လိုက်တော့၏။

"ဝုန်း…ဝုန်း၊ အုန်း…အုန်း"

ကဝေကြီးမှာ ဆေးလုံး အင်းချပ်များဖြင့် တစ်ချက်ထိ တိုင်း အရောင်များဖြာဖြာထွက်သွား၏။ မျက်နှာကြီးရှုံ့မဲ့လျက်



www.burmeseclassic.com

www.burmeseclassic.com



မရှိမဆုံ့သောဝေဒနာကို ခံစားနေရပုံပေါ်၏။ လက်ထဲမှ နောက်ဆုံး အင်းချုပ်ပစ်ရန် ပြင်စဉ် ကဝေကြီးခေါင်းပေါ်မှ မအေးသင်းဆောင် များ ပျောက်သွားလေ၏။ ကဝေကြီးမှာ လက်ကိုမြှောက်ပြီး ဇော် ထုတ်ရန် ပြင်သော်လည်း ကျွန်တော်၏ ကြောက်အားလန့်အားနှင့် ပစ်ထည့်လိုက်သော နောက်ဆုံးအင်းချုပ်က အသက်ဝင်လျှက် သူ့ထံ ပျံဝဲသွားသည်။

"ဝုန်း"

အသံအကျယ်ကြီးမြည်လျှက် ကဝေကြီး လဲကျသွားပြီး မြေကြီးပေါ် တဆတ်ဆတ်တုန်နေ၏။ အမှောင်ထုကြီးလည်း ပျောက်ကွယ်သွားသည်။ ပုံမှန်ညအမှောင်သာရှိသည်။

ဆရာမင်းဒေဝသည် ကဝေကြီးနား တိုးကပ်သွားပြီး ကဝေကြီးနဖူးကို သူ့ကြိမ်လုံးနှင့်ထောက်လျှက် တစ်စုံတစ်ခုကို ရွတ်ဆို၏။

ကဝေကြီးမှာ လေသံသဲ့သဲ့နှင့်...

"အသက်ကို မနှုတ်ပါနှင့်၊ ကျွန်ုပ် ဒီဘက်ကို တစ်သက် ခြေဦးမလှည့်တော့ပါဘူး"

ဟု တောင်းပန်စကားပြော၏။ ဆရာမင်းဒေဝလည်း...

"ကောင်းပြီလေ ကတိတည်ပါစေ၊ ကလေးမကို ပြုစား ထားတဲ့ ပညာပါ တစ်ခါတည်းနုတ်ပြီး လိုရာပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကစေကြီးလည်း အားယူကာ ထထိုင်ပြီး နောက်ဆုတ် နောက်ဆုတ်နှင့် သွားရင်းမှ သူ့တပည့်နှစ်ယောက်ကို ခြေထောက်နှင့် ကန်လိုက်ရာ နှစ်ယောက်စလုံး ထနိုင်လာကြ၏။ ပြီးနောက် သုံးယောက်စလုံး ဝုန်းကနဲ လင်းတကြီးအသွင် ပြောင်းသွားကြ၏။ ထို့နောက် အိမ်ကြီးပေါ် သုံးပတ်ဝဲပျံနေသေး၏။ ပြီးတော့မှ ကောင်းကင်ထဲ ဝဲပျံပျောက်ကွယ်သွားကြ၏။ ကျွန်တော်တို့လည်း အိမ်ကြီးထဲ ပြန်ဝင်ပြီး မသူဇာတို့အား ပုန်းနေရာမှ ထွက်လာခိုင်း၏။

"ကဲ ကစေကြီးကတော့ မသူဇာနဲ့ ကတိကို ကျေကျေနပ်နပ် ဖျက်သိမ်းသွားပါပြီ၊ ကလေးမလေးကို သွားကြည့်ကြစို့"

ကျွန်တော်တို့ ကလေးမလေးအိပ်ခန်းဘက် မသွားရသေးမီပါပင် လန်းဆန်းသော မျက်နှာထားဖြင့် မသူဇာ၏ သမီးလေး အိပ်ခန်းထဲမှ ထွက်လာ၏။ တစ်ကိုယ်လုံး ပုံမှန် ၁၈ နှစ်အရွယ် မိန်းမပျိုလေးအဖြစ် ပြန်ရနေပြီဖြစ်၏။ ကစေကြီးမှာ ပြုစားထားသော သူ့ပညာကို ပြန်နုတ်သွားပြီဖြစ်၍ မိန်းမပျိုလေးမှာ ပုံမှန်လှပသောခန္ဓာကိုယ်တစ်ခုလုံးကို ပြန်လည် ရရှိနေပြီဖြစ်ပေသည်။ မသူဇာမှာ သမီးကိုကြည့်ပြီးဝမ်းသာလွန်း အားကြီး၍ မျက်ရည်များ တသွင်သွင်ကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ဟု အော်ခေါ်ပြီး သမီးဖြစ်သူကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားလေ၏။

အချိန်မှာ ညသန်းခေါင်ကျော်လို့ မွန်းတည့်ချိန်ပင် ရောက်တော့မည်ဖြစ်သည်။

ဆရာမင်းဒေဝသည် အားလုံးကို ဘုရားခန်း ခေါ်ဆောင်သွားပြီး ဘုရားရှိခိုးစေ၏။ အရှက်တကွဲအချိန် ညီညာဖျဖျ ရှိခိုးကန်တော့သံမှာ ကျက်သရေမင်္ဂလာ ရှိလှပေတော့၏။

ထို့နောက် မသူဇာက ဆရာမင်းဒေဝနှင့် ကျွန်တော့်ကို စမ်းချောင်း၊ ဆီဆုံလမ်းရှိ တိုက်ခန်းသို့ ပြန်ပို့ပေး၏။

ကျွန်တော်လည်း အခန်းရောက်သည်နှင့် ဘာမှစကားမဆိုနိုင်တော့ဘဲ အိပ်ရာပေါ်တွင် လှဲချလိုက်ရာ တချိုးတည်း အိပ်ပျော်သွားတော့၏။ နိုးလာသောအခါ နေ့လည် ၃ နာရီ ရှိနေပြီဖြစ်၏။ ကျွန်တော့်စာကြည့်စားပွဲပေါ်တွင် စာတစ်စောင်နှင့် စက္ကူအိတ်တစ်အိတ် တွေ့ရသည်။ စာမှာ ဆရာမင်းဒေဝ၏စာ။

*"ဆရာကျောင်းရေ ကျုပ်တော့ နယ်ဘက်ကို ခေးကုဖို့ ထွက်သွားလေရဲ့၊ တစ်ပတ်လောက် ကြာမယ်ထင်ပါရဲ့ဗျာ၊ စက္ကူအိတ်ထဲမှာ မသူဇာ ကန်တော့လိုက်တဲ့ ငွေတွေရဲ့တစ်ဝက်ကို*



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပါတယ်၊ ခင်ဗျား ပိုင်ဆိုင်သင့်တဲ့ငွေပါပဲ။ ကျူရှင်ဆရာရဲ့ နေ့ရာသီတိုက်ပွဲကနေ ရတဲ့ငွေပေါ့ဗျာ။ မာဘိုရိုစီးကရက် ထွက် ဝယ်ဗျာ၊ စာအုပ်အသစ်တွေလည်း စိတ်တိုင်းကျ ဝယ်ဖတ်ဗျို့၊ အားလည်းမွေးထားဦး၊ ကျုပ်ပြန်လာရင် နောက်တစ်ပွဲ နွှဲရဦးမှာဗျ ခုရက်ထဲ စာသင်ပါးလို့ အားနေရင် ကျုပ်နဲ့လိုက်ပြီး တွေ့ကြုံရ တာတွေကို စာရေးပြီး မှတ်တမ်းတင်ထားပေါ့ဗျာ၊ တစ်ချိန် စာအုပ်အဖြစ် ထုတ်ဝေရတာပေါ့"

မင်းဒေဝ

ကျွန်တော်မှာ ဆရာမင်းဒေဝ၏ စာကိုဖတ်ပြီး မဆုံးနိုင် သော အတွေးများကို ဆက်တိုက်တွေးတောနေမိပါတော့သည်။

ကရော်

□□□



www.burmeseclassic.com

www.burmeseclassic.com



## အစိမ်းသေသော သွေးစုပ်ဖုတ်ကောင်

**မြွေကိုက်၍ အစိမ်းသေသော သေရသူ**

ညက ဘုန်းကြီးကျောင်းသား သာဂိ ကိုရင်ကြီး ဦးဝိမလနှင့် အတူသွားအိပ်သည်။

ဟော··ဒီမနက်ကျတော့ အသက်ပျောက်လျက် ရှိချေပြီ။ သွေးစုပ်ဖုတ်ကောင်က သွေးစုပ်သွားသည်ဟု ပြောကြသည်။ ဖြူလျော်လျော် ပျော့ခွေနေပြီး တစ်ကိုယ်လုံးမှာ သွေးတွေ မရှိတော့။

"ဒါကြောင့် ပြောကြတာပေါ့ ကိုရင်ကြီးဝိမလကို သည်မှာကလူတွေက သွေးစုပ်ဖုတ်ကောင်ကြီးပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရွာဘုန်းကြီးကျောင်းက လက်မခံတာကို တို့ရွာဘုန်းကြီးကျောင်းက ဘာလို့လက်ခံရတာလဲ"

ကိုရင်ကြီး ဦးဝိမလသည် ငယ်ဖြူမဟုတ်။ အသက်ကြီးမှ သင်္ကန်းဝတ်ရန် ပါဒကြီးရွာကျောင်းသို့ ရောက်ရှိလာသော တောထွက်ကိုရင်ကြီး။ သာဂိကိစ္စနှင့် ပတ်သက်ပြီး ရွာခံတွေက ဝေဖန်ကြသည်။

ဦးဝိမလ လူ့ဘဝငယ်နာမည်မှာ ဦးဝင်းမောင် ဖြစ်ပြီး အသက် ၅၀ ကျော်အရွယ်တွင် ဇနီးဖြစ်သူ ဒေါ်လှမြင့် သေဆုံးသွား၍ သားသမီးတွေက အိမ်မှာမထားဘဲ မကောင်းကျောင်းပို့သဘောနှင့် သင်္ကန်းစည်းပေးကာ ဘုန်းကြီးကျောင်းသို့ ပို့လိုက်ကြခြင်းဖြစ်၏။

ဦးဝင်းမောင် ဘဝပြောင်း ဦးဝိမလ မူလနေထိုင်ရာရွာမှာ ယခု သူရောက်ရှိနေသော ပါဒကြီးရွာ ဘုန်းကြီးကျောင်းမဟုတ်။ ကျောက်တန်းမြို့နယ်တွင်းမှာရှိသော "အဒွတ္တော" ရွာမှ ဖြစ်သည်။ သူ့ဌာနေဖြစ်သော အဒွတ္တောရွာ ဘုန်းကြီးကျောင်းက လက်မခံသဖြင့် ပါဒကြီးရွာသို့ ရောက်လာခဲ့ခြင်းပင်။

အဒွတ္တောရွာတွင် ဦးဝင်းမောင်သည် ခံ့မြေစိုက်ပျိုး၏။ ဇနီးဖြစ်သူ ဒေါ်လှမြင့်နှင့် သားတစ်ယောက် သမီးတစ်ယောက် ရရှိခဲ့ပြီး ယခုအခါ သားတွေ သမီးတွေမှာ အိမ်ထောင်ကျသား ကျလျက် မြေးမြစ်တွေပင် ရနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးအိမ်ထောင်သည်တွေလည်း အိမ်ခွဲနေကြပြီး ကိုယ့်ခြံကိုယ့်ယာနှင့် စိုက်ပျိုးနေနိုင်ကြသည်။

ဦးဝင်းမောင်နှင့် ဒေါ်လှမြင့်တို့ လင်မယားနှစ်ယောက်သည် မူလသူတို့ပိုင်ခြံမှာ သခွားချိန် သခွား၊ ဘူးချိန်ဘူး၊ ခဝဲချိန် ခဝဲ ရာသီပင်သီးနှံများ စိုက်ပျိုးနေခဲ့သည်။

ခြံယာမြေမှာလည်း မူလ ဆယ့်နှစ်ဧကကို သားနှင့်သမီးအား ငါးဧကစီခွဲဝေထားပေးလိုက်ရ၍ နှစ်ဧကသာ ကျန်ပြီး အဘိုးကြီး အဘွားကြီး တစ်ပိုင်တစ်နိုင် စိုက်စားနေကြရသည်။ ထိုနှစ်ဧက သူပိုင်သောခြံကြီးထဲမှာ ဦးဝင်းမောင်အတွက် ရာဇဝင်တွင်သော ထန်းပင်ကြီးရှိ၏။

ဦးဝင်းမောင်က မူလကတည်းက မိရိုးဖလာ ခြံသမားမို့ လုပ်ငန်းကျွမ်းကျင်သည်။ ထိုနှစ်ဧကလောက်မှာပင် စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင် ဝင်ငွေရအောင် စိုက်ပျိုးနိုင်သဖြင့် အဘိုးကြီး အဘွားကြီး လင်မယားနှစ်ယောက် အဆင်ပြေပြေ နေနိုင်ခဲ့သည်။

သို့ရာတွင် တစ်ညနေတွင် ဦးဝင်းမောင်ကို မြွေပွေးကိုက်လိုက်သည်။

"အား..."

အဆိပ်အင်မတန်ပြင်းသော မြွေပွေးသစ်နက်ကွက်ကြီး။ ဦးဝင်းမောင် ခြေဖမိုးကိုက်ပြီး ဆွဲခါလိုက်သလို ခံစားလိုက်ရသည်။

လက်ထဲမှာ ပေါက်တူးကြီး ရှိပါလျက် ပြန်မခုတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာတင် မူးခနဲ မိုက်ခနဲဖြစ်ပြီး လဲကျသွား၏။

လမ်းပင် မလျှောက်နိုင်။ ခြံထောင့်တွင်ရှိသော ထန်းပင်ကြီးခြေရင်းသို့ လိမ့်ထွက်သွား၏။ ထန်းမြစ်တွေကို မျက်နှာအပ်ပြီး အသက်ထွက်သွား၏။

ဦးဝင်းမောင် မြွေကိုက်၍ သေပြီ။

□

**အစိမ်းသေအလောင်းနှင့် သရဲကြီးထိပ်နီ**

သူ့အပေါ်ကို ထန်းပင်ပေါ်က သရဲကြီးထိပ်နီ ဆင်းလာပြီး ရင်ဘတ်ပေါ် တက်ခွသည်။ ညအချိန် လသာသာနှင့်ဖြစ်၍ သရဲကြီးထိပ်နီကို သူမြင်နေရသည်။

သရဲကြီးထိပ်နီအကြောင်း သူ့အဘိုးတွေ အဖေတွေ ပြောပြထားသည်ကို သူသိနေလေပြီ။ သူတို့မိဘဘိုးဘွားပိုင် ဤခြံကြီးနှင့် သရဲကြီးထိပ်နီမှာ ရာဇဝင် ရှိထား၏။

သရဲကြီးထိပ်နီသည် ဦးဝင်းမောင် အဘိုးလက်ထက်တည်းက မွေးထားသော သရဲကြီး။ ခြံကြီးထဲမှာ ရှိနေသော ထန်းခြောက်ပင်အနက် အမြင့်ဆုံးထန်းပင်ကြီးမှာ နေသည်။

ဦးဝင်းမောင်အဘိုးခြံထဲရှိ ထန်းရေအကောင်းဆုံးထွက်သော မြွေဟောက်ပင်ကြီးတွင် ခံထားသော ထန်းရေရှိ ညနက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် တက်၍ခိုးခိုးသောက်ရာက ထန်းပင်ပေါ်က ဦးစိုက်ကျပြီး အသေဆိုး သေခဲ့ရာက မလွတ်မကျွတ် ဖြစ်နေသော ကြွက်နီ ဆိုသော လူဆိုးကြီး။

ကြွက်နီခေါင်းမှာ မြေပြင်ပေါ် ဦးစိုက်ကျ၍ ဟက်တက် ကွဲပြီး သွေးတွေဖြိုင်ဖြိုင်ကျရာက သေဆုံးသွားခဲ့၍ သရဲကြီးထိပ်နီ ဟု နာမည်တွင်သွားသည်။

ကြွက်နီတစ်ဖြစ်လည်း သရဲကြီးထိပ်နီ မကျွတ်မလွတ် နိုင် ဖြစ်ရသည်မှာလည်း ဦးဝင်းမောင်၏အဘိုး ဦးမိုးကြီး၏ အစီအရင်ကြောင့် ဖြစ်၏။

"ကြွက်နီရေ…မင်း ငါ့ခြံထဲက ထန်းပင်ပေါ်တက်ပြီး ထန်းရည် ခိုးသောက်ရင်း လိမ့်ကျသေရတာဆိုတော့ အဲဒီထန်းပင် မှာနေပြီး ထန်းရည်လည်း ဆက်သောက်၊ ငါ့ခြံကိုလည်း စောင့် ရှောက်ပေါ့ကွာ ဟုတ်လား"

ထိုသို့ ပိုင်ရှင်ကတစ်ဆင့် အပိုင်စားရလာသော ကြွက်နီ က ညကျတော့ ဦးဝင်းမောင်အဘိုးအား အိပ်မက်လာပေးသည်။

အိပ်မက်ထဲမှာ ခေါင်းကြီး ဟက်တက်ကွဲပြီး သေခဲ့ရ သဖြင့် တစ်ခေါင်းလုံး သွေးတွေနှင့် နီရဲနေသဖြင့် ထိပ်နီးကြီးဟု နာမည်တွင်သွားသည်။

"မင်းခြံကြီးတစ်ခြံလုံးကို နှစ်ပေါက်အောင် ငါက စောင့်နေရမှာ၊ ထန်းရည်လောက်နဲ့ ရမလားကွ၊ ခြောက်လ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်လောက် ကြက်တစ်ကောင် လည်လိုးသတ်ပြီး သွေးတွေနဲ့အတူ ငါ့ကို အစာကျွေးရမယ်။ သွေးတော့ မပါမဖြစ် ပါပါစေနော်၊ ငါက ခေါင်းအစိတ်စိတ်ကွဲပြီး သွေးထွက်လွန်နေတော့ ငါ့ကိုယ်မှာ သွေးတစ်စက်မှ မရှိတော့ဘူး၊ သွေးသိပ်ဆာနေတဲ့ ကောင်၊ မင်းကျွေးတာကို စားသောက်ရင် ငါဟာ မင်းရဲ့ အခိုင်းခံဘဝက မင်းခွင့်မပြုသရွေ့ ဘယ်တော့မှ လွတ်မှာမဟုတ်ဘူးကွ"

"ခြောက်လတစ်ကြိမ်ဆိုတော့ များတယ်ကွာ၊ တစ်နှစ်တစ်ကြိမ်ဆို တော်ရောပေါ့၊ မနက်ဖြန်ကစပြီး မင်းကို ငါ လုပ်ပေးမယ်ကွာ"

"အေး...မင်း ကတိတည်ပါစေ၊ ကတိမတည်ရင်တော့ မင်းကို ငါ ပြန်ဒုက္ခပေးရလိမ့်မယ် ကြားလား"

ထိုသို့သော အဘိုးတို့လက်ထက်ကတည်းက ကတိတွေကြောင့် သရဲကြီးထိပ်နီ ဦးဝင်းမောင်၏ ခြံထဲက ထန်းပင်ပေါ်မှာ အစောင့်အဖြစ် ယခုတိုင် ရှိနေခဲ့ခြင်းဖြစ်၏။

ယခုတော့ မြွေကိုက်၍ အစိမ်းသေ သေသွားသော ဦးဝင်းမောင် ရင်ဘတ်ပေါ် ခွစီးလျက် ဦးဝင်းမောင်၏ မျက်နှာအား စိမ်းစိမ်းကြီးကြည့်ပြီး အမိန့်ပေးနေလေပြီ။

"ဝင်းမောင် မင်း သေသေချာချာ နားထောင်စမ်း၊ မင်းဟာ မြွေပွေးကိုက်လို့ အသက်ထွက်သွားပေမယ့် မင်းရဲ့အသက်ကောင်ကို ငါပြန်ခေါ်ထားတယ်၊ မင်းရဲ့ခန္ဓာကိုယ်ကို ငါပူးကပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တော့ မင်းဟာ လူသေကောင် မဟုတ်တော့ဘူး ဖြစ်ရှင်သွားပြီကွ''

''ဗျာ၊ ကျုပ်က မြွေပွေးကိုက်လို့ သေသွားရာက ခင်ဗျားဝင်ပူးကပ်လိုက်လို့ အသက်ပြန်ရှင်ရပြီ ဟုတ်လား''

''ဟုတ်တယ်၊ မင်းနဲ့ငါ အကျိုးတူ ပူးပေါင်းရမှာပဲ၊ ငါက ခေါင်းကွဲပြီး သွေးတွေဖြိုင်ဖြိုင်ကျပြီး သေခဲ့ရလို့ ငါ့ကိုယ်မှာ သွေးမရှိလို့ သွေးဆာနေတဲ့ကောင်၊ မင်းကလည်း မြွေပွေး အကိုက်ခံရလို့ မင်းကိုယ်ထဲမှာရှိတဲ့ သွေးတွေဟာ အဆိပ်အဖြစ် ပြောင်းသွားလို့ သွေးသစ်သွေးကောင်း လတ်လတ်ဆတ်ဆတ် လိုနေတဲ့ကောင်။ မင်းရဲ့အသက်ပျောက်နေတဲ့ အလောင်းကို ငါဝင်စီးပြီး အိမ်ပြန်ကြမယ်။ အိမ်ရောက်မှ ငါတို့ရဲ့ သွေးစုပ်ဖုတ်ဇာတ်ကို မီးစင်ကြည့်ကပြီး အကောင်အထည် ဖော်ပြကြတာပေါ့''

သရဲကြီးထိပ်နီမှာ ဝင်းမောင်၏ အလောင်းနှင့် ပူးကပ်ပြီး ထိုနေ့ကစ၍ လိုက်ပါသွားခဲ့သည်။

ဦးဝင်းမောင် ထိုနေ့ညက မိုးအတော်ချုပ်မှ အိမ်ပြန်ရောက်သည်။

သူ့မိန်းမ ဒေါ်လှမြင့်က စိတ်ပူပူနှင့် ထမင်းပွဲပြင်ရင်း လှမ်းမေးသည်။

''ရှင် ဒီနေ့ တော်တော်နောက်ကျပါလား၊ ဘယ်ကိုသွားနေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ထန်းပင်ပေါ်ကို"

"ရှင်..."

"အိုကွာ၊ ထန်းရည် ဝင်သောက်နေလို့ပါ"

ပြောပြီး ထမင်းကို အငမ်းမရ လက်မဆေးဘဲ ဝင်စားသည်။

ထိုညစာ ထမင်းဝိုင်းကို သူတစ်ယောက်တည်းလိုလို စားပစ်လိုက်သည်။

"ရှင် ထမင်းစားတာ ကြမ်းလှချည်လား၊ မနက်ဖြန် ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ဖို့ ဝက်သားဟင်းအိုးလည်း ပြောင်သွားတာပဲ"

"ငါ အလုပ်သမားပဲ၊ အလုပ်လုပ်ရင်း ပင်ပန်းတော့ ဆာတာယ်ကွ၊ ဝက်သားဟင်းအိုး ပြောင်သွားရင် ကြက်ခြံထဲက ကြက်တစ်ကောင်ကို မနက်ကျရင် ဖမ်းပြီး အချိန်မီ ကြက်သားဟင်းချက်ပြီး ဆွမ်းချိုင့်ပို့ပေါ့ကွာ"

ဦးဝင်းမောင်က ပြီးစလွယ်ပြောပြီး အိပ်ရာဝင်သွားသည်။

❑

**သရဲဝင်မွှေတဲ့အိမ်**

ဘုန်းကြီးကျောင်းသို့ အရုဏ်ဆွမ်းအမီ ချက်ပို့ရန် ဒေါ်လှမြင့် မနက်တုံးခေါက်ချိန်မှာ အိမ်နံဘေးကြက်ခြံထဲသို့ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ခြံထဲမှာ ဗမာကြက်တွေချည်း အကောင်နှစ်ဆယ်ခန့် မွေးထားသည်။

ရွာခလေ့ ညည့်သည်ဆောင်သည်လာလျှင် တစ်ကောင်တလေ ချက်ပြုတ်ကျွေးမွေးရန်နှင့် ဗမာကြက် အဖိုးတန်နေသော အချိန်မှာ ငွေလိုလျှင် ဈေးထဲသွားပြီး ကြက်ဥရောင်းရန် ရည်ရွယ်ရင်းစွဲရှိထားသည်။

ဒေါ်လှမြင့် ကြက်ခြံထဲရောက်တော့ လက်နှိပ်ဓာတ်မီးရောင်ကို မြင်သည်နှင့် ကြက်တွေ ဝရုန်းသုန်းကား ခုန်ပျံတိုးဝှေ့ရင်း ကြက်ခြံထောင့် ပြေးကပ်နေကြသည်။

"ကတော်…ကတော်…ကတော်…"

ဆူဆူညံညံ အသံပြုလျက် အော်ဟစ်လျက် ရှိကြသည်။

မပြေးနိုင်သော ကြက်ဖသုံးကောင် မြေပြင်မှာ လဲလျက်ကျန်ရစ်သည်။

ဒေါ်လှမြင့် လဲနေသော ကြက်ဖသုံးကောင်ကို လက်နှိပ်ဓာတ်မီးနှင့် သေသေချာချာ ထိုးကြည့်လိုက်သောအခါ ကြက်ဖသုံးကောင်စလုံး ခေါင်းတွေ ပြတ်နေသည်။ အသက်မရှိတော့။

ကြက်ဦးခေါင်းတွေကို အစအနရှာ၍ မရတော့ဘဲ လည်တိုင်ပေါက်တက်ကြီး ကျန်ရစ်ခဲ့သည်မှာ ထူးဆန်းလှသည်။

ထို့ထက် ထူးဆန်းသည်မှာ လည်တိုင်နေရာမှ သွေးတစ်စက်မှ မထွက်တော့ဘဲ မြေပြင်ပေါ်တွင် သွေးကွက်တစ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



မှ မကျန်ရစ်တော့ခြင်းပင်။

သတ္တဝါတစ်ကောင်က ကြက်ဖတွေကိုဖမ်းပြီး ခေါင်းကို ဖြတ်စားကာ သွေးတွေကုန်အောင် စုပ်မျိုသွားခြင်းမျိုး။

ဒေါ်လှမြင့် တုန်လှုပ်ချောက်ချားကာ ကြက်ခြံထဲမှ အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။

အိမ်ပေါ်ရောက်တော့ ယောက်ျားဖြစ်သူ ဦးဝင်းမောင်ကို နှိုးပြီး ထိုအကြောင်းကို အားကိုးတကြီးပြောရန် ကြံစည်သည်။

လက်နှိပ်ဓာတ်မီးနှင့် ဦးဝင်းမောင် အိပ်ရာသို့ လှမ်းထိုးလိုက်သောအခါ ဦးဝင်းမောင်၏ မှုမှန်မဟုတ်သော ကြောက်စရာ လန့်စရာ မျက်နှာကြီးကို မြင်လိုက်ရသည်။

"အမယ်လေး...ကိုဝင်းမောင်၊ ရှင့်ရင်ဘတ်နဲ့ ပါးစပ်မှာ သွေးတွေ"

ဒေါ်လှမြင့် လိပ်ပြာလွင့်ထွက်မသွားစေရန် ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းရင်း ရင်တထိတ်ထိတ်နှင့် လှမ်းကြည့်နေမိသည်။

"ဘယ်လိုဖြစ်ပြီး ငါ့ကိုကြည့်ပြီး ကြောက်လန့်သွားရတာလဲ၊ ငါ့ရင်ဘတ်နဲ့ ပါးစပ်က သွေးတွေက ငါ့မျက်နှာကို ကြက်သူခိုးတွေက ထိုးကြိတ်ပြေးကြလို့ နှာခေါင်းနဲ့ ပါးစပ်ထိပြီး ကျတဲ့ သွေးတွေပါ။ ညက ခြံထဲကို ကြက်သူခိုးနှစ်ယောက် ဝင်တယ်ကွ၊ ငါဆင်းကြည့်တော့ ငါ့ကို ထိုးကြိတ်သွားတာပဲ။ သူတို့နဲ့ငါ အပြန်အလှန် သတ်ပုတ်ရင်း သူတို့ ထွက်ပြေးသွားကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါလည်း မင်းကိုနှိုးပြီးပြောရင် မင်း အကြောက်လွန်နေမှာ ကို စိုးရိမ်ပြီး ဒီအတိုင်း အိပ်ရာထဲ ဝင်အိပ်နေလိုက်ရတယ်ကွာ"

"ကြက်သူခိုးကလည်း ကြက်ဖခေါင်းတွေချည်းပဲ ဖြတ်ယူသွားသလိုပဲ"

"ဟော..ဟုတ်လား၊ ဒါဆို ငါ့အဘိုးလက်ထက်ကတည်းက ခြံစောင့်အဖြစ် ထန်းပင်ပေါ်မှာ နေရာပေးပြီး မွေးထားတဲ့ သရဲကြီးထိပ်နီ ပြန်သောင်းကျန်းနေပြန်ပြီနဲ့တူတယ်"

"ရှင်က အဲဒီလို ဘာကြောင့် အတတ်ပြောနိုင်ရတာလဲ၊ သရဲကြီးထိပ်နီနဲ့ ရှင် တွေ့ခဲ့ရလို့လား"

"မတွေ့ခဲ့ပါဘူးကွာ၊ အဘိုးလက်ထက် အဖေတို့လက်ထက်တုန်းကတော့ သရဲကြီးထိပ်နီကို သူနေတဲ့ ထန်းပင်ကြီးမှာ တစ်နှစ် တစ်ခါ ကြက်ဖတစ်ကောင် အရှင်လတ်လတ် လည်ပင်းဖြတ်ပြီး အစာကျွေးတဲ့ အစဉ်အလာ ရှိခဲ့တယ်ကွ၊ ခု ငါ့လက်ထက်မှာ သတိရရင် ကျွေးလိုက် မကျွေးလိုက်နဲ့ လေးငါးနှစ်လောက် မေ့နေတယ်ကွ"

"ရှင်တို့တွေကလည်း ရှုပ်ရှုပ်ယှက်ယှက် တစ္ဆေသရဲတွေနဲ့ ပတ်သက်နေတယ်၊ ကျုပ်တောင် ရှင်နဲ့ နေရတာ ကြောက်လာပြီ"

"မကြောက်ပါနဲ့ မိန်းမရယ်၊ တစ္ဆေသရဲဆိုတာ သူ့ကို မွေးပြီး အစာကျွေးထားရင် ကိုယ့်အတွက် အစောင့်အရှောက်ကောင်း ရသေးတယ်၊ ကိုယ့်ဘက်က ဝတ္တရားမကျေရင်သာ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



မြန်ဒုက္ခပေးတဲ့တာမျိုးပါကွာ၊ နောက်တစ်နေ့ကျရင်သာ ကြက်ဖ တစ်ကောင်ဖမ်းပြီး ထိပ်နီကြီးနေတဲ့ ထန်းပင်ကြီးအောက်သွားပြီး ငါ မမေ့မလျော့ ရှိနေတဲ့အကြောင်း သွားပြီးအစာကျွေးလိုက်ပါ့မယ်ကွာ"

"ဟင်း…ဟင်း ကြက်ဖသုံးကောင် ညက ခြံထဲမှာ အဆုံးခံရတဲ့အပြင် နောက်နေ့ တစ်ကောင်ပါ ထပ်ပြီး အဆုံးခံရမယ်ဆိုတော့ ရှင်တို့ခြံစောင့်သရဲကြီးက မလွန်ဘူးလားတော်"

ဦးဝင်းမောင်၏ဇနီး ဒေါ်လှမြင့်က မိန်းမပီပီ နှမြောတွန့်တိုစိတ်နှင့် ညည်းညူလိုက်လေသည်။

ဒါကို ဦးဝင်းမောင်အလောင်းတွင် ပူးကပ်နေပြီဖြစ်သော သရဲကြီးထိပ်နီက ကျေနပ်ပုံမရ။

"ဒီကောင်မကြီးတော့ ထိပ်နီကြီးရဲ့အကြောင်း ကောင်းကောင်းသိအောင် တစ်နေ့တော့ ပြရမယ်"

ဟု မျက်ထောင့်နီကြီးနှင့် ထိပ်နီသရဲဝင်ပူးနေသော ဦးဝင်းမောင်ကကြည့်ပြီး စိတ်ထဲမှ ကြိတ်၍တေးထားလိုက်သည်။

□

**အမဲသားကြိုက်တဲ့ ပုတ်ဖောင်**

အတင့်ရဲပြီး အိမ်ပေါ်အထိရောက်နေပြီဖြစ်သော သရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်နီ ‌တေးထားသည့်အတိုင်း လုပ်သည်။

မလှမြင့် အသက် ၄၅ နှစ်၊ အရွယ်ကောင်းကြီး ရှိသေးသည်။

နောက်သုံးလအကြာမှာ အသက်သေဆုံးသွားလေ၏။

ခြံအနီးဝန်းကျင်မှာနေသော သားတွေ သမီးတွေကို ဒေါ်လှမြင့် အသုဘကို လာရောက်သူ ရွာသူရွာသားတွေက သတင်းမေးကြသောအခါ သူတို့လည်း ဟုတ်ဟုတ်ငြားငြား မပြောနိုင်ကြ။

"ဘယ်လိုပြောရမလဲ မသိဘူး၊ အစားလည်း ကောင်းကောင်းစားနိုင်တာပဲ၊ အစားစားပြီးတော့ လူခန္ဓာကိုယ်က ပိန်ချုံးလာတယ်။ စားသလောက် အသွေးအသား ဖြစ်မလာဘူး၊ အိပ်ရာထဲ အမြဲလှဲနေတာပဲ၊ အဘိုးကြီးကသာ အသွားကြီး စားချင်တာတွေ ဒိုင်ခံချက်ကျွေးခဲ့တာ"

"အဘိုးကြီးတော့ ဝလို့ဖြိုးလို့ပါလား"

"သူကလည်း အသွားကြီး စားချင်တာတွေ ချက်ကျွေးပြီး သူစားချင်တာတွေပါ ချက်စားနေတာပဲ ဝဖြိုးနေမှာပေါ့၊ အသွားကြီးသာ စားသလောက် အသွေးအသားမဖြစ်တာ"

"မဟုတ်မှလွဲရော အသွားကြီးက သွေးသားမဖြစ်တာ သွေးကင်ဆာ ဖြစ်လို့နေမှာပေါ့"

အရပ်ထဲက လူတွေက သူတို့ဗဟုသုတနှင့် သူတို့ တတ်



www.burmeseclassic.com

www.burmeseclassic.com



သလောက် မှတ်သလောက် ရောဂါနာမည်တစ်ရင်း အသုဘပို့ကြသည်။

အသုဘရက်လည်သည့်နေ့တွင် ဝက်တစ်ကောင်လောက်သတ်ပြီး ဆွမ်းကျွေးလျှင် ဖြစ်ပါလျက်နှင့် ဦးဝင်းမောင် ထူးထူးခြားခြား နွားကြီးတစ်ကောင်လုံး အမဲပေါ်ပြီး ရက်လည်ဆွမ်းသွတ်လေသည်။

"ငါ့မိန်းမက အမဲသားကြိုက်လို့ သူ့စိတ်ချမ်းသာအောင်ပေါ့ကွာ"

ထိုသို့ အမဲသားပေါ်ပြီးနောက် ဦးဝင်းမောင်၏အိမ်မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်လာသည်ဟု မသင်္ကာ၍ စောင့်ကြည့်သူတွေက ပြောကြသည်။

"ဒေါ်လှမြင့်ကြီး သေပြီးတဲ့နောက် ဦးဝင်းမောင်ကြီးအိမ်ကို ရက်လည်ဆွမ်းသွတ်ပြီးတာနဲ့ ဘယ်သူမှ မသွားရဲကြတော့ဘူး။ အဲဒီနောက်ပိုင်းမှာ ညညကျရင် ဘယ်လိုလူတွေလည်းမသိဘူး၊ ဝင်လိုက်ထွက်လိုက်နဲ့၊ တချို့လည်း ပုံဆိုးပန်းဆိုးတွေ၊ တချို့လည်း ခြေမပါ ခေါင်းမပါကောင်ကြီးတွေ"

"ဖြစ်နိုင်တာပေါ့၊ ဦးဝင်းမောင်ရဲ့ အဘိုးတွေ အဖေတွေက တစ္ဆေသရဲတွေ မွေးခဲ့တာပဲ၊ ဦးဝင်းမောင်ဟာ အဲဒီတစ္ဆေသရဲတွေနဲ့ အပေါင်းအသင်း ဖြစ်နေပုံရတယ်။ ဒါကြောင့် တစ္ဆေသရဲတွေ ဦးဝင်းမောင်အိမ်ကို ဝင်ထွက်သွားလာနေကြတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းမောင်အိမ်၏ အခြေအနေ ဆိုးရွားမှုကြောင့် ဦးဝင်းမောင်၏ သားတွေ သမီးတွေ မြေးမြစ်တွေပင် အလာအသွားကျဲသွားကြသည်။

❑

**သွေးစုပ်ဖုတ်ကောင်နှင့် မကောင်းဆိုးရွားများ**

သို့သော် ဖအေတစ်ယောက်လုံး ဖြစ်နေပြန်တော့ ဒီအတိုင်းလည်း ပေလျှာလက် ပစ်မထားကြဘဲ အဝေးက စောင့်ကြည့်အကဲခတ်နေခဲ့ကြရသည်။

တစ်ညတွင် ဦးဝင်းမောင်သည် တစ်ယောက်တည်း နွားခြံထဲဆင်းပြီး နွားပျိုသိုးတစ်ကောင်ကို လည်ပင်းဖြတ်တော့သည်။

နွားက နွားပျို၊ နွားသိုး(နပျိုနသိုး) အသန်မာဆုံးအရွယ်ပင် ဖြစ်သော်လည်း သူ့လည်တိုင်နားကပ်ပြီး ငှက်ကြီးတောင်ဓားကြီးနှင့် လည်ပင်းဖြတ်သူကို ဇွေ့ရခတ်ရမှန်း မသိ။ ကန်ကျောက်ရမှန်းမသိ။ တခြားသူတွေက နှိုင်နှိုင်နင်းနင်း ဝိုင်းပြီးချုပ်ပေးခံထားရသလို နေရာမှာတင် လည်ပင်းပြတ်ကြီးနှင့် လဲကျသွားသည်။

ပစ်ကျသွားသလို ရုတ်တရက် ဘိုင်းကနဲ လဲကျသွားသလိုမဟုတ်။ ဘေးက ဖေးကိုင်ပေးထားကြသလို သာသာလေး လဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသော နွားဖါလည်တိုင်မှ ပန်းထွက်နေဆဲရှိသေးသော နွားသွေးများကို ဦးဝင်းမောင်သည် နွားခြံထဲမှာတင် ဆောင့်ကြောင့်ထိုင်ပြီး အငမ်းမရ ငုံ့၍ပါးစပ်နှင့် စိမ်ပြေနပြေ ကုန်းစုပ်လေတော့သည်။

ထိုအခိုက် သူ့တစ်ကိုယ်လုံးပေါ်သို့ လက်နှိပ်ဓာတ်မီးရောင်တွေ ဖြာကျလာသည်။

"အဖေ...အဖေ...အဲဒါ ဘာလုပ်တာလဲ"

"သားအငယ်ကောင် မောင်တင်ရွှေ၏အသံကို ကြားလိုက်ရမှ ရုတ်တရက် ပြန်ထပြီး ဟန်ဆောင်ရသည်။

"မင်းအမေ မလှမြင့်အတွက် လပတ်ဆွမ်းကျွေးချင်လို့ အမဲပေါ်တာပါကွာ၊ မင်းတို့ကို တိုင်ပင်နေရင် ခွင့်မပြုမှာစိုးလို့၊ မင်းတို့အိပ်တုန်း ငါ လာလုပ်တာပါ"

"အဖေမွေးသောတဲ့ နွားတွေပဲ၊ အဖေသတ်တာ ကျွန်တော်တို့က ဘာလို့ခွင့်မပြုရမှာလဲ၊ ပြီးတော့ အမေ့အတွက် လပတ်ဆွမ်းကျွေးမယ့်ကိစ္စပဲဗျာ၊ ဒါပေမဲ့ အဖေ့ဟာက မလွန်ဘူးလား၊ အမေ့အတွက်ဆိုပြီး ရက်လည်တုန်းက တစ်ကောင်၊ အခုလပတ်ဆွမ်းကျွေးမလို့ တစ်ကောင်ဆိုတော့"

"ဟေ့ကောင် ညီလေး တခြားတွေတွေထူးထူးတွေ ပြောမနေနဲ့တော့ကွာ၊ ထန်းပင်ပေါ်က သူ့ထိပ်နီကြီးနောက်တစ်ကောင် ထပ်တောင်းပြန်ပြီနဲ့တူတယ်။ ခုန အဖေ နွားသွေးတွေကို အရှင်



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်စုပ်မလို့ လုပ်နေတာ တွေ့တယ်မဟုတ်လား။ မင်းကို ငါ ချက်ချင်းကြီးမဝင်ဘဲ စောင့်ကြည့်ဖို့ ပြောထားတာကို မင်းက လောသွားတာကိုး။ သူဘာဆက်လုပ်ဦးမလဲဆိုတာကို စောင့်ကြည့်ရဦးမှာ၊ ခုတော့ ဘာဘုန်းကြီး မှာထားတဲ့ဆီကို မရောက်တော့ဘူး"

"ဒါပေမဲ့ အစ်ကိုကြီးရာ ခုလိုမြင်နေရမှ အမေသေရတာတွေ ခြံထဲက နွားတွေ ကြက်တွေ သေရတာတွေဟာ ဘဦးပဥ္စင်းကြီး ပြောသလို အဖေ့ကိစ္စဟာ ရိုးရိုးသားသားမှ မဟုတ်တော့တာပဲ။ ကျွန်တော်တော့ နေရာမှာတင် စီရင်လိုက်ချင်ပြီ"

သားအငယ်ဖြစ်သော မောင်တင်ရွှေက သူ့အဖေ ဦးဝင်းမောင်ကို ဓားဖြင့် ခုတ်သတ်ရန် ပြောပြောဆိုဆိုနှင့် လက်ထဲပါလာသော ငှက်ကြီးတောင်ဓားကို ဝှဲ့လိုက်သည်။

"ညီလေး အဲဒီလို မလုပ်နဲ့၊ ဘာပဲဖြစ်ဖြစ် သူဟာ တို့အဖေပဲ၊ သူ ဘယ်ဘဝရောက်ရောက် ပဥ္စနန္တရိယကံကြီးထိုက်တတ်တယ်လို့ ဘဦးပဥ္စင်းကြီး ဆုံးမထားတယ် မဟုတ်လား။ အဲဒီတော့ ဘဦးပဥ္စင်းကြီး ပြောတဲ့အတိုင်း သူ့ကို တို့စီမံပြီး ဘုန်းကြီးကျောင်း ပို့ကြရအောင်"

ဦးဝင်းမောင်၏ သားတွေဖြစ်သော မောင်တင်မေနှင့် မောင်တင်ရွှေတို့ ညီအစ်ကိုနှစ်ယောက်နှင့်အတူ ပါလာသော ရွာသားအချို့ ဦးဝင်းမောင်ကို ဝင်လုံးပြီး ဖမ်းကြရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ်ဓတာစေတီကောင်း၏ နောက်ဆုံးသွားရာလမ်း**

ဦးဝင်းမောင်ကို ဖမ်းချုပ်ပြီး အဒ္ဓဝွေ့ဘာရွာ ဘုန်းကြီးကျောင်းသို့ ခေါ်လာပြီး အဒ္ဓဝွေ့ဘာရွာဘုန်းကြီးလက်ထဲသို့ အပ်လိုက်ကြသည်။

အဒ္ဓဝွေ့ဘာရွာဘုန်းကြီးမှာ သူနှင့် စာသင်ဘက်ဖြစ်သော ပါဒကြီးရွာဘုန်းကြီးကျောင်းမှာ သီတင်းသုံးနေသော ဦးကေသရကြောင့် ဦးဝင်းမောင်ကို လက်ခံရသော်လည်း အဒ္ဓဝွေ့ဘာရွာမှာ ကြာကြာမထားချင်။

"ဝင်းမောင်ကြီးဟာ ဒီအဒ္ဓဝွေ့ဘာရွာမှာ ငယ်မွေးခြံပေါက်ဖြစ်ပေမယ့် ကျုပ်က သူ့ကို ရွာကျောင်းမှာ ကြာကြာမထားချင်ဘူး။ သူ့အစ်ကိုတော် ဦးပဥ္စင်းကေသရ သီတင်းသုံးနေတဲ့ ပါဒကြီးကျောင်းကိုပဲ သူ့အစ်ကိုတော် ဦးကေသရ စီစဉ်ထားတဲ့အတိုင်း အမြန်သာ ပို့လိုက်ကြပါဗျာ"

"ဒါဆို အဖေ့ကို သင်္ကန်းစည်းပေးပြီးမှ ပါဒကြီးကျောင်းကို ပို့ပေးရမယ်ဆိုတဲ့ကိစ္စကကောဘုရား"

"အဲ အဲဒါကို ကျုပ်တို့ စီစဉ်ထားပါတယ်၊ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က ကိုရင်တစ်ပါး ပျံလွန်တော်မူလို့ သူကျန်ခဲ့တဲ့ သင်္ကန်းရှိတယ်။ ကိုရင်ဆိုတော့ ဦးပဥ္စင်းတွေလို ဝိနည်းသိက္ခာတွေ သိပ်မကြီးလေးတော့ အဲဒီသင်္ကန်းပဲ ဝင်းမောင်ကြီးကိုဝတ်ပေးလိုက်မယ်။ ဝင်းမောင်တစ်ဖြစ်လည်း ကိုရင်ကြီးဝိမလအဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုတော် ဦးကေသရရှိတဲ့ ပါဒကြီးကျောင်းကို ခေါ်သွားကြပေတော့"

အဲဒီမှာ ဖြစ်ချင်တော့ ပါဒကြီးဘုန်းကြီးကျောင်းမှာ ဦးကေသရသည် ထိုနေ့ညက ရှိမနေဘဲ ဂဒပန္ရွာ ဆွမ်းကျွေးသို့ ညအိပ် ကြွသွားရသည်။

ဦးဝိမလအကြောင်း မသိသေးသော ခန်းနေဦးပဉ္စင်း တစ်ပါးက အာဂန္တုကိုရင်ကြီးဖြစ်သော ဦးဝိမလကို ညရေးညတာ စောင့်အိပ်ရန် ဘုန်းကြီးကျောင်းသား သာဂိကို တာဝန်ချပေးသည်။

ဘုန်းကြီးကျောင်းသားနှင့် ကိုရင်ကြီးမို့ သာဂိမှာ ဦးဝိမလ နှိပ်နင်းတာကို လုပ်ရသည်။

ဦးဝိမလက ညအိပ်ရာဝင်ခါနီး သာဂိကို မုန့်ဖိုးပဲဖိုးပေးပြီး နှိပ်ခိုင်းသည်။

သွေးစုပ်ဖုတ်ဝင်နေသော သူများသည် သူတို့ပါးစပ်နှင့် သွေးမသောက်နိုင်၊ မစုပ်နိုင်သောအခါများတွင် သူတို့ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုနှင့် အခြားသူများကိုယ်အင်္ဂါအစိတ်အပိုင်း ထိတွေ့ပါက ထိုအစိတ်အပိုင်းမှတစ်ဆင့် သွေးများကို စုပ်ယူလေ့ ရှိတတ်ကြသည်။

ယင်းသို့ဖြင့် နောက်တစ်နေ့မနက်သို့ ရောက်သောအခါ ဘုန်းကြီးကျောင်းသားလေးသာဂိ သွေးတွေခုတ်ခမ်း အသက် ပျောက်ရသည့်အဖြစ်သို့ ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အား ဂဒပွန္နရွာအလှူမှ ပြန်ကြွလာသော ဦးကေသရ သိသွားပြီး သူ့ညီတော်မောင် ကိုရင်ကြီး ဦးဝိမလကို ကြာကြာဆက်ထား၍ မရတော့မှန်းသိပြီး သူ့ဆုံးဖြတ်ချက်အတိုင်း ထိုနေ့ညမှာပင် အားချင်းစီစဉ်ရတော့သည်။

"ဝိမလ မင်း ငါနဲ့ လိုက်ခဲ့စမ်း"

"ဘယ်ကိုလဲဘုရား၊ တပည့်တော်မှာ သွေးအားမကောင်းတဲ့ရောဂါ ခံစားနေရလို့ ခရီးအဝေးကြီး မလျှောက်နိုင်ဘူးဘုရား"

"စကားမရှည်နဲ့၊ ငါ ဦးပဥ္စင်း၊ မင်းက ကိုရင်ကြီး၊ ပြီးတော့ ငါက ဝိနည်းသိက္ခာနဲ့ ဘုရားသားတော်ပီပီ ကျင့်နေတဲ့ ပုဂ္ဂိုလ်၊ မင်း ငါခိုင်းတာကို လုပ်ရမယ်"

"မှန်...မှန်ပါ့ ဘုရား"

ထစ်ထစ်ငေါ့ငေါ့ပြောပြီး ဦးဝိမလသည် ဦးကေသရ နောက်မှ လိုက်လာခဲ့ရသည်။

ဦးကေသရက ဦးဝိမလကို ပါဒကြီးသချိုင်းသို့ ခေါ်ဆောင်လာခဲ့သည်။

"ကဲ ဝိမလ၊ မင်းရဲ့ အယောင်ဆောင်သင်္ကန်းကို ချွတ်လိုက်စမ်း"

ဦးကေသရက ပြောရင်း ကိုရင်ကြီးအယောင်ဆောင် ဦးဝိမလ၏သင်္ကန်းကို ဆွဲချွတ်လိုက်သည်။

သင်္ကန်းကိုယ်ပေါ်က ကွာသွားသည်နှင့် ဦးဝိမလအသွင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီး ဦးခေါင်းမှာ သွေးသံရဲရဲနှင့် သရဲကြီးထိပ်နီ[illegible] ပေါ်လာသည်။

ထိုမှ သရဲကြီးထိပ်နီသည် အမှုန့်အညက်ဖြစ်သော [illegible] ၍ ပျောက်၍သွားလေတော့သည်။

[illegible]

□□□



www.burmeseclassic.com